# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၃ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၀၇၁)

# လူ့အခွင့်အရေးကို သင်ကြားပေးရန်၊ အသိပညာပေးရန်၊ လေ့ကျင့်ပေးရန် ကြိုးပမ်းအားထုတ်လျက်ရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ်(၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ယနေ့သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ထုတ်ပြန်ကြေညာခဲ့ခြင်း နှစ် (၇၀) ပြည့်မြောက်သည့် အခါသမယဖြစ်ပါသည်။ ထိုကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ထုတ်ပြန်ကြေညာခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ **လူ့အခွင့်အရေးနေ့** ဟု ဂုဏ်ပြုသတ်မှတ်ပြီး အခမ်းအနားများကို ကမ္ဘာနှင့်တစ်ဝန်းနှစ်စဉ်ကျင်းပလေ့ရှိပါသည်။

မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌

*စာမျက်နှာ ၃ ကော်လံ ၁* ◆

### အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ် ကိုဗင့်ဒ်၏ ကိုယ်ရေးအကျဉ်း



အိန္ဒိယနိုင်ငံသမ္မတ ရှရီရမ်နက်သ် ကိုဗင့်ဒ်ကို ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဥတ္တရပရာဒေ့ရှ်ပြည်နယ်၊ ကန်ပူမြို့အနီး ပါရမ်ခ်ကျေးရွာတွင် မွေးဖွားခဲ့သည်။

၎င်းသည် အထက်တန်းပညာကို ကန်ပူမြို့၌ သင်ယူခဲ့ကာ ကန်ပူတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့နှင့် ဥပဒေဘွဲ့များ အသီးသီးရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဒေလီဗဟိုဥပဒေကောင်စီတွင် အလုပ်သင်ရှေ့နေအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၉၇၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဒေလီဗဟိုတရားရုံးချုပ်တွင် လည်းကောင်း၊ ၁၉၈၀ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ နိုင်ငံတော်တရားလွှတ်တော်ချုပ်ရုံး၏ ပြည်ထောင်စုအစိုးရ၏ အမြဲတမ်းကောင်စီတွင် လည်းကောင်း အစိုးရရှေ့နေအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် အိန္ဒိယတရားလွှတ်တော်ချုပ်ရုံး၏ ရှေ့နေဖြစ်လာခဲ့သည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❍

### အိန္ဒိယသမ္မတနိုင်ငံ သမ္မတ၏ဇနီး ရှရီမတီ ဆာဗီးတာကိုဗင့်ဒ်၏ ကိုယ်ရေးအကျဉ်း

ရှရီမတီ ဆာဗီးတာကိုဗင့်ဒ်ကို ၁၉၅၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဥတ္တရပရာဒေ့ရှ်ပြည်နယ်၊ မီရုမြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် နယူးဒေလီမြို့တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီး ပညာသင်ကြားခဲ့သည်။

၎င်းသည် နိုင်ငံတော်တည်ဆောက်မှုတွင် တရားမျှတမှုရှိရေးကို ထက်သန်စွာ ထောက်ခံသူတစ်ဦးဖြစ်ပြီး နွမ်းပါးချို့တဲ့သူများအတွက် လူမှုရေးလုပ်ငန်းနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားသူလည်း ဖြစ်သည်။



ထို့ပြင် ခင်ပွန်းဖြစ်သူ ရှရီရမ်နက်သ်ကိုဗင့်ဒ် ဘီဟာပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်စဉ်ကလည်း

*စာမျက်နှာ ၄ ကော်လံ ၁* ✪

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ (၂၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်



**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၂၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၁) စစ်အခြေခံ လေ့ကျင့်ရေးတပ်(မင်းကုန်း)ရှိ သေနတ်ပစ်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အမှာစကားပြောကြားပြီး ဗိုလ်လုပွဲပစ်ခတ်စဉ်(၃)ခုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့်ဇနီး၊ အရာရှိကြီးများနှင့် ဇနီးများက ၉ မမပစ္စတို (အမျိုးသမီး) ပစ်ခတ်စဉ်ဆု၊ BA 94 (အမျိုးသမီး) ပစ်ခတ်စဉ်ဆု၊ ၉ မမပစ္စတို (အမျိုးသား) ပစ်ခတ်စဉ်ဆု၊ BA 94 (အမျိုးသား) ပစ်ခတ်စဉ်ဆု၊ BA 64 (အမျိုးသား) ပစ်ခတ်စဉ်ဆု၊ BA 63 မောပန်း (အမျိုးသား) ပစ်ခတ်စဉ်ဆု၊ အကောင်းဆုံးသေနတ်သမား (အမျိုးသား/ အမျိုးသမီး)ဆု၊ တတိယဆု၊ ဒုတိယဆုနှင့် အသင်းလိုက် တံခွန်စိုက် (တတိယ၊ ဒုတိယ၊ ပထမ) ဆုများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ၂၀၁၈ ခုနှစ် (၂၄) ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ သတင်းရဲတပ်ဖွဲ့ကို တံခွန်စိုက်ဒိုင်းနှင့် ဆုများ ပေးအပ်သည်။ **(ဝဲပုံ) သတင်းစဉ်**




မြန်မာ့အလင်း

# အနာဂတ်ထောင်စုနှစ်များသို့တိုင်

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ လက်ရှိရာစုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုနှုန်းမြင့်မားသည့် နိုင်ငံကြီး နှစ်နိုင်ငံ၏ကြားတွင် တည်ရှိနေရာ ထူးခြားသည့် အခြေအနေနှင့် အခွင့်အလမ်းများကို ပိုင်ဆိုင်ထားသည်ဟူ၍ ရှုမြင်မှုများရှိသည်။ ယဉ်ကျေးမှုအရ လည်းကောင်း၊ သမိုင်းကြောင်းအရ လည်းကောင်း၊ ရေမြေတစ်ကြောတည်း ဆက်စပ်တည်ရှိမှုအရ လည်းကောင်း အဆိုပါ နိုင်ငံကြီးနှစ်နိုင်ငံအကြား တည်ရှိနေသည့် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားမှာလည်း နိုင်ငံခြားရေးမူဝါဒ ချမှတ်ရာတွင် အရေးပါကြောင်း လေ့လာတွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ချက်ဖြစ်သည်။ အဆိုပါ မူကြီး (၅) ချက်ကို ၁၉၅၄ ခုနှစ်တွင် မြန်မာ-အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များက ချမှတ်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ မူကြီး(၅) ချက်မှာ-

(၁) တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊

(၂) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုရန်၊

(၃) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊

(၄) တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်၊

(၅) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်တို့ ဖြစ်သည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို ချမှတ်ခဲ့သည့် နှစ်ပေါင်း(၆၀) ကျော်လာခဲ့ပြီဖြစ်သော ယနေ့ အချိန်အခါတွင်မူ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၊ အင်အားကြီးနိုင်ငံများ အဆင့်ဆီသို့ တက်လှမ်းခဲ့ကြပြီ ဖြစ်သည်။ ယနေ့ကာလတွင် လူဦးရေ ၁ ဒသမ ၂ ဘီလီယံရှိသော အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးသော ဒီမိုကရေစီနိုင်ငံကြီးဖြစ်လာသည်။ ကိုးကွယ်သည့်ဘာသာ၊ ပြောဆိုသည့်စကားတို့ ကွဲပြားကြပြီး လူမျိုးစုအလိုက် သီးခြားလက္ခဏာများ ရှိကြသူများ စုပေါင်းနေထိုင်ကြသော ဖက်ဒရယ်ပြည်ထောင်စု ပုံစံဖွဲ့စည်းထားသည့် အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံများမှ မိမိတို့ လေ့လာသင်ယူစရာများ ရှိနေသည်။

ထို့အပြင် ၁၉၉၁ ခုနှစ်တွင် ဈေးကွက်အခြေခံစီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီးနောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မြင့်မားမားရရှိကာ ကမ္ဘာပေါ်တွင် သစ်လွင်သော စက်မှုနိုင်ငံတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းလာသော အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ပြီးခဲ့သည့်နှစ်က တစ်ဦးချင်း အသားတင်ထုတ်လုပ်မှုတွင် ကမ္ဘာ့ဆဋ္ဌမမြောက် အမြင့်မားဆုံး ဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံအဖို့ ၎င်း၏ အရှေ့မြောက်ဒေသမှ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ်နိုင်ငံတို့နှင့် ဆက်သွယ်ရေးတို့အတွက် လည်းကောင်း မြန်မာနိုင်ငံသည် အရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းအားဖြင့် နှစ်ဖက်စလုံး အကျိုးစီးပွားဖြစ်ထွန်းလာမည် မလွဲဖြစ်သည်။

မိတ်ဆွေကို ရွေးချယ်နိုင်သော်လည်း အိမ်နီးချင်းကိုမူ ရွေးချယ်နိုင်ခွင့်မရှိ။ ချစ်ခင်ရင်းနှီးသော အိမ်နီးချင်း၊ မိတ်ကောင်း ဆွေကောင်း အိမ်နီးချင်းတို့နှင့်အတူ ယှဉ်တွဲနေထိုင်ရခြင်းကမူ မင်္ဂလာတစ်ပါးပင်ဖြစ်သည်။ နှစ်ပေါင်းရာထောင်ချီခဲ့သည့် သမိုင်းအစဉ်အလာများနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရင်းနှီးမှုသည် အနာဂတ် ထောင်စုနှစ်များဆီသို့တိုင် ခိုင်မြဲပါစေကြောင်း။ ။

## ဆံတော်ရှင် ဆူးလေစေတီတော်၏ ထီးတော်ကို ရွှေသားအစစ်ဖြင့် အသစ်ပြုလုပ်ပူဇော်ရေးအတွက် ရွှေစင်ရွှေသားများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၉**

ဆံတော်ရှင် ဆူးလေစေတီတော်၏ ထီးတော်ကို ရွှေသားအစစ်ဖြင့် အသစ်ပြုလုပ်ပူဇော်ရေးအတွက် ရွှေစင်ရွှေသားပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က အဆိုပါစေတီတော်၌ ကျင်းပသည်။



အခမ်းအနားတွင် အလှူရှင်မိသားစုများကိုယ်စား ဦးမောင်မောင်ဦး (တရားလွှတ်တော်ရှေ့နေ) က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ဦးမောင်မောင်ဦး (တရားလွှတ်တော်ရှေ့နေ)နှင့် ဇနီး ဒေါ်ရီရီမြ မိသားစုနှင့် ဆွေမျိုးများက ထီးတော် သတ္တမဘုံအတွက် ရွှေစင်ရွှေသား ၇၈ သား ၅ ပဲကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်က ကျေးဇူးတင်အနုမောဒနာစကား ပြန်လည်ပြောကြားသည်။

ဆူးလေစေတီတော် ရွှေထီးတော်အသစ်တွင် ပထမဘုံအတွက် ရွှေစင် ၈ ပိဿာ၊ ဒုတိယဘုံအတွက် ရွှေစင် ၄ ပိဿာ ၃၀ ကျပ်သား၊ တတိယဘုံအတွက် ရွှေစင် ၃ ပိဿာ ၁၀ ကျပ်သား၊ စတုတ္ထဘုံ အတွက် ၂ ပိဿာ ၁၀ ကျပ်သား၊ ပဉ္စမဘုံအတွက် ၁ ပိဿာ ၅၀ ကျပ်သား၊ ဆဋ္ဌမဘုံအတွက် ၁ ပိဿာ ၁၀ ကျပ်သားနှင့် သတ္တမဘုံအတွက် ၈၀ ကျပ်သား ကုန်ကျမည်ဖြစ်ပြီး ပထမဘုံအတွက် ရွှေစင် ၈ ပိဿာကို အလှူရှင်များက လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေထီးတော်အသစ်ကို ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ် ယောသိတာရုံတောရကျောင်းတွင်း၌ ဥဒ္ဒိဿစေတီတော်မြတ်ကြီးတည်ထားလျက်ရှိ အလှူရှင်များ အလှူငွေများ ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျောင်းခွဲ ယောသိတာရုံ တောရကျောင်းတိုက်အတွင်း၌ အမြင့် ကိုးတောင်ရှိ ဥဒ္ဒိဿစေတီတော်အား ဒီဇင်ဘာ ၄ ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပကာ စတင်တည်ထားလျက်ရှိကြောင်း သိရသည်။

ယခုတည်ထားလျက်ရှိသည့် စေတီတော်မြတ်ကြီးအား မွန်ပြည်နယ် သထုံမြို့နယ် သပြေတန်းဆရာတော် အလံ ၁၀၀ သာသနာပြုအဖွဲ့မှ ဦးဆောင်၍ မူးယစ်ဆန့်ကျင်ရေးအသင်း(နေပြည်တော်)၏ ဒုတိယဥက္ကဋ္ဌ ဦးသန်းဆင့်နှင့် ပြည်သူ့မဏ္ဍိုင် မူးယစ်ဆန့်ကျင်ရေး၊ လူမှုကူညီရေးပရဟိတအဖွဲ့မှ ဆရာစစ်သည်တော်တို့အဖွဲ့က စေတီတော်ဂေါပကအဖွဲ့နှင့် အနီးကပ်ကြီးကြပ်ကာ ဘုရားတည်ရန်အတွက် အဓိကလိုအပ်သော အုတ်၊ သဲ၊ ဘိလပ်မြေ၊ ထုံး အစရှိသည်တို့အား ယမန်နေ့က တတိယအကြိမ်မြောက် သွားရောက်လှူဒါန်းခဲ့ပြီး နေပြည်တော်၊ မူးယစ်ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဆင့်က ဆရာတော်ဦးယောသိတနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ထံသို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါစေတီတော်မြတ်ကြီးအား ယခု ဒီဇင်ဘာလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် စေတီတော်ဖြစ်မြောက်ရေး ဂေါပကဥက္ကဋ္ဌ ဦးတင်မြင့် ဖုန်း- ၀၉-၄၀၃ ၇၂၀ ၈၂၁၊ ဦးသန်းဆင့် ဖုန်း-၀၉-၂၆၀ ၇၉၄ ၄၄၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ဥတ္တရသီရိမြို့နယ်တွင် တောင်သူများအား လယ်ယာမြေလျော်ကြေးငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ခဲ့စဉ်က လမ်းနယ် ပေ ၄၀၀ အတွင်း ပါဝင်သွားသော မြေယာများအနက် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာနေ တောင်သူများအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီး



ထိန်းသိမ်းပြုပြင်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု စိစစ်ရေးအဖွဲ့တို့ ပူးပေါင်း၍ လယ်ယာမြေများအတွက် နစ်နာကြေး လျော်ကြေးငွေ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော်စတင်တည်ဆောက်စဉ်က နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ လယ်ယာမြေ သိမ်းဆည်းခံရပြီး နစ်နာခဲ့သည့် တောင်သူများအား ထိုက်သင့်သော လျော်ကြေးငွေ ပြန်လည်ပေးအပ်ရန် အချက်တစ်ချက်အနေဖြင့် ပါဝင်သည့်အတွက် ယခုကဲ့သို့ ပေးအပ်ခြင်းဖြစ်ကြောင်း၊ လျော်ကြေးအနေဖြင့် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ လယ်ယာမြေစိစစ်ရေးကော်မတီအဖွဲ့က သက်ဆိုင်ရာဝန်ကြီးဌာနအား တင်ပြပြီး သဘောတူညီချက်အရ ဆောင်ရွက်ခြင်းဖြစ် ကြောင်း၊ ကျန်ရှိနေသော အခြားလယ်ယာမြေများကို ပြန်လည်စိစစ်၍ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဘုရားတောင်ကျေးရွာရှိ လယ်ယာမြေသိမ်းဆည်းခံရသည့် တောင်သူ ၂၅ ဦးအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်များဖြစ်ကြသော ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ ဦးညီထွန်းနှင့် တာဝန်ရှိသူ များက လယ်ယာမြေစုစုပေါင်း ၆၅ ဒသမ ၈၅ ဧကအတွက် လျော်ကြေးငွေ ကျပ် ၅၇၀ ၂၄၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သံဖြူဇရပ် ၆၆ ကေဗွီဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်

**သံဖြူဇရပ် ဒီဇင်ဘာ ၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများလျှပ်စစ်ဓာတ်အားကို အပြည့်အဝ သုံးစွဲနိုင်ရေးအတွက် မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ဒီဇင်ဘာ ၇ ရက်က မော်လမြိုင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ သံဖြူဇရပ် ၆၆/၃၃/၁၁ ကေဗွီ(၂၀)အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ဓာတ်အား စတင်ပို့လွှတ်ခဲ့ပြီး ဒီဇင်ဘာ ၉ ရက် ညနေ ၃ နာရီမှ စတင်ကာ သံဖြူဇရပ်၊ ကျိုက္ခမီအပါအဝင် ကျေးရွာများသို့ ဓာတ်အားစတင်ပို့လွှတ်နိုင်ပြီဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

၆၆ ကေဗွီဓာတ်အား စတင်ပို့လွှတ်နိုင်ရေးအတွက် မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဘို၊ မော်လမြိုင်ခရိုင် အင်ဂျင်နီယာ ဦးမောင်မောင်သန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ပေးပြီး သံဖြူဇရပ်မြို့နယ် အင်ဂျင်နီယာ ဦးတင်အောင်မိုးနှင့် ကျွမ်းကျင်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းဝေးရေး၊ ပြည်သူများ ဓာတ်အားအပြည့်အဝ ရရှိသုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်မြို့နယ်အတွင်း ၆၆ ကေဗွီခွဲရုံလိုင်းမှ ပို့လွှတ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## ဒစ်ဂျစ်တယ်ဘူမိဗေဒဆိုင်ရာ မြေပုံရေးဆွဲခြင်း ၂၀၁၈ သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Geological Survey (CGS) တို့ ပူးပေါင်းဖွင့်လှစ်သည့် "2018 Training Course on Digital Geological Mapping for Myanmar" သင်တန်းဖွင့်ပွဲကို ယမန်နေ့က နေပြည်တော် ရွှေစံအိမ်ဟိုတယ်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ယခုကဲ့သို့ ဒစ်ဂျစ်တယ်ဘူမိဗေဒဆိုင်ရာ မြေပုံရေးဆွဲခြင်း ၂၀၁၈ ခုနှစ်၊ Digital Geological Mapping for Myanmar သင်တန်းကို ဖွင့်လှစ်ခြင်းအတွက် မိမိတို့ ဝန်ကြီးဌာနအတွက်လည်း များစွာ အကျိုးကျေးဇူးရရှိကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှေးယခင် ကာလများစွာကတည်းက ချစ်ခင်ရင်းနှီးစွာ နယ်ပယ်ကဏ္ဍအသီးသီးတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ခဲ့မှုများ များစွာရှိကြောင်း၊ ဘူမိသိပ္ပံဘာသာရပ်အတွက် အထောက်အပံ့ဖြစ်စေသည့် ဒစ်ဂျစ်တယ် ဘူမိဗေဒ မြေပုံရေးဆွဲခြင်းသည် အချိန်တိုတိုနှင့် တိကျမှန်ကန်မှုကိုဖြစ်စေခြင်း၊ ကွင်းဆင်း လုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးချနိုင်ခြင်း၊ ခေတ်မီနည်းပညာများ ပြောင်းလဲ အသုံးပြုခြင်းဖြင့် များစွာ အသုံးဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၄၂ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

လူသားအားလုံးနှင့် သက်ဆိုင်သည့် စံတစ်ရပ်ဖြစ်သော လူ့အခွင့်အရေးကြေညာစာတမ်းကို ချမှတ်ရာတွင် ထောက်ခံမဲပေးခဲ့သည့် အဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံသည် ပထမဆုံးထောက်ခံခဲ့သည့် နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

လူ့အခွင့်အရေးဆိုသည်မှာ တစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်စည်းက စေတနာသဒ္ဓါ ရက်ရောစွာဖြင့်ပေးမှ ရသင့်ရထိုက်သည့် အခွင့်အရေးမဟုတ်ပါ။ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်သည်မှ သေဆုံးပြီးသည်အထိ လူသားတိုင်းက ရရှိထားသော မွေးရာပါအခွင့်အရေးဖြစ်ပါသည်။ လူသားအားလုံးတို့သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများဖြင့် မွေးဖွားလာကြပါသည်။ ထို့ကြောင့် ယင်းအခွင့်အရေးများသည် လူသားအားလုံး ရပိုင်ခွင့်ရှိသည့် ပယ်ဖျက်၍မရသော မွေးရာပါအခွင့်အရေးများ ဖြစ်ပါသည်။ အခြားသူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများကို ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေဘဲ မိမိတို့၏ အခွင့်အရေးများအား ကျင့်သုံးနိုင်သော ရပိုင်ခွင့်လည်း ဖြစ်ပါသည်။

လူသားတို့၏ အခြေခံအကျဆုံး အခွင့်အရေးဖြစ်သော လူ့အခွင့်အရေးများကို လူမျိုးအားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့် ဖြစ်စေ၊ ကျား / မ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးအယူအဆအားဖြင့်ဖြစ်စေ ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ လူသားတိုင်းသည် တန်းတူညီမျှစွာ ခံစားနိုင်ရန် ဖြစ်ပါသည်။

> **“လူသားတို့၏ အခြေခံအကျဆုံး အခွင့်အရေးဖြစ်သော လူ့အခွင့်အရေးများကို လူမျိုးအားဖြင့် ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား / မ သဘာဝ အားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့် ဖြစ်စေ၊ နိုင်ငံရေးအယူအဆအားဖြင့် ဖြစ်စေ ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ လူသားတိုင်းသည် တန်းတူညီမျှစွာ ခံစားနိုင်ရန်ဖြစ်”**

လူ့အခွင့်အရေးတွင် ထူးခြားသည့်လက္ခဏာများ ရှိပါသည်။ ယင်းတို့မှာ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော (Universal) အခွင့်အရေး၊ လွှဲပြောင်း၍မရနိုင်သော (Inalienable) အခွင့်အရေး၊ မခွဲခြားနိုင်သော (Indivisible) အခွင့်အရေး၊ အပြန်အလှန်ဆက်နွှယ်နေသော (Interrelated) အခွင့်အရေး၊ တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုနေသော (Interdependent) အခွင့်အရေးတို့ ဖြစ်ပါသည်။

လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အပြန်အလှန် ချိတ်ဆက်လျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရလျှင် ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေပါသည်။ ဒီမိုကရေစီရေး ချိုးဖောက်ခံရလျှင်လည်း လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို နစ်နာစေပါသည်။ တရားဥပဒေစိုးမိုးရေး မရှိလျှင်လည်း ဒီမိုကရေစီအခွင့်အရေးနှင့် လူ့အခွင့်အရေးဆုံးရှုံးစေပါသည်။ လူ့အခွင့်အရေးကို အလေးမထား မျက်ကွယ်ပြုခြင်းသည် လူသားတို့၏ အကောင်းအဆိုးအကြောင်းအကျိုး ဝေဖန်ပိုင်းခြားနိုင်စွမ်းကို ဖျက်ဆီးခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ လူ့အခွင့်အရေးကို သင်ကြားပေးရန်၊ အသိပညာပေးရန်၊ လေ့ကျင့်ပေးရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းနေပြီ ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရန်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်းများတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေနှင့်အညီ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ပြည်ထောင်စုလွှတ်တော်တွင် (၃၀-၃-၂၀၁၈) ရက်နေ့၌ ကတိသစ္စာပြုသည့်အခါ “××× လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ် ×××” ဟု ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်ကူးမိန့်ခွန်းတွင် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ “လူ့အခွင့်အရေးချိုးဖောက်မှုများကို မြှင့်တင်ကာကွယ်ပေးနိုင်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ CBO တွေ၊ CSO တွေ၊ မီဒီယာ၊ ပြည်သူတွေနဲ့ ပူးပေါင်းပြီး အရှိန်အဟုန်နဲ့ မြှင့်တင်ဖော်ဆောင်မှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးရဲ့ဥပဒေအရ အခြေခံရပိုင်ခွင့်တွေ၊ နိုင်ငံသားများရဲ့မူလအခြေခံအခွင့်အရေးတွေ၊ နိုင်ငံသားများရဲ့လွတ်လပ်မှုနဲ့ လုံခြုံမှုတွေကို စစ်ကြောရေးစခန်း၊ ရဲစခန်းအချုပ်၊ တရားရုံးအချုပ်၊ အကျဉ်းထောင်၊ ရဲဘက်စခန်းစသည့် နေရာဒေသမရွေး လူ့အခွင့်အရေးကော်မရှင်က ကာကွယ်ပေးနိုင်အောင်စွမ်းဆောင်ကြရန် ဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ မွေးရာပါ အခွင့်အရေး တစ်နည်းအားဖြင့် နိုင်ငံသားများရဲ့ မူလအခွင့်အရေးတွေ မဆုံးရှုံး ကြရအောင် လူ့အခွင့်အရေးကော်မရှင်နှင့်လည်း တွေ့ဆုံ ပြောကြားပြီး ဖြစ်ပါတယ်။ လူ့အခွင့်အရေးအတွက် ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းများကိုယ်တိုင်ကလည်း မည်သူ့ အခြေခံအခွင့်အရေး၊ လူသားဂုဏ်သိက္ခာကိုမျှ မထိပါးစေဘဲ ဥပဒေနဲ့အညီ မျှတမှန်ကန်စွာဆောင်ရွက်ဖို့ အလေးထားရပါမယ်။ ”ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

မိမိတို့မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်မှုများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့အသီးသီးတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတွင်းလူ့အခွင့်အရေး အခြေအနေပိုမိုတိုးတက်လာသည်ကို တွေ့မြင်နိုင်ပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ်များကို ကာကွယ်လေးစားလိုက်နာ ကျင့်သုံးကြစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိကဝတ်ပြုပါသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ထုတ်ပြန်ကြေညာခဲ့ခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်ဖြစ်သည့် **“လူ့အခွင့်အရေးရပ်တည်ပေး”**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ၏ လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိကမီဒီယာ အဖွဲ့အစည်းများနှင့် ပြည်သူများသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ပါသည်။ ဤစုပေါင်းအင်အားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တောင်ပေါ်မြေပြန့်မကွဲပြားဘဲ လူ့အခွင့်အရေးများ ပွင့်လန်းလာကြစေရန် ပြင်းပြစွာ ဆန္ဒပြုလျက် သဝဏ်လွှာပေးပို့ပါသည်။ ။

# ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**ထုတ်ပြန်ချက်အမှတ် ( ၁၁ / ၂၀၁၈)**

၁။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၁၀ ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ဤသမိုင်းဝင် နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုဆင်နွှဲအပ်ပါသည်။

၂။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဖြစ်သည်သာမက ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ကြေညာခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နှစ် (၇၀) ပြည့်မြောက်သည့် နေ့ရက်အခါသမယလည်း ဖြစ်ပါသည်။ ဤကဲ့သို့သော နေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၈ ခုနှစ်၊ တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးတို့နှင့်စပ်လျဉ်းသည့် ကြိုးပမ်းဆောင်ရွက်ချက်များကို အများပြည်သူသို့ အစီရင်ခံတင်ပြရန် အသင့်လျော်ဆုံး အချိန်အခါဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် လူ့အခွင့်အရေးများနှင့် ၎င်းအခွင့်အရေးများသည် နေ့စဉ်လူမှုဘဝတွင် မည်သို့သက်ရောက်မှုရှိသည်ကို ပြည်သူများ သိရှိနားလည်စေရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်အတွက် မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာ ၁၂ မျိုးဖြင့် ဘာသာပြန်ဆို ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။ ပြည်သူများ လူ့အခွင့်အရေးအသိပညာနှင့် လူ့အခွင့်အရေးဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ကော်မရှင်သည် ၂၀၁၈ ခုနှစ်အတွင်း၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့နယ်ပေါင်း ၂၃ မြို့နယ်သို့ သွားရောက်၍ လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများကို ကျင်းပခဲ့ပါသည်။

ထို့ပြင် မြို့ပြရှိ ပြည်သူလူထုသာမက ကျေးလက်နေ ပြည်သူလူထုပါ လူ့အခွင့်အရေးအသိပညာ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာတို့သို့ သွားရောက်၍ လူ့အခွင့်အရေးအသိပညာပေး စကားဝိုင်းများကို ကျင်းပခဲ့ပါသည်။ အစိုးရဝန်ထမ်းများ လူ့အခွင့်အရေး အသိပညာရရှိပြီး မိမိတို့လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လူ့အခွင့်အရေးစံများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်သည် ရန်ကုန်မြောက်ပိုင်းခရိုင်၊ တောင်ငူခရိုင်၊ မိတ္ထီလာခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကော့သောင်းခရိုင်နှင့် ပခုက္ကူခရိုင်များရှိ အစိုးရအရာထမ်းများအတွက် ခရိုင်အဆင့် အလုပ်ရုံသင်တန်း၊ မြို့နယ်အဆင့် ကလေးသူငယ်ကော်မတီဝင်များအတွက် သင်တန်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် သင်တန်းစသည်ဖြင့် လူ့အခွင့်အရေး အသိပညာပေး သင်တန်း သုံးမျိုးစီကို အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျင်းပခဲ့ပါသည်။ အလားတူပင် ကော်မရှင်သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများရှိ တပ်မတော်အရာရှိသင်တန်းများနှင့် မန္တလေးမြို့ရှိ ရဲအရာရှိ အတတ်သင်ကျောင်း၊ ရဲအရာရှိများသင်တန်းတို့အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည် / အထက်မြန်မာပြည်) တို့၌ ဖွင့်လှစ်သော အရာရှိသင်တန်းများနှင့် အထက်တန်းကျောင်းအုပ်ကြီးများ၏ ကျောင်းစီမံခန့်ခွဲ အုပ်ချုပ်မှုသင်တန်းတို့တွင် လူ့အခွင့်အရေးဘာသာရပ်များကို ပို့ချခဲ့ပါသည်။

၄။ ကော်မရှင်သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို ကော်မရှင်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ လက်ခံရရှိသော တိုင်တန်းချက်ပေါင်း ၂၈၁၈ စောင်အနက် ၉၆၆ စောင်ကို စိစစ်ဆောင်ရွက်ခဲ့ပြီး တိုင်တန်းချက်အချို့နှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုပေါင်း ၁၁ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ အကျဉ်းထောင် ၂၅ ခု၊ ကျောက်ထုတ်စခန်း ၁၀ ခု၊ စိုက်ပျိုးမွေးမြူရေး အတတ်သင်စခန်း ၁၂ ခု၊ ရဲစခန်းအချုပ်ခန်း ၃၂ ခု၊ တရားရုံးအချုပ်ခန်း ၃၂ ခု၊ ဆေးရုံအချုပ်ခန်း ၁၅ ခု နှင့် ဘိုးဘွားရိပ်သာငါးခုတို့သို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့သည့်အပြင် အများပြည်သူသိရှိနိုင်ရန်အတွက် ထုတ်ပြန်ချက်များလည်း ထုတ်ပြန်ခဲ့ပါသည်။ ကော်မရှင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘူးသီးတောင် မောင်တောဒေသသို့သွားရောက်၍ လူ့အခွင့်အရေးအခြေအနေများကို လေ့လာခြင်း၊ ကချင်ပြည်နယ်၊ ပူတာအို၊ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်းမြို့များရှိ နေရပ်စွန့်ခွာဒုက္ခသည်စခန်းများသို့ သွားရောက်လေ့လာ၍ တွေ့ရှိချက်များကို နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြခဲ့ပါသည်။

၅။ ကော်မရှင်သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်များအနက် မဲဆန္ဒနယ် ၆ ခု သို့ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်၍ သွားရောက်စောင့်ကြည့်လေ့လာပြီး တွေ့ရှိချက်များကို သတင်းထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် အသေးစိတ်တွေ့ရှိချက်နှင့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့သို့ ပေးပို့တင်ပြခဲ့ပါသည်။

၆။ ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ကော်မရှင်သည် တည်ဆဲဥပဒေများနှင့် ဥပဒေကြမ်းများကို လူ့အခွင့်အရေးရှုထောင့်မှ လေ့လာသုံးသပ်၍ အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်း၌ ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မရှင်၏အကြံပြုချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

၇။ ကော်မရှင်သည် ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (South East Asia National Human Rights Institutions Forum - SEANF) နှင့် အာရှ- ပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions - APF) တို့သို့လည်းကောင်း၊ ကုလသမဂ္ဂက ကမကထပြုဖွဲ့စည်းထားသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) သို့လည်းကောင်း ပါဝင်တက်ရောက်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review – UPR) အရ ဒုတိယအကျော့ သုံးသပ်မှုခံယူစဉ်တွင် လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာအစိုးရဌာနများက အချိန်မီဆောင်ရွက်နိုင်ရန်အတွက် အကြံပြုတိုက်တွန်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်နှင့် ပူးပေါင်းကျင်းပခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် ပူးပေါင်း၍ “စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ”ကို ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှရရှိသည့် အကြံပြုချက်များကို နိုင်ငံတော် သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့ပါသည်။

၉။ မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights - ICESCR) ကို အတည်ပြုချုပ်ဆိုပြီး၍ စာချုပ်ဝင်နိုင်ငံဖြစ်ရာ အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာတင်သွင်းရေးနှင့်စပ်လျဉ်း၍ အသိပညာပေးဖိုရမ်တစ်ရပ် ကျင်းပရေးအတွက် International Commission of Jurists (ICJ) နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

၁၀။ ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကော်မရှင်၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် အာရှ- ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (APF) တို့နှင့် ပူးပေါင်းကာ ကော်မရှင်၏ စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်မှုကို ဆောင်ရွက်ခဲ့ပါသည်။

၁၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ပြုပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်**

❍ **ရှေ့ဖုံးမှ**

၎င်းသည် ဒေလီဗဟိုတရားရုံးနှင့် နိုင်ငံတော်တရားရုံးချုပ်တို့တွင် ၁၉၉၃ ခုနှစ်အထိ နှစ်ပေါင်း (၁၆) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏ အထက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပြီး ၂၀၀၆ ခုနှစ်၊ မတ်လ အထိ (၆) နှစ်ကြာသက်တမ်း (၂) ခုဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လွှတ်တော်တွင် တာဝန်ထမ်းဆောင်စဉ်အတွင်း ဇာတ်(သို့မဟုတ်) လူမျိုးစုများ သက်သာချောင်ချိရေးဆိုင်ရာ အစီအစဉ်ရေးဆွဲရေးကော်မတီ၊ ပြည်ထဲရေးဆိုင်ရာကော်မတီ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာကော်မတီ၊ လူမှုရေးတရားမျှတမှု ဆိုင်ရာကော်မတီ၊ ဥပဒေနှင့် တရားရေးဆိုင်ရာ ကော်မတီ စသည့် လွှတ်တော်ကော်မတီအသီးသီးတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ၎င်းသည် အထက်လွှတ်တော်ဆိုင်ရာကော်မတီ၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ရှုရီရမ်နက်သ်ကိုဗင့်ဒ်သည် လက်ခ်နော့မြို့ ဒေါက်တာ ဘီအာအမ်ဘတ်ကာ တက္ကသိုလ်၏ စီမံခန့်ခွဲရေးဘုတ်အဖွဲ့၌လည်း အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်လ်ကတ္တားမြို့ရှိ စီမံခန့်ခွဲမှုဆိုင်ရာ တက္ကသိုလ်တွင် အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် အိန္ဒိယသမ္မတနိုင်ငံ၏ (၁၄) ယောက်မြောက် သမ္မတအဖြစ် တာဝန်မထမ်းဆောင်မီ ဘီဟာပြည်နယ်၏ (၃၆) ယောက်မြောက်ပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ရှေ့နေနှင့် ဝါရင့်နိုင်ငံရေးသမားဖြစ်ပြီး အိန္ဒိယပြည်သူများ၏ ဘဝနှင့် လူ့အဖွဲ့အစည်းအတွင်း ဂုဏ်သိက္ခာရှိမှုနှင့် သာတူညီမျှရှိမှုကို အလေးထားထောက်ခံလျက်ရှိသူတစ်ဦးလည်း ဖြစ်သည်။

၎င်းသည် ရှုရီမတီ ဆာဗီးတာကိုဗင့်ဒ်နှင့် ၁၉၇၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် လက်ထပ်ခဲ့ကာ သားတစ်ဦးနှင့် သမီးတစ်ဦးထွန်းကားခဲ့သည်။ စာဖတ်ခြင်း ဝါသနာထုံပြီး နိုင်ငံရေး၊ လူမှုရေး ပြောင်းလဲမှု၊ ဥပဒေ၊ သမိုင်းနှင့် ဘာသာရေး စာပေများကို အထူးစိတ်ပါဝင်စားသူဖြစ်သည်။

❂ **ရှေ့ဖုံးမှ**

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဇနီးတစ်ဦးအနေဖြင့် အမျိုးသမီးအဖွဲ့အစည်းတစ်ခု ဖြစ်သော မာဟီလာအင်ဒတ်ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၎င်းဦးဆောင်မှုအောက်တွင် ယင်းအဖွဲ့အစည်းသည် အားနည်းသူလူတန်းစားများ အပေါ် အထူးအလေးထား၍ ၎င်းတို့အား စိတ်ဓာတ်မြှင့်တင်အားပေးရေး လှုပ်ရှားမှုများကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

၎င်းသည် အိန္ဒိယလူမျိုးများ၏ ဓလေ့ထုံးစံများကို အလေးထားတတ်သူဖြစ်သည်။ သားသမီးများနှင့် မြေးများအား သူ့ကဲ့သို့ပင် ဓလေ့ထုံးစံများကို တန်ဖိုးထားတတ်အောင် လက်ဆင့်ကမ်းဝေမျှသူဖြစ်သည်။ မိသားစုနှင့်ဓလေ့ထုံးစံတို့သည် အိန္ဒိယနိုင်ငံသားများ၏ဘဝတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပြီး အိန္ဒိယ နိုင်ငံသားများသည် ပြောင်းလဲနေသောခေတ်နှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရင်း ဓလေ့ထုံးစံများကို ထိန်းသိမ်းရမည်ဟု ၎င်းအနေဖြင့် ယုံကြည်ထား သည်။

ဆာဗီးတာကိုဗင့်ဒ်သည် ဟင်ဒီနှင့် ပန်ချာပီဘာသာစကားတို့ကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပြီး အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် အသုံးပြုသော ဒေသိယဘာသာ စကားများနှင့်လည်း ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။

ထို့ပြင် သဘာဝကို ချစ်မြတ်နိုးတန်ဖိုးထားတတ်သူတစ်ဦးဖြစ်ကာ အားလပ် ချိန်များကို သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးခြင်းဖြင့် ကုန်ဆုံးလေ့ရှိသည်။ ၎င်းသည် မတူကွဲပြားသော ဟင်းပွဲများ ချက်ပြုတ်ရခြင်းကိုလည်း နှစ်သက်သဘောကျသည်။ ဘာသာတရားကိုင်းရှိုင်းသူလည်း ဖြစ်သည်။

၎င်းတို့တွင် သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားသည်။

## ပလီဂေါက်ကွင်းအတွက် မြေယာလျော်ကြေးငွေပေးအပ်

**သံတွဲ ဒီဇင်ဘာ ၉**

သံတွဲမြို့နယ် ပလီဂေါက်ကွင်းမြေနေရာတွင် ပါဝင်ခဲ့သော တောင်သူ ၂၂ ဦး၏ မြေများ အတွက် မြေယာလျော်ကြေးငွေများကို ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့် တို့က ဒီဇင်ဘာ ၉ ရက်တွင် ပလီမြို့ အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်တို့က ပလီ ဂေါက်ကွင်းအတွက် မြေယာလျော်ကြေးငွေ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က ပလီဂေါက်ကွင်း မြေနေရာတွင်ပါဝင်သည့် မူလတောင်သူ ၂၂ ဦးကို မြေယာလျော်ကြေးငွေကျပ် ၂၇၆၅ သိန်းပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူဦးထွန်းခင်က လက်ခံသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ကြီးကြပ်၍ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း ဦးဆောင်သည့် မြို့နယ်မြေယာစီမံခန့်ခွဲမှု ကော်မတီက တောင်သူ ၂၂ ဦးပိုင်ဆိုင်သည့် လယ်မြေ ၆၉ ဒသမ ၅၉ ဧကနှင့် မြေလွတ် ၄၅ ဒသမ ၅၃ ဧကတို့အတွက် မြေယာလျော်ကြေးငွေကျပ်သိန်း ၂၇၆၅ သိန်းတိတိကို မူလပိုင်ရှင်များတစ်ဦးချင်းထံသို့ သိမ်းဆည်းခံရစဉ်က ပါဝင်ခဲ့သည့်မြေကေများအတိုင်း စိစစ်၍ ပထမအကြိမ်အဖြစ် ပေးအပ်ခဲ့ကြကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင် ကျော်သန်းက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို သိပ္ပံပွဲခင်း ၂၀၁၈ ခုနှစ် ဖွင့်ပွဲ အခမ်းအနား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အားပေး

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုသိပ္ပံပွဲခင်း ၂၀၁၈ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ရန်ကုန်တက္ကသိုလ် RC ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်ဖွင့်လှစ်သည်။

ရန်ကုန်တက္ကသိုလ်၏ (၉၈) နှစ်မြောက် မွေးနေ့ပွဲကို ကြိုဆိုဂုဏ်ပြုသောရာပြည့်အကြို သိပ္ပံပွဲခင်း ၂၀၁၈ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်မှာ ယခုဆိုလျှင်(၉၈) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ရန်ကုန် တက္ကသိုလ်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပလာသည်မှာယနေ့ဆိုလျှင်(၅) ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ရန်ကုန်တက္ကသိုလ်၏ ရာပြည့်အခမ်းအနားတွင်လည်း သိပ္ပံပွဲခင်းကို ပိုမိုစည်ကားသိုက်မြိုက်စွာဖြင့် အနှစ်သာရပြည့်ပြည့် ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ပညာရေးအနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ခဲ့မှုအပေါ် အထူးပင်ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ရန်ကုန် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး Australian National University မှ Science Circus နှင့်ပတ်သက်သော ပြကွက်များ၊ ရူပဗေဒ နှင့် ဓာတုဗေဒဆိုင်ရာ ပြကွက်တို့ကို Dr. GrahanWalker၊ Mr.FayleJoe နှင့် Ms. Foster Michelle တို့က ပြသရာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဘွဲ့လွန်ကျောင်းသား ကျောင်းသူတို့ပြိုင်ပွဲနှင့် ပြခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။ **(အောက်ဝဲပုံ)**

(၅)ကြိမ်မြောက် ကျင်းပလျက်ရှိသော ရန်ကုန်တက္ကသိုလ်သိပ္ပံပွဲခင်းတွင် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ကြိုကျောင်းသား ကျောင်းသူအဖွဲ့ ၃၀ ပါဝင်ယှဉ်ပြိုင်လျက် ရှိပြီး သုံးရက်တာကျင်းပသော သိပ္ပံပွဲခင်း Project ပြိုင်ပွဲတွင် ဆုရရှိသူများကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။




ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို သိပ္ပံပွဲခင်း ၂၀၁၈ ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသက်လွင်နှင့် ဆရာကြီး၊ ဆရာမကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**

# လွှတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် မြန်မာနိုင်ငံရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည် သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွှတ်လပ်သောစုံစမ်း စစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင် နိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို သည် ယနေ့ ညနေ ၅ နာရီ ၅၅ မိနစ်က လည်း ကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဖြစ်သူ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ် များဆိုင်ရာ ကုလသမဂ္ဂဒုတိယအတွင်း ရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်း ကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားသည် ယနေ့ ညနေ ၄ နာရီခွဲက လည်းကောင်း မြန်မာ နိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိ လာသည်။

လွှတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုး ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြ သည်။ **(အောက်ပုံ)**

**သတင်းစဉ်**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၉**- တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း နှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှခြောက်ပေ ခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့ ည ၉ နာရီခွဲတိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိ အားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၉**

စနစ်ကျသော ရေချိုငါးမွေးမြူရေးနည်းပညာများကို လိုက်နာအသုံးပြုဆောင်ရွက်နိုင်ကြသဖြင့် ရေချိုငါးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးလာရေးနှင့် ပုဂ္ဂလိက ငါးမွေးတောင်သူများ၏ လိုအပ်ချက် အခက်အခဲများ ကူညီဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ငါးမွေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ငါးမွေးတောင်သူများက ငါးမွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် ကြုံတွေ့နေရသော အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဝန်ကြီးဌာနအနေဖြင့် ဈေးကွက်ဝင် ငါးမျိုးများ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလယ်အလတ်အဆင့် ငါးလုပ်ငန်းပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးရန် ငါးလုပ်ငန်းပညာသိပ္ပံကျောင်းကို မကြာမီဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆင့်မြင့်ငါးလုပ်ငန်းပညာရှင်များ သင်ကြားမွေးထုတ်ပေးနိုင်မည့် ငါးလုပ်ငန်းတက္ကသိုလ် ဖွင့်လှစ်ပေးနိုင်ရေးအထိ မျှော်မှန်းဆောင်ရွက်နေကြောင်း၊ ငါးဈေးကွက်တည်ငြိမ်ရေး၊ စားသုံးသူနှင့်ထုတ်လုပ်သူကြား ဈေးကွက်အလွန်အမင်း ကွာဟမှုမဖြစ်ရေးကို သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်ထိန်းကျောင်းရေးနှင့် အဆင့်မြင့်သိုလှောင်မှုစနစ် ထူထောင်လုပ်ကိုင်နိုင်ရန် သမဝါယမအသင်းကြီးများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သုတေသနဌာနမှူးနှင့် တာဝန်ရှိသူများက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် ရေချိုငါးသုတေသနလုပ်ငန်းများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမရပူရမြို့နယ် နတ်ရေကန် ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး ငါးလုပ်ငန်းဦးစီးဌာန စခန်းတာဝန်ခံက ဒေသအတွင်း ငါးမျိုးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နှစ်စဉ် ငါးသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဈေးကွက်ဝင် တန်ဖိုးမြင့်ငါးများ မွေးမြူထုတ်လုပ်နိုင်ရန်၊ စနစ်ကျသောငါးမွေးမြူရေး ပေါ်ထွန်းလာရန် နည်းပညာပေး စံပြငါးမွေးမြူရေးစခန်းများ ဆောင်ရွက်ရန်နှင့် တိုးချဲ့ပညာပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

## ဦးစိုးလင်းဟန်အား ခရိုအေးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန်အား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများအပြင် ခရိုအေးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဘောလခဲမြို့နယ်၌ ဆောင်းနေကြာ စံပြကွက် ကွင်းပြပွဲကျင်းပ

**ဘောလခဲ ဒီဇင်ဘာ ၉**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ် ရေနီပေါက်ကျေးရွာ တောင်သူဦးမီရယ်၏ နေကြာစံပြစိုက်ခင်း လေးဧက၌ ဆောင်းနေကြာစံပြကွက် ကွင်းပြပွဲကို ယမန်နေ့က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးခန့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဆွေဦး၊ ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

အဆိုပါကွင်းပြပွဲတွင် ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးခန့်က ဘောလခဲခရိုင်တွင် မိုးတစ်သီးစိုက်ခြင်းမှ ဆောင်း(နှစ်သီး)စိုက်၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်လာစေမည်ဖြစ်ပြီး လက်တွေ့စိုက်ပျိုးပြသထားမှုကို သိရှိလိုက်နာဆောင်ရွက်ကြရန်၊ မြေဆီသြဇာထက်သန်စေရန် မြေနိမ့်ချယ်ရီနှင့် ပိုက်ဆံလျှော်စိုက်ပျိုး၍ သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုကြရန်၊ ဈေးကွက်ကောင်းသော သီးနှံများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြရန်၊ သီးနှံအစားအစာ ဘေးကင်းလုံခြုံရေးနှင့် သီးနှံများ၏ အရည်အသွေး တိုးတက်မြင့်မားစေရေးတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် JICA ODA Loan ဖြင့် ဆောင်ရွက်သည့် ရန်ကုန် - သီလဝါ လမ်းမကြီး တိုးချဲ့ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-သန်လျင်တံတား အတက်၊ အဆင်း သာကေတဘက်အခြမ်းတွင် လမ်းအထူးအဖွဲ့(၁၄)မှ လမ်းတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရန်ကုန်-သန်လျင်တံတား အမှတ်(၁)ကြံ့ခိုင်မှု၊ သန်လျင်ဘက်အခြမ်းတွင် JICA ODA Loan ဖြင့် သန်လျင် - သီလဝါလမ်းမကြီး တိုးချဲ့ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးကို လမ်းဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး ရှင်းလင်းဆောင်၌ JICA ODA Loan ဖြင့် ရန်ကုန်-သီလဝါ လမ်းမကြီးတိုးချဲ့ဆောင်ရွက်နေမှု၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် BOT စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းအခြေအနေတို့ကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ခရီးလမ်းပန်းချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်ရေးအတွက် ရန်ကုန် - သီလဝါလမ်းမကြီးသည် အဓိကအရေးပါသည့် လမ်းမကြီးဖြစ်ပါကြောင်း၊ ယခုလမ်း တိုးချဲ့လိုက်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုကို တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးနိုင်သည့်အပြင် ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူချောမွေ့မည် ဖြစ်သည့်အတွက် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးကို တွန်းအားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သန်လျင်-သီလဝါလမ်းမကြီး တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ယင်းလမ်းမပေါ်ရှိ ယခင်တံတားဟောင်းနေရာတွင် တံတားသစ် တည်ဆောက်နေမှု၊ သန်လျင် - ကျောက်တန်း လမ်းပြုပြင်ထိန်းသိမ်းထားရှိခဲ့မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ဂျီတီအိုင်ပညာရပ်သည် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော ပညာရပ်တစ်ခုဖြစ်ကြောင်း ဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများက ပြောကြား



**ရန်ကုန် ဒီဇင်ဘာ ၉**

ဂျီတီအိုင်ပညာရပ်သည် အင်ဂျင်နီယာလုပ်ငန်းအတွက် အပေါ်-အောက် ချိတ်ဆက်ပေးသောပညာရပ်တစ်ခုဖြစ်ပြီး တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော ပညာရပ်တစ်ခုဖြစ်ကြောင်း ဂျီတီအိုင်ကျောင်းသား ကျောင်းသူဟောင်းများက ပြောကြားသည်။

"ဂျီတီအိုင်ပညာရေးဟာ တကယ်တော့ အထင်ကရပညာရေးပါ။ ဒီပညာရပ်ဟာ အပေါ်နဲ့အောက်ကို ချိတ်ဆက်ပြီးတော့ တကယ်အလုပ်လုပ်နိုင်တဲ့ ပညာရပ်ဖြစ်နေတယ်။ အောက်က အလုပ်သမားကို ခိုင်းနိုင်သလို အပေါ်က တည်ဆောက်ရေးစီမံခန့်ခွဲမှုကိုလည်း ပေးနိုင်တယ်"ဟု ဒီဇင်ဘာ ၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပသော (၂၃) ကြိမ်မြောက် ဆရာ ဆရာမများအား ပူဇော်ပွဲတွင် အင်းစိန်ဂျီတီအိုင် ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ကိုဆန်းလင်းက ပြောကြားသည်။

လက်ရှိအချိန်တွင် မြန်မာတစ်နိုင်ငံလုံး၌ ဂျီတီအိုင်ကျောင်း ၁၅ ကျောင်းခန့်ရှိကြောင်း သိရပြီး အချို့ကျောင်းများမှာ စက်မှုလက်မှုအထက်တန်းကျောင်းများအဖြစ် လည်းကောင်း၊ တက္ကသိုလ်များအဖြစ်လည်းကောင်း အသွင်ပြောင်းလျက်တွေ့မြင်ရကြောင်း တောင်ငူဂျီတီအိုင်ကျောင်းသူဟောင်းတစ်ဦးဖြစ်သူ မစန္ဒာသောင်းက ပြောသည်။

ကျောင်းသား ကျောင်းသူဟောင်းများ၏ ကြိုးစားမှုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပံ့ပိုးမှုတို့ကြောင့် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၀ ကျော်ရှိသော အင်းစိန်ဂျီတီအိုင်ကျောင်းမှာ နှစ်ပေါင်းများစွာ ပိတ်ထားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် အချို့နေရာများကို ရက် ၂၀ ခန့်ဖြင့် အပြီးပြုပြင်၍ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ယနေ့ကျင်းပသော (၂၃) ကြိမ်မြောက် ဆရာ ဆရာမများအား ပူဇော်ပွဲသို့ မြန်မာတစ်နိုင်ငံလုံးရှိ ဂျီတီအိုင်ကျောင်းများတွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ပြီး ဆရာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းခွဲ ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-အာကာစိုး**

# ဆီးချိုရောဂါနှင့် ယနေ့ကမ္ဘာ

**မေယု - မျိုးအောင် (MANA)**

**ဆီးချိုသွေးချိုရောဂါသည် အသံတိတ်လူသတ်သမားဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါကြောင့် ခြောက်စက္ကန့်တိုင်း၌ လူတစ်ဦးနှုန်း သေဆုံးလျက်ရှိသည်။ ၁၀ စက္ကန့်တိုင်းတွင် ကမ္ဘာပေါ်ရှိလူနှစ်ဦးမှာ ဆီးချိုသွေးချိုရောဂါ စတင်ဖြစ်ပွားနေပြီး စက္ကန့် ၃၀ တိုင်း၌ လူတစ်ဦးမှာ ဆီးချိုသွေးချိုရောဂါကြောင့် မသန်စွမ်းဖြစ်နေကြရသည်။ ၂၀၁၅ ခုနှစ် စာရင်းအရ ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူ ၄၁၅ သန်းရှိပြီး ၂၀၄၀ ပြည့်နှစ်တွင် သန်း ၆၄၀ အထိရှိလာမည်ဟုလည်း ခန့်မှန်းထားသည်။ မြန်မာနိုင်ငံတွင် ၂၀၁၃-၂၀၁၄ သုတေသနစစ်တမ်းအရ အသက် ၂၅ နှစ်နှင့် ၆၅ နှစ်ကြား လူ ၁၀၀ လျှင် ၁၁ ဦးအထိ ဖြစ်ပွားနေပြီး နှစ်စဉ် သေဆုံးသူ ၁၀၀ ၌ သုံးဦးမှာ ဆီးချိုသွေးချိုရောဂါဖြင့် သေဆုံးလျက်ရှိသည်။**

ဆီးချိုသွေးချိုရောဂါသည် မျိုးရိုးလိုက်သော ရောဂါတစ်မျိုးဖြစ်ပြီး ဘိုးဘွားမိဘများတွင် ဆီးချိုသွေးချိုရောဂါရှိပါက သားသမီးများတွင်လည်း ဖြစ်နိုင်ခြေများသည်။ ဆီးချိုသွေးချိုရောဂါသည်တစ်ဦးသည် အချိန်မတိုင်မီစော၍ သေဆုံးနိုင်ပြီး ၁၀ နှစ်မှ ၁၂ နှစ်အထိ သက်တမ်းပိုတိုနိုင်သည်။ အသက်ရှင်နေစဉ်တွင်လည်း ခန္ဓာကိုယ်မှ အင်္ဂါအားလုံး ထိခိုက်ပျက်စီးပြီး လူစဉ်မမီဖြစ်စေနိုင်သည်။ ဆေးကုသမှုစရိတ်အကြီးမားဆုံး ရောဂါတစ်မျိုးဖြစ်ပြီး ရောဂါကုသစရိတ်သာမက ရောဂါရှင်ကို ပြုစုရသည့်အတွက် မိသားစုကိုလည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။ ဆီးချိုသွေးချိုရောဂါသည် မိသားစု တစ်စုချင်းစီကိုလည်း စီးပွားရေးပျက်ပြားစေပြီး ဆင်းရဲတွင်းသို့ တွန်းပို့ပေးနိုင်သော ရောဂါဖြစ်သည်။




ဆီးချိုသွေးချိုရောဂါကပ်ဆိုးကြီးကို အချိန်မီကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတကာ ဆီးချိုသွေးချိုဖက်ဒရေးရှင်း (International Diabetes Federation-IDF) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO ) တို့က ၁၉၉၁ ခုနှစ်၌ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၂ ခုနှစ်မှစတင်ကာ ကမ္ဘာတစ်ဝန်းတွင် အခမ်းအနားများ ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်က တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့သည်။

**ရောဂါအခမဲ့စစ်ဆေး ရှာဖွေကုသ**

အသက် ၄၀ ပြည့်ပြီး ဆီးချိုသွေးချိုဖြစ်နိုင်ခြေရှိသူများအား အခြေခံကျန်းမာရေးဝန်ထမ်းများက မြို့နယ် ၁၉၄ မြို့နယ်တွင် အခမဲ့ စစ်ဆေးရှာဖွေခြင်းနှင့် ကုသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက်တို့ ပူးပေါင်းပြီး မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါများကို ကျေးလက်ဒေသများမှာ ရှာဖွေကုသပေးသည့် လုပ်ငန်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ဦးစီးပြီး ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိ စုစုပေါင်း မြို့နယ် ၁၉၄ ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများကို သင်တန်းပေးပြီးဖြစ်ကာ အသက် ၄၀ ပြည့်ပြီး ဆီးချိုသွေးချို ဖြစ်နိုင်ခြေရှိသူများကို အခြေခံကျန်းမာရေးဝန်ထမ်းများမှ အခမဲ့စစ်ဆေးရှာဖွေဖော်ထုတ်ခြင်း၊ ကုသခြင်း၊ လိုအပ်သလို လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆီးချိုရောဂါဖြစ်ပွားပြီး ကုသပါက မိသားစုများ၏ အခန်းကဏ္ဍသည် များစွာအရေးပါပြီး ဆီးချိုသွေးချိုဝေဒနာရှင်များအား ကူညီထောက်ပံ့ပေးရန် မိသားစုဝင်များအနေဖြင့် ဆီးချိုသွေးချိုရောဂါနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် ဗဟုသုတများ သိရှိရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

“ ယနေ့ကာလမှာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းဟာ ကြောက်ခမန်းလိလိ တိုးတက်များပြားလာနေပါတယ်။ ဒါ့အပြင် ကပ်ရောဂါကဲ့သို့ တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့ဖြစ်ပွားနေပါတယ်။ မိသားစုဝင်တွေအနေနဲ့ ကလေးငယ်တွေကို ငယ်စဉ်ကတည်းက ကျန်းမာရေးနဲ့ညီညွတ်စေဖို့ နေထိုင်၊ စားသောက်တတ်အောင် သင်ကြားပေးခြင်း၊ မိသားစုအတွင်း စားသောက်နေတဲ့ ထမင်းဝိုင်းတွေကို ကျန်းမာရေးနဲ့ညီညွတ်အောင် ပြင်ဆင်စားသောက်ခြင်း၊ အန္တရာယ်ဖြစ်စေတဲ့ တိရစ္ဆာန်မှရသော အဆီနဲ့ မကြာခဏ ပြန်ကြော်ထားတဲ့ဆီတွေကို လျှော့စားဖို့ လိုပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းသည် ၁၀ ဒသမ ၅ ရာခိုင်နှုန်း (၁၀ ဦးတွင် တစ်ဦးနှုန်း) ဖြစ်ပွားနေကြောင်း၊ သွေးတိုးရောဂါဖြစ်ပွားနှုန်းသည် ၂၆ ဒသမ ၄ ရာခိုင်နှုန်း (လေးဦးတွင် တစ်ဦးနှုန်း) ဖြစ်ပွားနေကြောင်း၊ ဆီးချိုသွေးချိုရောဂါဖြစ်ပွားရန် တာစူနေသည့် သူများသည် ၁၉ ဒသမ ၅ ရာခိုင်နှုန်း (ငါးဦးတွင် တစ်ဦးနှုန်း) ဆီးချိုရောဂါဖြစ်နိုင်သည့် အလားအလာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဆီးချိုသွေးချိုအဖွဲ့ချုပ်တို့မှ ၂၀၁၄ ခုနှစ်တွင် ပြုလုပ်သည့် STEP Survey အရ သိရသည်။

**သံသယဖြစ်ဖွယ် ရောဂါလက္ခဏာ**

သွေးချိုဆီးချိုသံသယဖြစ်ဖွယ် လက္ခဏာများက မကြာခဏ ရေဆာ၊ ရေငတ်ခြင်း၊ မကြာခဏဆာလောင်ခြင်း (အထူးသဖြင့် အစာစားပြီးနောက်ပိုင်း) ခံတွင်းခြောက်ခြင်း၊ ဆီးခဏခဏသွားခြင်း (သို့မဟုတ်) ဆီးပိုးဝင်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း (အားနည်းပင်ပန်းသလို ခံစားရခြင်း)၊ အမြင်အာရုံဝေဝါးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကတုန်ကယင်ဖြစ်၍ ဆာလောင်ခြင်း၊ ခြေထောက်ထုံကျဉ်ခြင်းနှင့် ထိခိုက်ပွန်းပဲ့ရာတွင် အနာကျက်နှေးခြင်းတို့သည် ဆီးချိုသွေးချိုရောဂါ၏ လက္ခဏာများ ဖြစ်သည်ဟုဆိုပေရာ သံသယဖြစ်ဖွယ်ရှိသည်နှင့် အချိန်မီ စစ်ဆေးကုသရန် လိုမည်ဖြစ်သည်။

အိမ်တိုင်း၏ လက်စွဲဖြစ်သည့် အချိုမှုန့်သုံးစွဲမှုနှင့် အချို၊ အအီအဆိမ့်များသည့် အစားအသောက်များ၊ သရေစာများ စားသုံးမှုတို့ကိုလည်း သတိပြုဆင်ခြင်သင့်ပြီး ယင်းရောဂါ ဖြစ်ပွားပါက ပျောက်ကင်းမှုမရှိဘဲ တစ်သက်တာလုံး သတိပြု နေထိုင်ရမည်ဖြစ်၍ မိမိတို့၏ စားသောက်နေထိုင်မှုပုံစံကိုသာ စိစစ်ပြုပြင်ကြရုံမှတစ်ပါး အခြားမရှိဟု ပြောရမည်ဖြစ်သည်။

ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲအန္တရာယ်ကြီးမားမှုကို အကဲခတ်နိုင်မည်ဖြစ်သည်။ အထူးသဖြင့်မူ အသက်အရွယ်မရွေး ဖြစ်ပွားတတ်သည့် ရောဂါမျိုးဖြစ်သဖြင့် ကျန်းမာရေးနှင့် သင့်လျော်သည့် စားသောက်နေထိုင်မှုမျိုးဖြစ်ရန် သတိပြုဆင်ခြင်ရန် ဖြစ်သည်။ အဓိကအားဖြင့် မျိုးရိုးမိသားစုများထဲ၌ ရောဂါရှိနေခြင်း၊ အဝလွန်ခြင်းနှင့် ကိုယ်ကာယလှုပ်ရှားမှုနည်းပါးသည့် လူနေမှုဘဝတွင် နေထိုင်သူတို့မှာ ဖြစ်ပွားရန် ပိုမိုနီးစပ်သည်ဟုလည်း သတိပြုရမည် ဖြစ်သည်။

ကျွမ်းကျင်ပညာရှင်တို့အနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် နယ်ပယ်ကဏ္ဍတိုင်း၌ သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း စသည့်လုပ်ငန်းများကို တတ်အားသရွေ့ လုပ်ဆောင်ကြကာ သိသင့်သိထိုက်သည်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို မပြတ်ထုတ်ပြန် သတိပေးနိုင်ပါက အများပြည်သူတို့သည်လည်း မှန်ကန်စွာ လိုက်နာကျင့်သုံးခြင်းဖြင့် ကြိုတင်ကာကွယ်မှု ပြုနိုင်မည်ဖြစ်ပါသည်။

ဆီးချိုသွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ်ချို့ယွင်း၍ သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချိုသွေးချိုရောဂါသည် လူတိုင်းတွင် ဖြစ်နိုင်ပါသည်။

**ဆီးချိုသွေးချိုရောဂါ ကြိုတင်ကာကွယ်ပါ**

(၁) အစားလျှော့စားပါ၊ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ပါ။
(၂) ရေများများသောက်ပါ။ ရေဆာလျှင် ရေကိုသာ သောက်ပါ။
(၃) အဝမလွန်အောင် ထိန်းသိမ်းပါ။
(၄) လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့် နေထိုင်ပါ။
(၅) နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။
(၆) အမျှင်ဓာတ်များသော အစားအစာ များများစားပါ။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများနှင့် စုံအောင်စားပါ။
(၇) တိရစ္ဆာန်မှရသော အဆီများ (ဥပမာ- ကြက်အရေပြား၊ ဝက်အရေပြား၊ ကလီစာ၊ ဝက်ဆီ၊ ဘဲဆီ) တို့ကို ရှောင်ကြဉ်ပါ။ ငါးမှရသော အဆီများ စားသုံးနိုင်ပါသည်။
(၈) စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှ လျှော့အောင် ကြိုးစားနေထိုင်ပါ။

ဆီးချိုသွေးချိုရောဂါဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်စစ်ဆေးကာ ကုသမှုခံယူနိုင်ပါသည်။

တစ်နေ့လျှင် မိနစ် ၃၀ ခန့် ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းကို ၄၀ ရာခိုင်နှုန်း လျှော့နည်းစေနိုင်ပါသည်။

ဆီးချိုသွေးချိုရောဂါတွင် အမျိုးအစားနှစ်မျိုးရှိပြီး အမျိုးအစား (၁) သည် ရက်သတ္တပတ်အတွင်း ရောဂါလက္ခဏာကို လျင်မြန်စွာသိနိုင်၍ အမျိုးအစား (၂) မှာမူ တဖြည်းဖြည်းမှ ရောဂါလက္ခဏာပေါ်တတ်ပြီး နှစ်များစွာကြာမှ သိနိုင်သည်။ ဆီးချိုသွေးချိုရောဂါ အမျိုးအစား (၂) သည် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ရာခိုင်နှုန်း ၉၀ မှ ၉၅ အထိရှိသော်လည်း ယင်းတို့အနက်မှ ရာခိုင်နှုန်း ၇၀ သည် ကာကွယ်နိုင်သောရောဂါဖြစ်၍ ကမ္ဘာပေါ်ရှိ လူသားများကို အန္တရာယ်ပေးလျက်ရှိသည့် ဆီးချိုသွေးချိုရောဂါကို လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါတိုးမလာစေရန် အချိန်မီ ကုသထိန်းသိမ်းခြင်းတို့ ပြုလုပ်ကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆီးချိုသွေးချိုရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**“အိမ်တိုင်း၏ လက်စွဲဖြစ်သည့် အချိုမှုန့်သုံးစွဲမှုနှင့် အချို၊ အအီအဆိမ့်များသည့် အစားအသောက်များ၊ သရေစာများ စားသုံးမှုတို့ကိုလည်း သတိပြုဆင်ခြင်သင့်ပြီး ယင်းရောဂါ ဖြစ်ပွားပါက ပျောက်ကင်းမှုမရှိဘဲ တစ်သက်တာလုံး သတိပြု နေထိုင်ရမည်ဖြစ်၍ မိမိတို့၏ စားသောက်နေထိုင်မှုပုံစံကိုသာ စိစစ်ပြုပြင်ကြရုံမှတစ်ပါး အခြားမရှိဟု ပြောရမည်ဖြစ်”**

# ထိန်းချုပ်မှုမရှိသော စတော်ဘယ်ရီဈေးကွက်ကြောင့် ပြင်ဦးလွင်ရှိ စတော်ဘယ်ရီစိုက်တောင်သူတို့ စိုးရိမ်ပူပန်နေ

**ပြင်ဦးလွင် ဒီဇင်ဘာ ၉**

ပြင်ဦးလွင်မြို့၏ အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် စတော်ဘယ်ရီသီးများ မကြာမီကာလ၌ ပေါ်ထွက်လာတော့မည်ဖြစ်ရာ စတော်ဘယ်ရီဈေးကွက်ကို ထိန်းချုပ်ထားခြင်းမရှိသောကြောင့် စတော်ဘယ်ရီစိုက်တောင်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်နေရကြောင်း သိရသည်။

“ပြင်ဦးလွင် ပေါ်ဦးပေါ်ဖျား စတော်ဘယ်ရီသီးတစ်ခြင်းကို ငွေကျပ် ၂၀၀၀၊ ငွေကျပ် ၃၀၀၀ အထိ ရောင်းချနေရပေမယ့် အသီးတွေ လှိုင်လှိုင်ထွက်ရှိလာတာနဲ့အမျှ ဈေးတွေက တစ်ရှိန်ထိုး ကျဆင်းသွားတော့တယ်။ ဒီလိုဈေးကျဆင်းတဲ့အခါမှာ တစ်ခြင်း ငွေကျပ် ၃၀၀၊ နှစ်ခြင်း ငွေကျပ် ၅၀၀ အထိ ဖြစ်သွားတော့ စတော်ဘယ်ရီစိုက်တောင်သူတွေအနေနဲ့ ခူးဆွတ်ခ လုပ်အားခစရိတ်တောင် ပြန်မရကြတော့လို့ အရှုံးပေါ်မှုတွေ ဖြစ်နေရတယ်။ ဒါကြောင့် စတော်ဘယ်ရီကို ဈေးကွက်တစ်ခုအနေနဲ့ ထိန်းချုပ်ထားပြီး စတော်ဘယ်ရီစိုက် တောင်သူတွေ ပိုပြီးအဆင်ပြေစေချင်ပါတယ်” ဟု ပွေးတောင်ရွာမှ စတော်ဘယ်ရီစိုက် တောင်သူတစ်ဦးက ပြောသည်။

ပြင်ဦးလွင်ဒေသ၌ စတော်ဘယ်ရီကို ပွေးတောင်၊ ဒိုးကွင်၊ အနီးစခန်းပတ်ဝန်းကျင်ရွာများ၌ အများအပြား စိုက်ပျိုးကြပြီး ကျန်ရှိကျေးရွာများ၌လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ စတော်ဘယ်ရီသီးများကို ဒေသထွက်ကုန်အဖြစ် မန္တလေး-လားရှိုး လမ်းတစ်လျှောက်၌ ဈေးဆိုင်တန်းများ ခင်းကျင်း၍ လည်းကောင်း၊ ပွဲရုံနှင့် ယိုစုံလုပ်ငန်းရှင်များသို့ လည်းကောင်း ရောင်းချကြပြီး ဒေသသီး (အချဉ်) နှင့် ဂျပန်သီး (အလုံးကြီး အချို) တို့ကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။



စတော်ဘယ်ရီသီးများသည် ဒီဇင်ဘာလအကုန် ဇန်နဝါရီလမှစတင်၍ ပေါ်ဦးပေါ်ဖျားအဖြစ် စတင်ထွက်ရှိလျက်ရှိပြီး ဖေဖော်ဝါရီလကုန် မတ်လအထိ လှိုင်လှိုင်ထွက်ရှိလေ့ရှိနေသကဲ့သို့ တစ်မြို့လုံး ပေါများစွာထွက်ရှိချိန်၌ ဈေးကွက်မှာ တစ်ရှိန်ထိုး ကျဆင်းသွားပြီး စိုက်ပျိုးတောင်သူတို့ နှစ်စဉ်အရှုံးပေါ်လေ့ရှိတတ်ကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်တည်ထောင်ခြင်း နှစ် ၂၀ ပြည့် (ကြေးရတု) အထိမ်းအမှတ် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်လှစ်တည်ထောင်ခြင်း နှစ် ၂၀ ပြည့် (ကြေးရတု) အထိမ်းအမှတ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘာဝနာမဟာသဘာ တရားထိုင်ခန်းမ၌ ကျင်းပသည်။

**ငါးပါးသီလခံယူဆောက်တည်**

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသထံမှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ **(ယာပုံ)**

**ပရိတ်တရားတော်များ နာယူ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူတော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်တည်ထောင်ခြင်း နှစ် ၂၀ ပြည့်(ကြေးရတု) အထိမ်းအမှတ် ဝန်ထမ်းမိသားစုများ ပျော်ပွဲရွှင်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ဆုရရှိကြသည့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဆုများပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**

# စွန့်လွှတ်မြေဧက ၁၀၀၀ ကျော်အား တောင်သူများသို့ ပေးအပ်ပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**ဖျာပုံ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကြက်ဖမွှေးဇောင်းကျေးရွာအုပ်စုအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန (ကော်ဖီရာသီ သီးနှံဌာနခွဲ)မှ ပြန်လည်စွန့်လွှတ်သော လယ်မြေများအား တောင်သူများလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ပေးအပ်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက စွန့်လွှတ်လယ်ယာမြေများကို တောင်သူများလက်ဝယ် ပြန်လည်ပေးအပ်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ထားခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်**(ဝဲပုံ)**၊ တိုင်းဒေသ ကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်တို့က တောင်သူများထံသို့ လယ်ယာမြေယာယီလုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်ခဲ့သည်။

ယခု (ပုံစံ-၃) ယာယီလုပ်ပိုင်ခွင့်ပေးအပ်သည့် လယ်မြေများသည် ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကြက်ဖမွှေဇောင်းကျေးရွာနှင့် ကျုံကဒွန်းစိုက်ကွင်းတို့မှ စွန့်လွှတ်လယ်မြေဧက ၁၃၂၆ ဧကအနက် ၁၂၆၆ ဧကကို တောင်သူ ၄၂၂ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသော စွန့်လွှတ်မြေဧက ၆၀ ကိုလည်း စိစစ်၍ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန့်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ယနေ့ခေတ်သတင်းသမားများ တိုင်းပြည်ချစ်၊ နိုင်ငံချစ်စိတ် ရှိဖို့လိုကြောင်း သက်ကြီးသတင်းစာပညာရှင် ဟံသာဝတီ ဦးအုန်းကြိုင် ပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၉**

ယနေ့ခေတ် ပြည်တွင်းသတင်းထောက်များ၊ သတင်းသမားများအနေဖြင့် တိုင်းပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိဖို့လိုကြောင်း သက်ကြီးသတင်းစာပညာရှင် ဟံသာဝတီ ဦးအုန်းကြိုင်က ပြောကြားခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသော ပဌမအကြိမ်မြောက် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် သက်ကြီးသတင်းစာပညာရှင် ဟံသာဝတီ ဦးအုန်းကြိုင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

“ယနေ့ခေတ် သတင်းထောက်လူငယ်တွေကို ပြောချင်တဲ့ အရေးကြီးဆုံးစကားက သတင်းကို တာဝန်ထမ်းတာ ထမ်းတာပဲ ကိုယ့်ကိုယ်ကိုယ်ချစ်ဖို့ထက် နိုင်ငံကိုချစ်ဖို့ လိုတယ်လို့ ပြောချင်ပါတယ်။ တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိတဲ့ သတင်းစာဆရာတွေ ဖြစ်စေချင်တယ်။ သတင်းသမားဆိုတာ တွေ့ကြုံရတဲ့ အဖုအထစ်၊ အတက်အဆင်း၊ အနိမ့်အမြင့်တွေနဲ့ ရင်ဆိုင်ရပါတယ်။ မဖြောင့်ဖြူးပါဘူး။ ကျွန်တော်ဆိုရင် ၁၉၄၅ ခုနှစ်ကစပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးတိုက်ပွဲနဲ့အတူ စီးမျောပါဝင်ခဲ့ရတယ်။ အဲဒီကာလကနေ ယနေ့အထိ ကြုံခဲ့သမျှပြောရရင် ယနေ့ သတင်းမီဒီယာလောကမှာ ဒီလောက်အဖုအထစ်များတဲ့၊ အဖွအနှောက်များတဲ့ ကာလမျိုး မကြုံခဲ့ဖူးဘူး။ ဒီခေတ်မှာ အင်မတန်ကြုံပါတယ်။ ဒီကနေ့ တက်ရောက်လာတဲ့ သက်ကြီးပညာရှင်များဟာ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် မျိုးချစ်စိတ်ဓာတ်နဲ့ ဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။ လွတ်လပ်ရေး တိုက်ပွဲကာလတစ်လျှောက်မှာ ပြင်းပြင်းထန်ထန် ကြုံတွေ့ခဲ့ကြရတယ်။ ဒါပေမယ့် တိုင်းပြည်အကျိုးကို ဒီကနေ့အထိ မီဒီယာကျင့်ဝတ်နဲ့အညီ စောင့်ထိန်းလိုက်နာပြီး ဆောင်ရွက်တဲ့နေရာမှာ ဘာအဖုအထစ်၊ ဘာအနှောင့်အယှက်၊ ဘာအဟန့်အတားမှ မကြုံခဲ့ပါဘူး။ ပြီးခဲ့တဲ့ နှစ်အနည်းငယ်ကာလတွေမှာလည်း ဒီလောက်အနှောင့်အယှက်မကြုံခဲ့ရပါဘူး။ ဒီခေတ်ဒီကာလမှာ နိုင်ငံတကာ ဖိအားတွေရော၊ ပြည်တွင်းအနှောင့်အယှက်တွေပါ ကျွန်တော်တို့ ရင်ဆိုင်ရပါတယ်။ ဘယ်လောက်အထိ သတင်းသမားတွေ ဖြစ်ကြရသလဲဆိုရင် နိုင်ငံချစ်စိတ်၊ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ဟာ ကျွန်တော်တို့ လိုက်နာရမယ့် ကျင့်ဝတ် မဟုတ်ဘူးဆိုတာအထိ ပြောဆိုနေကြပါတယ်။ ဒါဟာ တိုင်းပြည်အတွက် တော်တော်လေး ဝမ်းနည်းစရာ၊ ရင်နာစရာ ကောင်းပါတယ်”ဟု ပြောသည်။



ပဌမမြောက် သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့စဉ်။

ဆက်လက်ပြီး ပြည်တွင်းမီဒီယာသတင်းသမားများ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် ၁၂၄၇ ခုနှစ်ကာလတွင် ကင်းဝန်မင်းကြီးအုပ်စုကတစ်မျိုး၊ တခြားအုပ်စုတွေက တစ်ဖုံ စသည်ဖြင့် အုပ်စုလိုက်ကွဲပြီး နိုင်ငံခြားအထောက်အပံ့တွေနဲ့ သွေးကွဲကြတဲ့အချိန်တွင် ပြည်ပကနယ်ချဲ့အနေဖြင့် မြန်မာဘုရင်အား ကြက်ကလေး၊ ငှက်ကလေး ဖမ်းသလို အလွယ်တကူဖမ်းသွားတာခံခဲ့ရကြောင်း၊ ဒီကနေ့ကာလမှာ သတင်းသမားတွေညီညွတ်ကြဖို့၊ စည်းလုံးကြဖို့လိုကြောင်းနှင့် တိုင်းပြည်တာဝန်ကို အသက်နဲ့လဲ ကာကွယ်ကြဖို့လိုကြောင်း၊ အလားတူ နိုင်ငံရေးပါတီအမျိုးမျိုးရှိရာတွင်လည်း ဘယ်လိုပဲ အယူဝါဒတွေ ကွဲလွဲကွဲလွဲ တိုင်းပြည်အရေးနှင့် ပတ်သက်လျှင် တစ်သွေးတည်း၊ တစ်သားတည်း လက်တွဲဆောင်ရွက်ဖို့လိုကြောင်း၊ သတင်းစာသမားအားလုံးလည်း လက်တွဲပြီး စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြရန်လိုကြောင်း ဟံသာဝတီ ဦးအုန်းကြိုင်က ပြောကြားသည်။

ယင်းနေ့က ကျင်းပသော မြန်မာနိုင်ငံ သတင်းစာရာအသင်း၏ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ပဌမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး သက်ကြီးပညာရှင် ၁၃၀ ကျော်ကို ယခုနှစ်တွင် ကန်တော့နိုင်ခဲ့သည်။ သက်ကြီးပညာရှင်တစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ ဆေးဝါးများနှင့် တခြားအသုံးအဆောင်ပစ္စည်းများ ထည့်သွင်းကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ” ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အမှာစကား ပြောကြားပြီး ဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသူ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)နှင့် ပို့စကတ်ပြိုင်ပွဲ ပထမဆုရရှိသူ ခင်မောင်လွင်တို့အား ဆုပေးအပ် ချီးမြှင့်သည်။

**ဆုများ ပေးအပ်**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရရှိသူ ကိုထွန်းနိုင်ဦးနှင့် ပို့စကတ်ပြိုင်ပွဲ ဒုတိယဆုရရှိသူ ဦးဖြိုးမောင်မောင်တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ဓာတ်ပုံပြိုင်ပွဲ တတိယဆုရရှိသူ ဇော်မောင်မောင်ဦး (စန္ဒကူး) နှင့် ပို့စကတ်ပြိုင်ပွဲ တတိယဆုရရှိသူ အောင်ကျော်ထွန်း(ပုသိမ်ကြီး)တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် ဓာတ်ပုံဆုရွေးချယ်ပွဲ အကဲဖြတ်အဖွဲ့ဝင် ဦးမြင့်သိန်းဖေတို့က ဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ အထူးဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ဓာတ်ပုံပြိုင်ပွဲဆုများ ရွေးချယ်ဆောင်ရွက်မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံးဗဟို အဖွဲ့ဝင် ဦးကြည်ဝင်းက ပို့စကတ်ပြိုင်ပွဲဆုများ ရွေးချယ်ဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသူ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဆုရရှိကြသူများ၊ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်**

ယခုနှစ် ကျင်းပသည့် တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၂၈၀ က ဓာတ်ပုံပေါင်း ၁၁၆၆ ပုံ၊ ပို့စကတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၇ ဦးက ပို့စကတ်ပေါင်း ၉၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတစ်ခုချင်းစီမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုငါးဆု၊ ပေါင်းရှစ်ဆုနှင့် ပြိုင်ပွဲနှစ်ခုအတွက် စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများနှင့် ပို့စကတ်များအနက်မှ သင့်လျော်သည့်ပုံများကို ရွေးချယ်၍ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာနှင့် ပို့စကတ်ထုတ်ဝေမှုအဖြစ် လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများနှင့် Community Center များတွင် ဓာတ်ပုံပြပွဲ ပြသမှုဖြင့် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသူ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

ယနေ့ကျင်းပသည့်အခမ်းအနားသို့ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များ၊ မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံးဗဟိုမှ ပညာရှင်များ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ အကဲဖြတ်အဖွဲ့ဝင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ်မြောက် ပြင်ဦးလွင်(မေမြို့) ပန်းချီဆရာ(၁၆)ဦး၏ ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

ဒုတိယအကြိမ်မြောက် ပြင်ဦးလွင်ပန်းချီဆရာ ၁၆ ဦး၏ (Art of Highland Maymyo 2nd Group Show) ပန်းချီပြပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပန်းချီဆရာကြီး ဦးခင်မောင်သန်း၊ ဆရာကြီး ဦးဇော်ဝင်း(သစ်ထွင်း)၊ ဆရာကြီး ဦးမာလာ၊ ဆရာဦးချစ်သောင် (ပြင်ဦးလွင်)နှင့် ဦးဇော်ထွန်း(ပြင်ဦးလွင်)တို့က ပန်းချီပြပွဲနှင့်ပတ်သက်၍ မှဒိတာစကား ပြောကြားသည်။

အဆိုပါ ပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၆ ဦး၏ ပန်းချီကားပေါင်း ၁၅၈ ကား ပြသထားပြီး ရေဆေး၊ ဆီဆေး၊ အခရိုက်လစ် ပန်းချီကားများ ပါဝင်သည်။

ပန်းချီကားများ၏ တန်ဖိုးမှာ အများဆုံးငွေကျပ်သိန်း ၂၀ မှ အနည်းဆုံးငွေကျပ် ၁၅၀၀၀၀ ထိ တန်ဖိုးရှိပြီး ပန်းချီကားအရွယ်အစားမှာ နှစ်ပေ-တစ်ပေ ခွဲမှ လေးပေ-သုံးပေထိကားများ ပါဝင်သည်။

အဆိုပါပြပွဲကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်ထိ ငါးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# သီတဂူရွှေပြည်ဟိန်း စက္ခုဒါနအလှူတော်အဖြစ် မျက်စိဝေဒနာရှင်များ အခမဲ့စစ်ဆေးပေး

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးပေးခြင်းလုပ်ငန်းကို ယမန်နေ့ က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၃၄)ရပ်ကွက် သစ်တော ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မှုကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်း ဦးဆောင်၍ အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ၊ မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့များ၊ ဒေါက်တာစဂျေလွင်နှင့် တာဝန်ရှိသူများက ခရိုင်အတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ မျက်စိခွဲစိတ်ကုသမှုခံယူရန် ၅၆ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းသားပေါင်းနှစ်သိန်းကျော်ပါဝင်ယှဉ်ပြိုင်သော သရုပ်ဖော်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာတစ်ပြည်လုံးရှိ စာသင်ကျောင်းပေါင်း ၂၀၀၂ ကျောင်းမှ ကျောင်းသားပေါင်းနှစ်သိန်းခွဲကျော် ပါဝင်ယှဉ်ပြိုင်ခဲ့သော အနာဂတ်အောင်မြင်မှုများဆီသို့ အိုဗာတင်းနှင့်အတူ စိတ်ကူးပုံဖော်ကြပါစို့ ဟူသော ခေါင်းစဉ်ဖြင့်ပန်းချီပြိုင်ပွဲ (၂) ကို ဩဂုတ် ၁၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ပညာရေးဝန်ကြီးဌာန၏ ထောက်ပံ့အားပေးမှုဖြင့် ကျင်းပခဲ့ရာ ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ နိုဗိုတယ်ဟိုတယ်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အခြေခံပညာဦးစီးဌာနနှင့် အိုဗာတင်းတို့မှ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဒုတိယအကြိမ် ကျင်းပ**

ကျောင်းသား ကျောင်းသူတို့၏ အနာဂတ်ရည်မှန်းချက်များနှင့် ဘဝအောင်မြင်မှုစိတ်ကူးတို့ကို ပုံဖော်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် အိုဗာတင်းမှ ပထမဆုံးအကြိမ်အဖြစ် ယမန်နှစ်ကကျင်းပခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသား ၂၅၄၅၆၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့၍ ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့မှ ဆုရရှိသော ကျောင်းသား ကျောင်းသူတို့နှင့် မိဘများစုဝင်တို့ တက်ရောက်ကြသည်။

“ဒီနှစ်မှာ မနှစ်ကထက် ပြိုင်ပွဲဝင်ပိုများတယ်။ ကလေးတွေရဲ့ အနာဂတ်ဘယ်ကိုသွားလိုတယ်ဆိုတာ ကလေးတွေရဲ့ပန်းချီက ပြသနေတာပါ။ ဒီနေ့ကလေးတွေရရှိတဲ့ဆုဟာ ပညာရေးဌာနက ရွေးချယ်တာမဟုတ်ပဲ ပညာရှင်တွေက ရွေးချယ်တာဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရွေးချယ်ခံရတာဖြစ်တာကြောင့် ပိုပြီးဝမ်းသာကြည်နူးဖို့ ကောင်းပါတယ်။ ကလေးတွေဘဝ အနာဂတ်ကို ဘယ်လိုရည်မှန်းထားတယ်ဆိုတာ သူတို့ရဲ့ပန်းချီတွေက ပြသနေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အခြေခံပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာထွေးက ပြောသည်။ **(အောက်ပုံ)**

**ဆုချီးမြှင့်**

မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းပေါင်း နှစ်ထောင်ကျော်မှ သူငယ်တန်းမှ အဋ္ဌမတန်းအထိ အုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး သူငယ်တန်းမှ ဒုတိယတန်းအထိအုပ်စု၊ တတိယတန်းမှ ပဉ္စမတန်းအထိအုပ်စု၊ ဆဋ္ဌမတန်းမှ အဋ္ဌမတန်းအထိအုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငွေကျပ်ငါးသိန်း၊ တတိယဆုငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ်ငါးသောင်းဖြင့် အုပ်စုတစ်စုလျှင် ငါးဦးရွေးချယ်လျက် ၁၅ ဦးကို ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပီတိဖြစ်ရ**

“ဆုရကျောင်းသား ကျောင်းသူတွေကိုအခုလိုပညာသင်ဆုတွေချီးမြှင့်ပေးနိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်ရပါတယ်။ မနှစ်ကလို ကျောင်းသား ကျောင်းသူတွေ အားကြိုးမာန်တက်ပါဝင်ယှဉ်ပြိုင်တာမြင်ရတော့ ပီတိဖြစ်ရပါတယ်။ ပေးအပ်ချီးမြှင့်တဲ့ ပညာသင်ဆုကြေးဟာ သူတို့လေးတွေရဲ့ အနာဂတ်အိပ်မက်ကို အကောင်အထည်ဖော်ရာမှာ ကူညီပံ့ပိုးပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု အိုဗာတင်းမြန်မာ၏ အထွေထွေမန်နေဂျာဖြစ်သူ Mr. Ramon Sheodore Villaflor က ပြောသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**



# ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်အား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲရုံး၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြ

**ရန်ကုန် ဒီဇင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲရုံးသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများ တင်ပြချက်အပေါ် လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၏ ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေလုပ်ငန်းများနှင့် သတင်းအေဂျင်စီများ ခွင့်ပြုထားရှိမှုနှင့် မှတ်ပုံတင်ထိန်းသိမ်းမှု၊ ၎င်းအနက် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ ၎င်းတွင် တိုင်းရင်းသားဘာသာဖြင့် ဆောင်ရွက်နေမှု၊ ဘာသာရေးဆိုင်ရာများ ဆောင်ရွက်နေမှု၊ ဆက်စပ်သည့် ဥပဒေရေးဆွဲခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပြဋ္ဌာန်းသည်နှင့် လုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ တိုးတက်ဆောင်ရွက်နေမှု အခြေအနေကို အများပြည်သူသိရှိအောင် ဆောင်ရွက်ပေးရန်၊ စာပေမူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် ဥပဒေပြဋ္ဌာန်းချိန်တွင် ဌာနမှဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအဆင်သင့် ဖြစ်စေရေး ကြိုတင် စီမံဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် Megalink Advanced Technology Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Myanmar



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၏ ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

Digital News အတွက် Upgrade Features for Application နှင့် Upgrade Features for Web Portal တို့တွင် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

# ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ပြုလုပ်ရာတွင် ပါဝင်ဆွေးနွေးသူများ စိတ်ဝင်စားမှုလျော့ကျလာခြင်းမျိုးမရှိဘဲ အောင်မြင်သည့် အခြေအနေရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) ပြုလုပ်ရာတွင် လာရောက်ဆွေးနွေးသူများအနေဖြင့် စိတ်ဝင်စားမှုလျော့ကျလာခြင်းမျိုးမရှိဘဲ အောင်မြင်သည့် အခြေအနေရှိကြောင်း ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ အောင်မင်းက ပြောသည်။

ရုပ်ရှင်မြှင့်တင်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာ အောင်မင်းက "ဒီနေ့ကတော့ ဇာတ်ညွှန်းပိုင်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို အဓိကထားပြီး ဆွေးနွေးခဲ့တယ်။ ဒါ့အပြင် ဇာတ်ကောင်စရိုက်နဲ့ ပတ်သက်တာတွေ၊ စိတ်ပိုင်းဆိုင်ရာတွေ၊ ဒါရိုက်တာ ဘာတွေကို ရည်ညွှန်းသလဲ စတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တယ်။ ပါဝင်ဆွေးနွေးကြသူတွေအနေနဲ့လည်း ဆွေးနွေးမှုတွေလည်း အားကောင်းလာတယ်။ အပတ်စဉ်ပါဝင်ဆွေးနွေးတဲ့သူတွေလည်း ပုံမှန်လာကြတယ်။ စိတ်ဝင်စားမှုကတော့ လျော့ကျမသွားပါဘူး။ အခုလို ဆွေးနွေးပွဲဟာ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်" ဟု ပြောသည်။

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) ဆဋ္ဌမအကြိမ် သုံးသပ်ဆွေးနွေးမှုအပြီးတွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရန်ကုန်မှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများ၊ ပြင်ပမှ ရုပ်ရှင်ပညာကိုစိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပရုပ်ရှင်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ယနေ့ သုံးသပ်ဆွေးနွေးရာတွင် ဒေါက်တာ အောင်မင်းက ဒါရိုက်တာ Wong Karwai's ရိုက်ကူးထားသည့် "In the mood for love " ရုပ်ရှင်ဇာတ်ကားအပေါ် မိတ်ဆက်စကား ပြောကြားပြီး အဆိုပါ ဇာတ်ကားကို တက်ရောက်လာကြသူများနှင့်အတူ ကြည့်ရှုကြသည်။

ယင်းနောက် ဒေါက်တာ အောင်မင်းက ရုပ်ရှင်ဇာတ်ကား တစ်ကားလုံးအပေါ် အသေးစိတ် ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တက်ရောက်လာကြသူများ၏ အမြင်များကို မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။

လူငယ်ဒါရိုက်တာ လူမော်က "ကျွန်တော်တို့နိုင်ငံမှာ Film School တွေက တွင်တွင်ကျယ်ကျယ် မရှိသေးတော့ ဒီလို Film Analysis တွေ လုပ်တာ အင်မတန်ကောင်းပါတယ်။ ကျွန်တော်တို့လည်း တော်တော်စိတ်ဝင်စားတယ်။ ကျွန်တော်တို့ ရိုးရိုးကြည့်တာနဲ့ ဒေါက်တာအောင်မင်း အချက်ကျကျ ပြောပြတာတွေနဲ့ မတူပါဘူး။ ကိုယ်တိုင်ဖန်တီးမယ့် ဇာတ်လမ်းတွေအတွက် ဇာတ်ညွှန်းပိုင်းဆိုင်ရာတွေ ပိုပြီးတော့ ပြည့်စုံစေပါတယ်။ ဒါ့အပြင် ဇာတ်လမ်းနဲ့ ပတ်သက်တဲ့ အခြားသော အသိတွေကိုလည်း ပိုပြီးသိခွင့်ရပါတယ်။ ဒီအသိတွေဟာ ကိုယ်တိုင်ဖန်တီးတဲ့အခါ အများကြီး အထောက်အကူဖြစ်စေမှာပါ" ဟု ပြောသည်။

ယနေ့ ပြသဆွေးနွေးသည့် ရုပ်ရှင်ဇာတ်ကားသည် ၂၀၀၀ ခုနှစ်တွင် Golden Horse Film Festival and Awards ၌ မင်းသမီး Maggie Cheung သည် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် Hong kong Film Critics Society Awards ၌ အကောင်းဆုံး ဒါရိုက်တာဆုနှင့် Film Of merit ကို လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် National Society of Film Critics (USA) ၌ အကောင်းဆုံး နိုင်ငံခြားရုပ်ရှင်ဆုနှင့် အကောင်းဆုံး ဓာတ်ပုံဆုအား လည်းကောင်း အသီးသီး ဆွတ်ခူးခဲ့သည်။

ယင်းကဲ့သို့ ဆွေးနွေးပွဲများကို လစဉ် ဒုတိယပတ်နှင့် တတိယပတ်တို့၏ တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ရာ လာမည့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

ထိုသို့ပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် ကမ္ဘာတစ်ဝန်းမှ Art House Film အမျိုးအစား ရုပ်ရှင်ဇာတ်ကားများထဲမှ ဇာတ်ကားများကို အလှည့်ကျ ရွေးချယ်ကာ ပြသဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**ဇော်ကြီး**



# တရားဥပဒေအရ တရားရင်ဆိုင်နေရသည့် ဆင်းရဲနွမ်းပါးသော ပြည်သူများအပေါ် မှော်ဘီမြို့နယ် ရှေ့နေများက ရှေ့နေစရိတ်(အခမဲ့) လိုက်ပါဆောင်ရွက်ဖြေရှင်းပေး

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ရှေ့နေများအသင်းအား ၂၀၁၇ ခုနှစ် စက်တင်ဘာ ၅ ရက်က တရားဝင် ဖွဲ့စည်းပြီးနောက် တရားရုံးများတွင် အမှုရင်ဆိုင်နေရပြီး ရှေ့နေစရိတ်မတတ်နိုင်သဖြင့် ဆင်းရဲနွမ်းပါးသည့် ပြည်သူများအပေါ် မှန်ကန်သော နည်းလမ်းမှန်ဖြင့် အသင်းအဖွဲ့ဝင်များက( အခမဲ့ ) ရင်ဆိုင်ဖြေရှင်းပေးခဲ့ကြောင်း၊ ယခုတစ်နှစ်တာကာလအတွင်းအမှုခြောက်မှုပြီးဆုံးခဲ့ပြီးဖြစ်ကြောင်းနှင့် ဆောင်ရွက်နေဆဲ မပြီးပြတ်သေးသည့်အမှုမှာ နှစ်မှုကျန်ရှိနေသေးကြောင်း ယနေ့ နံနက် ၉ နာရီက အဆိုပါရုံးခန်းတည်ရာ အသင်း၏ နှစ်ပတ်လည် အစည်းအဝေး ကျင်းပစဉ် အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောသည်။

မှော်ဘီမြို့နယ် ရှေ့နေများအသင်း အတွင်းရေးမှူး ဦးမိုးကျော်လှိုင်က "ရှေ့နေ ရှေ့ရပ်တွေ မငှားနိုင်လို့ တရားရုံးတော်တွေမှာ မတရားသဖြင့် အမှုရင်ဆိုင်နေရတဲ့အခါ အမှန်တကယ် ဆင်းရဲနွမ်းပါးနေတယ်ဆိုရင် အိုမင်းမစွမ်းသက်ကြီးရွယ်အိုတွေဆိုရင် ဘာသာလူမျိုး မခွဲခြားပါဘူး။ မည်သည့် နေရာဒေသကိုမဆို (အခမဲ့)လိုက်ပါဆောင်ရွက်ပေးပါတယ်။ အသင်း ဥက္ကဋ္ဌက ဦးမြင့်ဆွေ တရားလွှတ်တော်ရှေ့နေ ဖုန်း-၀၉၇၈၅၄၀၁၇၈၀၊ ဒုတိယ ဥက္ကဋ္ဌက ဦးဝင်းထိန် (အငြိမ်းစား) ဥပဒေပညာရှင် အထက်တန်းရှေ့နေ ဖုန်း-၀၉-၇၃၁၀၁၅၅၉၊ အတွင်းရေးမှူး ဦးမိုးကျော်လှိုင် တရားလွှတ်တော်ရှေ့နေ ဖုန်း-၀၉-၅၀၉၇၇၅၁ တို့ပါဝင်တဲ့ အလုပ်အမှုဆောင်ကိုးဦး၊ အသင်းဝင် ၃၅ ဦး ရှိပါတယ်။ အသင်းဝင်များက ထည့်ဝင်တဲ့ ငွေနဲ့သာ ရပ်တည်နေပါတယ်။ အမှတ် ၇၀၂/ခ ရုံးပေါင်းစုံလမ်း တပ်ကြီးကုန်းကျေးရွာအုပ်စု မှော်ဘီမြို့နယ် မြောက်ပိုင်းခရိုင် ရန်ကုန်တိုင်းဒေသကြီးကို ဖုန်းဖြင့်ဖြစ်စေ၊ ဖော်ပြပါရုံးလိပ်စာနဲ့ဖြစ်စေ ၂၄ နာရီ ဆက်သွယ်ပါ" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ-မျိုးကြီး**



ဒီဇင်ဘာ ၉ ရက်က ကမာရွတ်မြို့နယ် လှည်းတန်းစင်တာတွင် ပြုလုပ်သည့် စာဆိုတော်နေ့အထိမ်း အမှတ်စာပေဟောပြောပွဲ၊ အနုပညာ ဖျော်ဖြေပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ခေတ်ဟောင်းဂီတစာဆိုတေးရေး ပညာရှင်ကြီးများကို ပြန်လည်ဂုဏ်ပြုသည့်အစီအစဉ်အရ ဂီတနက်သန်ကိုစောညိန်း၏ ရတုဘုရင်တေးသီချင်းကို ဂီတာမင်းမင်းဦးနှင့်တွဲဖက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုအလုပ်အမှုဆောင် ဦးမြတ်စိုး (လှိုင်) က သီဆိုဖျော်ဖြေစဉ်။ အောင်သူရ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် လားရှိုးမြို့၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ

**လားရှိုး ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်သူလူထုနှင့် တွေ့ဆုံပွဲ ကျင်းပသည်။ **(ယာပုံ)**

**ပြန်လည်ဖြေကြား**

ရှေဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော လားရှိုးမြို့နယ်အတွင်း ကျေးရွာများမှ ရပ်မိရပ်ဖများ၊ မြို့မိမြို့ဖများ၏ မိမိတို့ဒေသရပ်ရွာ၊ ရပ်ကွက်များ၏ လိုအပ်ချက်များ တင်ပြမှုကို ကြားနာခဲ့ပြီးနောက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဥပဒေချုပ် ဦးတင်ဦး၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်စွံစိုင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ဦးကျော်ကျော်ဝင်း၊ ညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းဦးစီးဌာန ရှမ်းမြောက်နှင့် ဦးခင်မောင်သန်း၊ ဒုတိညွှန်ကြားရေးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်း/မြောက်တို့က လေပူထုတ်စက် ခြောက်လုံးအား လားရှိုးမြို့ အကျဉ်းဦးစီးဌာနသို့ လှူဒါန်းရာ လားရှိုး အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**ဆွေးနွေး**

လားရှိုးမြို့တော်ခန်းမတွင် ကျင်းပသော လူထုတွေ့ဆုံပွဲသို့ လားရှိုးမြို့ပေါ် ရပ်ကွက်(၁၂)ရပ်ကွက် လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ ပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ တွဲဖက်ပြည်နယ် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး မိမိတို့ကျေးရွာရပ်ကွက်မှ လိုအပ်ချက်များ၊ မိမိတိုခံစားနေရသော အကြောင်းအရာများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **ဟန်ဌေး(လားရှိုး)**



# စစ်ကိုင်းမြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၈ ကျောင်းတွင် အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၈ ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများအား Pann Thee ဖောင်ဒေးရှင်းက တတိယအကြိမ် (နောက်ဆုံးအကြိမ်) အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း လုပ်ငန်းများကို ရွှေလှေကျေးရွာ မဟာဂန္ဓာရုံကျောင်းတိုက်၌ ဒီဇင်ဘာ ၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Pann Thee ဖောင်ဒေးရှင်းမှ အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်ငြိမ်း ဦးဆောင်သည့် ဝန်ထမ်းများသည် ရွှေလှေကျေးရွာ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၈၀ တို့ကို အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးကြရာ ကျောင်းတိုက် ပဓာနနာယက တိုက်အုပ်ဆရာတော်ဘဒ္ဒန္တစန္ဒာသီရိနှင့် ဆရာ ဆရာမများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ဖောင်ဒေးရှင်းသည် ပရဟိတ ပညာရေးကျောင်းများရှိ ကလေးငယ်များအား အသည်းရောင်အသားဝါဘီပိုး သွေးစစ်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူ ကလေးငယ် စုစုပေါင်း ၈၈၃၁ ဦးကို ကာကွယ်ဆေး အခမဲ့ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(စစ်ကိုင်း)**

# မွန်ပြည်နယ်အတွင်းမှ နွေစပါးစိုက်ခင်းများသို့ ရေပေးဝေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် ဒီဇင်ဘာ ၉**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်များတွင် မိုးရာသီရေကြီးရေလျှံမှုနှင့် ရေနစ်ဝင်ရောက်မှုမှကာကွယ်ရန်၊ မိုးစပါးနောက်ကျအောင် ရေပေးဝေရန်နှင့် သဘာဝအရင်းအမြစ်ရေချိုများကို သိုလှောင်ရန်၊ နွေစပါးအတွက် စိုက်ပျိုးရေပေးဝေရန်နှင့် အောင်ရေရရှိရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို မွန်ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ရေပေးဝေရန် လိုအပ်သောလုပ်ငန်းများအဖြစ် ချောင်းပိတ် မြောင်းပိတ်၍ တမံများတည်ဆောက်ခြင်း၊ နုန်းတားတမံများဆောက်ရွက်ခြင်း၊ ရေပေးမြောင်းများ ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သွယ်အိစံက ပြောသည်။ ယခုလို ဆောင်ရွက်ပေးသဖြင့် မိုးစပါး အောင်ရေနှင့် နွေစပါးစိုက်ပျိုးရေ အပြည့်အဝရရှိမည်ဖြစ်ကြောင်း သိရသည်။ **မောင်မွှေး**



# ဖလုံတောင် ခမိုးတောင်ခြေယာဉ်ရပ်နားစခန်းကို ဒီဇင်ဘာ ၂၅ ရက်တွင် ဖွင့်မည်

**အင်းတော် ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ ဖလုံတောင် ခမိုးတောင်ခြေယာဉ်ရပ်နားစခန်းကို ဒီဇင်ဘာ ၂၅ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောသည်။

ဖလုံတောင်သို့ လာရောက်မည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အစီအစဉ်ဖြင့် မြေဧက ၃၂ ဧကခန့်ပေါ်တွင် ကားရပ်နားကွင်း၊ စားသောက်ဆိုင်ခန်းများ၊ လူနေအိပ်ဆောင်များ၊



လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ စသည့်တို့ ပါဝင်မည့် ခမိုးတောင်ခြေယာဉ်ရပ်နားစခန်းတစ်ခုကို အောက်တိုဘာလအတွင်းက စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

“ကျိုက်ထီးရိုး ကင်းပွန်စခန်းလို ကျွန်တော်တို့ဆီမှာ ဖလုံတောင် “ခမိုး” စခန်းကို တည်ဆောက်ခဲ့ပါတယ်။ အဲဒီ ခမိုးစခန်းကို ဒီဇင်ဘာလ ၂၅ ရက်နေ့ ခရစ္စမတ်နေ့မှာ ဖွင့်မယ်။ အဲဒီထဲမှာ ယာဉ်ရပ်နားတဲ့ စခန်းတွေ၊ စာသောက်ဆိုင်တွေ တောင်တက်ကားအသင်းတွေကို စီမံခန့်ခွဲ တဲ့နေရာ ပါမယ်၊ ကားဝပ်ရှော့၊ စက်သုံး ဆီဆိုင်၊ ဆေးပေးခန်း စတာတွေ ခရီးသွားတဲ့အခါ အဆင်ပြေအောင် သက်သောင့်သက်သာ ဖြစ်အောင် အားလုံး စီစဉ်ထားပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်က ဖလုံတောင်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် နှစ်သိန်းကျော် လာရောက်လည့်ပတ်ကြောင်း၊ ပြည်တွင်း ဘုရားဖူးခရီးသွားများသာမက ပြည်ပ ခရီးသွားများပါ စိတ်ဝင်စားမှုပိုကာ သွားလာမှုမြင့်လာသည့် ယခုနှစ်တွင် ယခင်နှစ်ကထက် ပိုမိုလာရောက်လည်ပတ်မည်ဟု မျှော်လင့်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ထို့အပြင် ဖလုံတောင်တော်ပေါ်သို့ ယခင်နှစ်က တောင်တက်ယာဉ် အစီးရေ ၉၅ စီး ပြေးဆွဲခဲ့ပြီး ယခုနှစ်တွင် တောင်တက်မော်တော်ယာဉ် ၁၅၀ ခန့်ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း ဖလုံတောင် တောင်တက်ကားအသင်းမှ သိရသည်။

ဖလုံတောင်တော် တောင်တက်ကား တစ်စီးလျှင် လူဦးရေ ၁၅ ဦးထိ လိုက်ပါစီးနင်းနိုင်ပြီး ကားခနှုန်းထားအနေဖြင့် လူတစ်ဦးလျှင်အသွားအပြန် ငွေကျပ် ၆၀၀၀ ကောက်ခံလျက်ရှိကြောင်း သိရသည်။။ **ကိုမင်း(အင်းတော်)**

# ရေဆင်းတက္ကသိုလ်၌ မူခင်းဆိုင်ရာ အသိပညာပေး

**ဇေယျာသီရိ ဒီဇင်ဘာ ၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှူးရဲအုပ် အောင်သန်း၊ လူကုန်/တားမှ ဒုရဲမှူး အောင်မျိုးသန့်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်တို့သည် ဒီဇင်ဘာ ၈ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀၀ ကျော်အား မူးယစ်ဆေးဝါးနှင့် မူခင်းအသိပညာပေးဟောပြောခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**

# တရုတ်နိုင်ငံသို့ရောင်းစားခံရပြီး ထွက်ပြေးလာသူ အမျိုးသမီး၏ တိုင်တန်းမှုဖြင့် လူကုန်ကူးသူလင်မယား ဖမ်းမိ

**လှည်းကူး ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံသို့ ရောင်းစားခံရပြီး ထွက်ပြေးလာသူ အမျိုးသမီး၏ တိုင်တန်းမှုဖြင့် လူကုန်ကူးသူလင်မယားကို ဒီဇင်ဘာ ၇ ရက် က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်(ဂ) နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲအုပ်သန့်ဇင်သည် အမှတ်(၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုတွင် တာဝန်ထမ်းဆောင်နေစဉ် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခန့်က မ--------(၂၃ နှစ်) ဘုရားသုံးဆူ(ကျူး) ညောင်နှစ်ပင်ကျေးရွာ လှည်းကူးမြို့နယ် နေသူသည် တရုတ်နိုင်ငံတွင် တရုတ်မယားအဖြစ် ရောင်းစားခံရပြီး တရုတ်နိုင်ငံမှ ထွက်ပြေးလာသူသည် ညောင်နှစ်ပင်(ဂ) နယ်မြေရဲစခန်းတွင် ရောက်ရှိလာကြောင်း သတင်းအရ ညောင်နှစ်ပင်(ဂ) နယ်မြေရဲစခန်းမှူး ရဲအုပ်ချမ်းငြိမ်း၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေး အဖွဲ့ခေါင်းဆောင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာ အမျိုးသမီးရေးရာဥက္ကဋ္ဌ၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဝင်နှင့် ကျေးရွာပရဟိတအဖွဲ့ဝင်တို့၏ ရှေ့မှောက်တွင် မ------(၂၃ နှစ်)အား ခေါ်ယူမေးမြန်းရာ ၎င်းသည် လွန်ခဲ့သော တစ်လခန့်က အိမ်ဖော်လုပ်ငန်း လုပ်ကိုင်ရာတွင် အိမ်ရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပေးခဲ့သူ ဒေါ်သန်းသန်းရီ (၄၄ နှစ်) ဇီးကုန်းမြောက်ပိုင်းရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ကိုအောင်မျိုးဦး(၄၆ နှစ်) လိပ်စာတူနေထိုင်သူတို့မှ နေအိမ်သို့ ရောက်ရှိလာပြီး မူဆယ်မြို့ရှိ အိမ်တစ်အိမ်တွင် လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ တစ်လလျှင် ငွေကျပ် သုံးသိန်း၊ လေးသိန်းခန့် ရရှိမည်ဖြစ်ကြောင်း၊ ပြောဆိုစည်းရုံး၍ ယုံကြည်ပြီး လုပ်မည်ဟု သဘောတူခဲ့ကြောင်း။

**တရုတ်ယွမ် ၂၇၀၀၀ ဖြင့် ရောင်းစား**

နိုဝင်ဘာ ၁၂ ရက်တွင် ၎င်းနှင့်အတူ ဒေါ်သန်းသန်းရီ (၄၄ နှစ်)မှာ လိုက်ပါခဲ့ရာ မူဆယ်မြို့တွင် ခုနစ်ရက်အတွင်း နိုင်ငံကူးလက်မှတ်အား ဒေါ်သန်းသန်းရီက ပြုလုပ်ပေးပြီး ၎င်းက တရုတ်နိုင်ငံရှိ ကျင့်စန်းကျော့ရပ်ကွက်ဟု ခေါ်ဆိုသည့် ဒေါ်သန်းသန်းရီ(၄၄ နှစ်)၏ ညီမဖြစ်သူ မမာမာ၏ နေအိမ်တွင် ၎င်းအား ဒေါ်သန်းသန်းရီက တရုတ်အမျိုးသားများအား ခေါ်ယူပြသနေ၍ ရိပ်မိပြီး တရုတ်အမျိုးသားများနှင့် ပေါင်းသင်းလိုခြင်းမရှိကြောင်း၊ ပြန်ပြောခဲ့ရာ ဒေါ်သန်းသန်းရီက တရုတ်အမျိုးသားနှင့် ပေါင်းသင်းရမည်ဖြစ်ကြောင်း၊ အတင်းအဓမ္မပြောဆိုပြီး တရုတ်အမျိုးသား တစ်ဦးနှင့် ထည့်ပေးခဲ့ကြောင်း၊ အဆိုပါ တရုတ်အမျိုးသားနှင့် အလိုမတူဘဲ ပေါင်းသင်းနေစဉ် စကားပြန်၏ ပြောကြားချက်အရ ၎င်းအား ဒေါ်သန်းသန်းရီက တရုတ်ယွမ်ငွေ ၂၇၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း ပြောပြ၍ သိရှိခဲ့ရကြောင်း၊ ထို့နောက် တရုတ်အမျိုးသား အလစ်တွင် တရုတ်အမျိုးသားထံမှ တရုတ်ယွမ်ငွေ ၂၀၀ ယူခဲ့ပြီး တည်းခိုခန်းမှ ထွက်ပြေးလာခဲ့ကြောင်း၊ လမ်းတွင် မြန်မာလူမျိုး တစ်ဦးနှင့် တွေ့ဆုံပြီး ၎င်းအား တရုတ်နိုင်ငံမှ မူဆယ်အဝေးပြေး ကားဝင်းအထိ လိုက်လံပို့ဆောင်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်တွင် မူဆယ်အဝေးပြေးကားဂိတ်သို့ ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်သို့ ရောက်ရှိခဲ့ကြောင်း၊ နေအိမ်သို့ ရောက်ရှိပြီး ဒေါ်သန်းသန်းရီနှင့် ၎င်းခင်ပွန်းဖြစ်သူ ဦးအောင်မျိုးဦးတို့ ထပ်မံလိုက်လာကာ တရုတ်နိုင်ငံသို့ ပြန်လည်လိုက်ပါရန် လာရောက်ခေါ်ဆောင်ခဲ့သည်ကို မကျေနပ်၍ တိုင်တန်းရခြင်း ဖြစ်ကြောင်း သိရှိရသည်။

**အရေးယူဆောင်ရွက်ထား**

သို့ဖြစ်၍ မူဆယ်မြို့ရှိ အိမ်တစ်အိမ်တွင် အိမ်အကူအဖြစ် လုပ်ကိုင်ရမည်ဟု စည်းရုံးပြောဆိုခဲ့ကြပြီး တရုတ်အမျိုးသားများထံ ဇနီးမယားအဖြစ် အဓမ္မလက်ထပ်စေရန် ရောင်းစားကာ ရရှိသည့် အကျိုးအမြတ်ငွေများကို ခေါင်းပုံဖြတ် အမြတ်ထုတ်ရယူခဲ့ကြသည့် ဒေါ်သန်းသန်းရီ (၄၄ နှစ်) သဇင်လမ်း ဇီးကုန်းမြောက်ပိုင်းရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအောင်မျိုးဦး (၄၆ နှစ်)တို့အား ညောင်နှစ်ပင်(ဂ) နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲမှ ရွှေတံဆိပ်ဆုများဆီသို့ လျှောက်လှမ်းနေသော အားကစားသမားများ

အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို အာဆီယံနိုင်ငံများတွင် နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ (၁၉)ကြိမ်မြောက်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၂ဝ အတွင်း ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည်။ အဆိုပါ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များမှ အားကစားမောင်မယ်များက အားကစားနည်း ၁၇ နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည်။

လာရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံအလိုက် တက္ကသိုလ်အားကစားမောင်မယ်များသည် မိမိတို့ကိုယ်စားပြုရာ နိုင်ငံအလိုက် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ရန် မျှော်လင့်ချက်များဖြင့် ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ အဆိုပါ အားကစားမောင်မယ်များအထဲမှ ရွှေတံဆိပ်ဆုများဆီသို့ လျှောက်လှမ်းနေသော မျှော်လင့်ချက်ပိုင်ရှင်များ၊ အုပ်ချုပ်သူနည်းပြများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -


ဒေါက်တာသက်လွင်


ဦးဝင်းထွန့်


မအေးသစ္စာမြင့်


Ms. Fung Hui Xin (စင်ကာပူအားကစားမယ်)


မထက်ထက်


မောင်အာကာဖုန်းမြတ်

**ဒေါက်တာသက်လွင်**
**(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း ဆပ်ကော်မတီ)**

ကျွန်တော်တို့ပိုက်ကျော်ခြင်းအနေနဲ့ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှု အပိုင်းမှာ တက္ကသိုလ်၊ ဒီဂရီ ကောလိပ် ပေါင်းစုံ ပိုက်ကျော်ခြင်းနဲ့ ရိုးရာခြင်းလုံး အပါအဝင် အားကစားပြိုင်ပွဲတွေကို ဦးစွာကျင်းပကြပါတယ်။

ဒီပြိုင်ပွဲတွေကနေ ၂ဝ၁၇ ခုနှစ် ဒီဇင်ဘာလမှာ ကစားသမားတွေ ရွေးချယ်ပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်တက္ကသိုလ်များ အားကစားပြိုင်ပွဲတွေကို ဆက်လက်ကျင်းပပါတယ်။ ဒါတွေပြီးမှ လက်ရွေးစင် ၂၂ ဦးကို ရွေးချယ်ခဲ့ပြီး ၂ဝ၁၈ ခုနှစ် ဖေဖော်ဝါရီလကတည်းက အားကစားရွာ (Gold Camp)မှာစပြီး စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ လေ့ကျင့်အကဲဖြတ်မှုအရ ပိုက်ကျော်ခြင်း အမျိုးသားအသင်းအတွက် အားကစားသမား ၁၅ ဦးကို အပြီးသတ်ရွေးချယ်ခဲ့ပါတယ်။

ကျွန်တော်တို့အားကစားသမားတွေ ပြိုင်ပွဲအတွေ့အကြုံရရှိဖို့နဲ့ အားကစားစိတ်ဓာတ် ပိုမိုမြင့်မားဖို့အတွက် ပံ့ပိုးပေးမှုအနေနဲ့ နောင်ရိုးပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲရဲ့ လေးယောက်တွဲပွဲစဉ်မှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ တတိယနဲ့ စတုတ္ထဆုတွေ ရရှိခဲ့ပါတယ်။ သူတို့အတွက် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာတက္ကသိုလ်အလိုက် ပံ့ပိုးမှုတွေရှိသလို နည်းပြနဲ့ အုပ်ချုပ်သူတွေကလည်း သူတို့တွေရဲ့ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနဲ့ လေ့ကျင့်ရေး အပိုင်းတွေမှာ အနီးကပ်ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပါတယ်။

ဒီပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများစွာကို လုပ်ထားပါတယ်။ ထိုင်း၊ မလေးရှားစတဲ့ လက်ရွေးစင်နိုင်ငံတွေလည်းပါတော့ ပြိုင်ပွဲဝင်ကစားသမားတွေကလည်း ကြိုးစားလေ့ကျင့်ကြပါတယ်။ ပိုက်ကျော်ခြင်းပြိုင်ပွဲရဲ့ ပွဲစဉ်အမျိုးအစား လေးမျိုးလုံးကို ပါဝင်ယှဉ်ပြိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ အစွမ်းကုန်လည်း ကြိုးစားပြင်ဆင်ထားပါတယ်။ ဒါကြောင့် ရွှေကအနည်းဆုံး နှစ်ခုလောက် မှန်းထားပြီး ကျန်တဲ့ပွဲစဉ် အမျိုးအစားတွေမှာလည်း ဆုရအောင် ကြိုးစားသွားမှာပါ။ ပိုက်ကျော်ခြင်းအားကစားမှာ ပြိုင်ပွဲဝင် နိုင်ငံငါးနိုင်ငံကလည်း လက်ရွေးစင် အားကစားသမားတွေ ပါဝင်နေပါတယ်။

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲက အိမ်ရှင်အဖြစ် အနှစ် ၂ဝ ကျော်မှ တစ်ကြိမ်ကျင်းပခွင့်ရတဲ့ ပွဲလည်းဖြစ်တယ်။ ဒီလိုအိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့ အချိန်မှာ ကျွန်တော်တို့အတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို ရိုးရာခြင်းလုံးကနေပြီး မနေ့က စတင်ဆွတ်ခူးခဲ့ပြီဖြစ်ပါတယ်။ ပိုက်ကျော်ခြင်းမှာလည်း ရွှေတံဆိပ်ဆုတွေ ထပ်မံရရှိအောင် ကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်။

**ဦးဝင်းထွန့်**
**(နည်းပြချုပ်၊ တက္ကသိုလ်ကြက်တောင်အသင်း)**

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ဖေဖော်ဝါရီလကတည်းက စခန်းဝင်ပြီး အချိန်အကြာကြီး လေ့ကျင့်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်နဲ့ အသင်းဥက္ကဋ္ဌတို့ရဲ့ ပံ့ပိုးမှုတွေကြောင့် အဆင်ပြေစွာနဲ့ လေ့ကျင့်မှုတွေ လုပ်နိုင်ခဲ့ပြီး တိုးတက်မှုတွေလည်း ရှိပါတယ်။ ပြိုင်ပွဲဝင် ကစားသမားတွေက တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ ဖြစ်တဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ဖို့ စိတ်အားထက်သန်နေကြပါတယ်။ လေ့ကျင့်မှုတွေကိုလည်း အင်တိုက်အားတိုက် လုပ်ကြတယ်။ မျိုးဆက်သစ်ဂျူနီယာလေးတွေလည်း တိုးတက်မှုရှိပါတယ်။ ဒါပေမယ့် နိုင်ငံတကာအတွေ့အကြုံ လိုအပ်နေပါသေးတယ်။

ကျွန်တော်တို့ ကြက်တောင်အသင်းအနေနဲ့ တစ်ဦးချင်းပြိုင်ပွဲတွေမှာ ပိုပြီး အောင်မြင်မှု ရယူနိုင်ဖို့ မျှော်မှန်းထားပါတယ်။ တစ်ဦးချင်းပြိုင်ပွဲမှာ ဆုတံဆိပ်တွေ ရယူထားနိုင်တဲ့ မသက်ထားသူဇာကိုလည်း မျှော်မှန်းထားတယ်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာလည်း အောင်မြင်မှုရမယ်လို့ မျှော်မှန်းထားတယ်။ မျှော်မှန်းထားတဲ့အတိုင်းပဲ သူတို့လည်း အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်နေကြပါတယ်။ အဖွဲ့လိုက်ပြိုင်ပွဲတွေမှာ ဂျူနီယာကစားသမားတွေများတဲ့အတွက် အားနည်းပေမယ့် ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲ မကျင်းပမီ တစ်လျှောက်လုံးမှာလည်း ကြိုးစားလေ့ကျင့်ထားပါတယ်။ အောင်မြင်မှုတွေ ရယူနိုင်ဖို့ မျှော်လင့်ထားပြီး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**မအေးသစ္စာမြင့်**
**(တက္ကသိုလ်လက်ရွေးစင် ဝူရှူးအားကစားမယ်)**

ဒီပြိုင်ပွဲအတွက် လေ့ကျင့်ချိန် အများကြီးယူခဲ့ပါတယ်။ ပြိုင်ပွဲမတိုင်ခင်က အားကစားပြိုင်ပွဲ နှစ်ခုမှာလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ယှဉ်ပြိုင်ရင်းနဲ့ လေ့ကျင့်မှုတွေရပါတယ်။ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့အတွက် မျိုးဆက်သစ် အားကစားသမားတွေလည်း နိုင်ငံတကာ အတွေ့အကြုံတွေ ရရှိမှာပါ။

ဒီနေ့ယှဉ်ပြိုင်ခဲ့တဲ့ အမျိုးသမီး နန်းချွမ်ကစားနည်းမှာ ရွှေတံဆိပ်ဆုရရှိပါတယ်။ ပထမဆုံး စပြိုင်တဲ့ အားကစားနည်းမှာ ပထမဆုံး ရွှေတံဆိပ်ကို ရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ဓားသိုင်းနဲ့ တုတ်သိုင်း ပြိုင်ပွဲတွေမှာလည်း ရွှေတံဆိပ်ဆု ရရှိအောင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ရွှေတံဆိပ်ဆုတွေ ဆက်လက်ရယူနိုင်ဖို့လည်း မျှော်လင့်ထားပါတယ်။

**Ms. Fung Hui Xin**
**(စင်ကာပူတက္ကသိုလ် အားကစားမယ်)**

ဒီနေ့ယှဉ်ပြိုင်ခဲ့တဲ့ ဝူရှူးအားကစားနည်းကနေ ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ အားကစားပြိုင်ပွဲမစတင်ခင် တစ်လျှောက်လုံး နေ့စဉ်ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ ဒီလို လေ့ကျင့်မှုတွေကပဲ အခုလို ရွှေတံဆိပ်ဆုရရှိအောင် အထောက်အကူပြုနိုင်ခဲ့တာ ဖြစ်ပါတယ်။ အိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ လာရောက်ယှဉ်ပြိုင်ရတာလည်း အားလုံးအဆင်ပြေပါတယ်။ ကောင်းမွန်မျှတတဲ့ ပတ်ဝန်းကျင်လည်း ရှိပါတယ်။ နောက်ပြိုင်ပွဲတွေမှာလည်း နိုင်ငံ့အတွက် ရွှေတံဆိပ်ဆုတွေရအောင် ဆက်လက်ကြိုးစားသွားပါမယ်။

**မထက်ထက်**
**(တက္ကသိုလ်လက်ရွေးစင် ဘော်လီဘောအားကစားမယ်)**

ကျွန်မတို့ တက္ကသိုလ်ဘော်လီဘောအသင်းအနေနဲ့ ဒီနှစ် လေးလပိုင်းကစပြီး ကြိုတင်လေ့ကျင့်မှုတွေ လုပ်ခဲ့ပါတယ်။ ပြင်ဆင်လေ့ကျင့်ခဲ့တဲ့ အချိန်တွေက တစ်ပတ်လုံးမှာ အချိန်တော်တော်များများကို ဘောလုံးနဲ့ထိတွေ့လေ့ကျင့်နေခဲ့တာပါ။ ဒီပွဲအတွက်လည်း ကြိုးစားလေ့ကျင့်ပြီး ပြင်ဆင်ခဲ့ပါတယ်။ အောင်မြင်မှုတွေ ရရှိအောင်လည်း ကြိုးစားယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

အိမ်ရှင်ဖြစ်တဲ့အတွက် ဆုတံဆိပ်ရအောင် ယှဉ်ပြိုင်ကစားသွားမယ်လို့ ကျွန်မတို့ တစ်သင်းလုံးက သန္နိဋ္ဌာန်ချထားပါတယ်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကြိုးစားပြီး နိုင်ငံအတွက် ဆုတံဆိပ်တွေ ရယူသွားနိုင်ဖို့လည်း မျှော်လင့်ထားပါတယ်။

**မောင်အာကာဖုန်းမြတ်**
**(တက္ကသိုလ်လက်ရွေးစင် ကြက်တောင်အားကစားသမား)**

ဒီနေ့ကျွန်တော်တို့ အင်ဒိုနီးရှားအသင်းနဲ့ အကောင်းဆုံး ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး ပွဲစဉ် နှစ်ပွဲပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ လာမယ့်ပွဲစဉ် အဆင့်ဆင့်မှာလည်း အနိုင်ရရှိအောင် ကြိုးစားပြီး ရွှေတံဆိပ်ဆု ရယူဆွတ်ခူးနိုင်အောင် ကြိုးစားသွားမှာပါ။

ရွှေတံဆိပ်ရအောင် ယူမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျွန်တော်တို့ တစ်ဖွဲ့လုံး အပြင်းအထန် ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ ဒီလို အပြင်းအထန် လေ့ကျင့်ထားတဲ့အတွက်လည်း အခုလိုပြိုင်ပွဲဝင်တဲ့အခါမှာ ယုံကြည်မှုရှိရှိနဲ့ ပြိုင်ပွဲဝင်နိုင်ခဲ့ပြီး ပထမဆုံးပွဲကိုလည်း အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါပြီ။

ဆရာတွေကလည်း ကျွန်တော်တို့ကို ဂရုတစိုက် လေ့ကျင့်သင်ကြားပေးပါတယ်။ လေ့ကျင့်ခန်းဆင်းတဲ့အခါမှာလည်း တကယ်စိတ်ပါလက်ပါနဲ့ သင်ကြားပေးတဲ့အတွက် ဒီလိုအောင်ပွဲတွေ ရရှိခဲ့ပါတယ်။ ဒီအတွက် ဆရာတွေကို ကျေးဇူးတင်ပါတယ်။ ဆရာတွေ မျှော်လင့်နေတဲ့ ရွှေတံဆိပ်ဆုကို ကျွန်တော်တို့ ဆွတ်ခူးပေးနိုင်အောင် ကြိုးစားသွားပါ့မယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးသူဟိန်း**
**ဓာတ်ပုံ - အေးသန်း**

## အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံ တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ချုပ်က အသိပညာပေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ နှစ်ပေါင်း ၂ဝ အတွင်း ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပလျက်ရှိသည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ မြန်မာအပါအဝင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောနှင့် ဗီယက်နမ်နိုင်ငံတို့မှ အသင်းအုပ်ချုပ်သူနှင့် အားကစားသမား ၂ဝဝဝ ကျော် ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

**တားမြစ်ဆေးဝါး ဆန့်ကျင်ရေးဆောင်ရွက်**

အားကစားပြိုင်ပွဲများသို့ တက်ရောက်လာကြသည့် အားကစားသမားများနှင့် ဧည့်ပရိသတ်များကို တားမြစ်ဆေးဝါး မသုံးစွဲရေးနှင့် ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အသိပညာပေးလှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ တားမြစ်ဆေးဝါးဆန့်ကျင်ရေး အဖွဲ့ချုပ်က ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**အေးသန်း(စိန်တုန်းကြီး)**





အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

❒ *ကျောဖုံးမှ*

မြန်မာအသင်းသည် ပထမနှင့် ဒုတိယပွဲငယ်တွင် ကစားပုံ မကောင်းခဲ့ဘဲ တတိယ ပွဲငယ်တွင် အပြန်အလှန်ကစားနိုင်သော်လည်း နှစ်မှတ်အကွာဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် ရပ်နားထားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

## အရှေ့တောင်အာရှတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ မြန်မာနှင့် လာအို သရေကျ

**နေပြည်တော် ဒီဇင်ဘာ ၉**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု ပထမနေ့ကို ယနေ့ ညနေပိုင်းက ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနှင့် လာအိုအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာအသင်းသည် အဖွင့်ပွဲရလဒ်ကောင်းရန် ကြိုးပမ်းသော်လည်း အဆုံးသတ် အားနည်းမှုကြောင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ လာအိုအသင်းသည် ပွဲချိန်ပြည့်နီးပါး ခံစစ်ဦးစားပေး ကစားခဲ့ပြီး မြန်မာ အသင်းအနေဖြင့် တိုက်စစ်ဆင်ရာတွင် အားနည်းခဲ့သောကြောင့် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ၃၆ မိနစ်တွင် နိုင်ရဲအောင် အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ လာအိုအသင်းသည် ရံဖန်ရံခါသာ ထိုးဖောက်နိုင်သော်လည်း ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းကသာ ဖိကစားနိုင်ခဲ့သော်လည်း ၅၅ မိနစ်တွင် မထင်မှတ်ဘဲ ဂိုးပေး လိုက်ရသည်။ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဆွန်ဆာမန်က ခေါင်းတိုက်သွင်းယူခဲ့၍ လာအိုအသင်း ဂိုးစတင် ရရှိခဲ့သည်။ ဂိုးပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ နှစ်မိနစ်အကြာတွင် ချေပဂိုးပြန်ရခဲ့ပြီး သန့်ဇေယျာဝင်းက သွင်းယူခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးထပ်မံ ရရန် အားထည့်ကစားခဲ့ပြီး ဂိုးသွင်းခွင့်များရခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ညနေ ၃ နာရီက ကစားသည့် ပထမပွဲတွင် ထိုင်းအသင်းက စင်ကာပူအသင်းကို လေးဂိုးပြတ် အနိုင်ရ ခဲ့သည်။ အုပ်စုဒုတိယနေ့ကို ဒီဇင်ဘာ ၁၀ ရက် **(ယနေ့)** တွင် ဝဏ္ဏသိဒ္ဓိကွင်း၌ ညနေ ၃ နာရီတွင် ထိုင်းနှင့် မလေးရှား၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**




## ခြင်းလုံးပြိုင်ပွဲမှ မြန်မာအသင်း ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၉**

နေပြည်တော်၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ ခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာခြင်းလုံး အသင်းသည် ငွေတံဆိပ်တစ်ခု ထပ်မံ ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့တွင် Event-2 ပြိုင်ပွဲ ကျင်းပခဲ့ပြီး လာအိုအသင်းက ရွှေတံဆိပ်ဆွတ်ခူးကာ မြန်မာအသင်းက ငွေတံဆိပ်၊ ထိုင်းအသင်းက ကြေးတံဆိပ် ရခဲ့သည်။ ပြိုင်ပွဲတွင် မြန်မာ၊ လာအို၊ ထိုင်း နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုပွဲများတွင် မြန်မာအသင်းက ၁၈၂ မှတ်၊ လာအိုအသင်းက ၁၇၀၊ မလေးရှားအသင်းက ၁၂၈ မှတ်၊ ထိုင်း အသင်းက ၉၉ မှတ်ရခဲ့ပြီး အမှတ်အများ ဆုံးရသည့် မြန်မာနှင့် လာအိုအသင်းမှာ ဗိုလ်လုပွဲ ကစားခဲ့ရသည်။

ဗိုလ်လုပွဲတွင် လာအိုအသင်းက မြန်မာအသင်းကို ၁၈၇-၁၇၉ မှတ်ဖြင့် အနိုင်ရကာ ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ တတိယလုပွဲတွင် ထိုင်းအသင်း က ၁၅၁-၁၂၈ မှတ်ဖြင့် မလေးရှားအသင်း ကို အနိုင်ရကာ ကြေးတံဆိပ်ရခဲ့သည်။

ခြင်းလုံးပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုး အစားနှစ်မျိုး ကျင်းပပြီးစီးသွားပြီး မြန်မာ နှင့် လာအိုအသင်းက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုစီ၊ ထိုင်းအသင်းက ကြေး တံဆိပ်နှစ်ခု ရထားသည်။ ပြိုင်ပွဲတတိယ နေ့ကို ဒီဇင်ဘာ ၁၀ ရက် **(ယနေ့)** ဆက် လက်ကျင်းပမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၂ ဘောလုံးပြိုင်ပွဲ ကွာတားပွဲများ ယနေ့ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် MFF Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၂ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဒီဇင်ဘာ ၁၀ ရက် **(ယနေ့)** နံနက်နှင့် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က) ၌ ဧရာဝတီအသင်းက ၁၀ မှတ်ဖြင့် အုပ်စု ပထမ၊ ကရင်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စု ဒုတိယ၊ အုပ်စု(ခ) ၌ ရှမ်း(တောင်) အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ စစ်ကိုင်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ဂ) ၌ ချင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ကချင် အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ဃ) ၌ မကွေး အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ တနင်္သာရီ အသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယရကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲများအဖြစ် ဒီဇင်ဘာ ၁၀ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ဧရာဝတီ နှင့် ကချင်၊ ရှမ်း(တောင်)နှင့် တနင်္သာရီ၊ ညနေ ၄ နာရီတွင် ချင်းနှင့် ကရင်၊ မကွေးနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

◆ *ကျောဖုံးမှ*

ထိုက်ချိုချမ်နှင့် ထိုက်ချိုကျုန့်ပြိုင်ပွဲ နှစ်ခုပေါင်းမှ ဆုတံဆိပ်တစ်ခု ချီးမြှင့်မည် ဖြစ်သောကြောင့် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် ထိုက်ချိုကျုန့် ပြိုင်ပွဲပြီးဆုံးမှသာ ဆုရစာရင်း ထွက်ပေါ်မည်ဖြစ်သည်။ ဆန်းဆိုပြိုင်ပွဲတွင် မြန်မာကစားသမားများ ရလဒ်မကောင်းဘဲ ပထမအဆင့်မှ ထွက်ခဲ့ရသည်။

ပြိုင်ပွဲဒုတိယနေ့ကို ဒီဇင်ဘာ ၁၀ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၇ ရက် ညနေက မူဆယ်မြို့နယ် နမ့်ပေါ်တံတားတွင် ယာဉ်မောင်း အေးဝင်း မောင်းနှင်လာသည့် ၂၂ ဘီး ယာဉ်နှင့် ပြည့်ဖြိုး မောင်းနှင်လာသည့် ၂၂ ဘီးယာဉ်တို့ကို ရပ်တန့်ရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ အီသိုင်းအီသာ ၁၂၀၀၀ လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၇၂၀၀ လီတာ၊ အလူမီနီယမ်ဆာလ်ဖိတ် ၄၈၀၀ ကီလို၊ အက်စီတစ်အက်စစ် ၁၅၀ လီတာ၊ ဆိုဒီယမ်ဟိုက်ဒြောဆိုက် ၉၄၄၀ လီတာ၊ ဖီနိုင်း အက်စီတစ်အက်စစ် ၄၀၀၀ ကီလို၊ အရိုးမီးသွေး ၅၀၀ ကီလိုနှင့် ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာအနီး တောင်ကြီး - မိုင်းပျဉ်း ကားလမ်းတွင် အောင်မျိုးလင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်း ကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပန်မြို့နယ် တာဆန်းတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် လောက်ပေါင် မောင်းနှင်ပြီး ကျင်းဖိန်နှင့် ဆမ်ကျင်းတို့ လိုက်ပါလာသည့် မတ်တူးယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရ သည်။

**ရဲပြန်ကြား**

## ငဖဲ၊ ပင်လောင်းနှင့် ဟိုပုံးမြို့နယ်တို့၌ ဘိန်းခင်းများ တွေ့ရှိဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မကန်းကျေးရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့် အကွာ၌ ဒီဇင်ဘာ ၈ ရက် နံနက်က အမြင့် ငါးလက်မခန့်ရှိ ဘိန်းစိုက်ခင်း နှစ်ဧကခန့်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းမောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့က တွေ့ရှိဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ထီတလိကျေးရွာနှင့် ကပ္ပိဒိန် ကျေးရွာတို့၌ ဘိန်းစိုက်ခင်း ၂၈ ဒသမ ၅ ဧကခန့်ကို လည်းကောင်း၊ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ၌ ဘိန်းစိုက်ခင်း ၂၃ ဧကခန့်ကို လည်းကောင်း ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က တွေ့ရှိဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



## မြန်မာ့ရုပ်မြင်သံကြား

၁၀-၁၂-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၅ - BBC Click
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၄၅ - သုခုမသဘင် အငြိမ့်သဘင် "ဒီအငြိမ့်" မင်းသမီး- ရွှေရတီမိုးအိမ်၊ လူရွှင်တော်- အောင်ချစ်၊ ထက်လင်း၊ အေးချမ်း

**ညပိုင်း**

၁၆း၅၀ - **"(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"**
၂၀း၀၀ - ပြည်တွင်းသတင်း၊
၂၀း၃၅ - ဥပဒေစကားဝိုင်း "သက်ငယ်မုဒိမ်းအကြောင်း သိကောင်းစရာ"
- **"(၁၉) ကြိမ်မြောက် အာဆီယံ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲအစီအစဉ်"**
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း- ၁၈)

# လွိုင်လင်မြို့နယ်၌ ဘိန်းဖြူ၊ ဘိန်းညိုမှုန့် ၁၆၉ ဒသမ ၈၀၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့မှ လွိုင်လင်မြို့နယ် ပန်ခေါက်ပိုးကျေးရွာ ဘုန်းကြီးကျောင်းရှေ့တွင် နမ့်စန်မြို့မှ လွိုင်လင်မြို့ဘက်သို့ ယာဉ်မောင်း လင်းလင်းပါနှစ်ဦး လိုက်ပါလာသည့် SHN 5G/------- အီဆူဇူး ၁၂ ဘီး ယာဉ်ကို ဒီဇင်ဘာ ၈ ရက် ညက ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ခန်းရှိ ပီနံအိတ် ၆၂ အိတ်အတွင်းမှ ဆပ်ပြာခွက် ၁၀၇၀၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၁၁၇ ဒသမ ၇ ကီလို၊ ဘိန်းဖြူ ဘလောက်တုံး ၁၅၆ တုံး (၅၂ ဒသမ ၁၀၄) ကီလို၊ ဘိန်းဖြူ စုစုပေါင်း ၁၆၉ ဒသမ ၈၀၄ ကီလို (တစ်ကီလိုလျှင် ကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၄၂၄၅၁ ကျပ်သိန်း)၊ ဘိန်းညိုမှုန့် ၂၀၀ ကီလို (တစ်ကီလိုလျှင် ကျပ်သိန်း ၁၅၀ နှုန်းဖြင့် ကျပ်သိန်း ၃၀၀၀၀) တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲခန့်တွင် ပူးပေါင်းအဖွဲ့မှ မိုင်းပန်မြို့နယ် တာဆန်းတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ နမ့်စန်မြို့မှ မိုင်းတုံမြို့ဘက်သို့ ယာဉ်မောင်း လောက်ပေါင် နားကုန်းကျေးရွာ သိန်းနီမြို့နယ်နေသူပါသုံးဦး လိုက်ပါလာသည့် SHN 5H/----- မတ်တူးယာဉ်ကိုစစ်ဆေးရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တန်ဖိုး ကျပ်သိန်း ၃၀၀) ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အထက်မတ္တရာသစ်တောကြိုးဝိုင်း အုံမုန်းဆင်စခန်းရှိ စွယ်စုံဆင်တစ်ကောင် တူမီးသေနတ်ဖြင့် ပစ်ခတ်ခံရ

**စဉ့်ကူး ဒီဇင်ဘာ ၉**

စဉ့်ကူးမြို့နယ် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာနပိုင် ဆင်ထီးတစ်ကောင်ကို ဆင်မုဆိုးတို့၏ တူမီးသေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ဆင်၏ ဦးခေါင်း ဦးကင်းပိုင်းတွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ သေပျောက်မှုမရှိကြောင်း မြန်မာ့သစ်ထုတ်လုပ်ရေးဌာနမှ သိရသည်။

ဒီဇင်ဘာ ၆ ရက်က အုံမုန်းဆင်စခန်းရှိ မြန်မာ့သစ်လုပ်ငန်းတွင် သစ်ထုတ်လုပ်သည့် ဆင်ဦးစီး ကိုကျော်ကျော်နိုင်၊ ထိန်းသိမ်းကိုင်တွယ်သည့် မိုးမောင်ကျန်း (ဆင်ထီး/စွယ်စုံ) အသက် ၃၃ နှစ်၊ အရပ်အမြင့် ခုနစ်ပေ ခြောက်လက်မ၊ လုံးပတ် ၁၂ ပေ၊ ငါးလက်မ၊ သစ်များဆွဲပြီး၍ စားကျက်တွင် အစာစားရန် လွှတ်ကျောင်းခဲ့ပြီး ဆင်ဦးစီး ဦးကျော်ကျော်နိုင်က အလုပ်ပြန်ခိုင်းရန်အတွက် ဒီဇင်ဘာ ၇ ရက်တွင် လိုက်လံရှာဖွေခဲ့ရာ အထက်မတ္တရာ သစ်တောကြိုးဝိုင်း အကွက်အမှတ် ၄၀၊ သရက်ခေါက်တောတိုက်အနီး အုံမုန်းဆင်စခန်း မြောက်ဘက် လေးမိုင်ခန့်အကွာတွင် တွေ့ရှိရ၍ ဆင်ကိုကြည့်ရှုရာ ဆင်ဦးကင်း ယာနားထင်တွင် လက်မဝက်ခန့် အပေါက်ဒဏ်ရာမှ သွေးများထွက်နေသည်ကို တွေ့ရှိရသဖြင့် ဆင်ကို အုံမုန်းဆင်စခန်းသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ပြီး မြန်မာ့သစ်လုပ်ငန်းဌာန ပြင်ဦးလွင်ခရိုင် ဆင်ဆရာဝန် ဦးမျိုးမြင့်နှင့် ၎င်းဒဏ်ရာရရှိသည့်ဆင်ကို ပြသခဲ့ရာ ဒဏ်ရာမှာ တူမီးသေနတ်ဖြင့် ပစ်ခတ်ခံရပြီး ဦးကင်းအတွင်း အနက် ကိုးလက်မခန့် ဖောက်ဝင်နေကြောင်းနှင့် ခဲကျည်ဆန်မှာ ဦးကင်းအတွင်းရှိနေကြောင်း စစ်ဆေးသိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာနပိုင် မိုးမောင်ကျန်း ဆင်အား ဒဏ်ရာရရှိအောင် တူမီးသေနတ်ဖြင့် ပစ်ခတ်သူကို ဖော်ထုတ်ဖမ်းဆီး အရေးယူပေးရန် လက်ပန်လှ နယ်မြေရဲစခန်း၌ ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းဇော်ဦး(ပြန်/ဆက်)**

# ရထားပေါ်တွင် စီးနင်းလိုက်ပါသော ထိုင်းဆရာတော်ထံမှ ပစ္စည်းခိုးယူသူအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မန္တလေး-ရန်ကုန် အမှတ် (၄) အစုန်အမြန်ရထားဖြင့် မန္တလေးမှ ရန်ကုန်ဘက်သို့ စီးနင်းလိုက်ပါလာသော ထိုင်းနိုင်ငံသား ထိုင်းဆရာတော်ထံမှ ပစ္စည်းခိုးယူသူကို အချိန်တိုအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်က မန္တလေး-ရန်ကုန် အမှတ်(၄) အစုန်အမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသော ထိုင်းနိုင်ငံသား ထိုင်းဘုန်းတော်ကြီး Mr- Chai Wat သည် အေလာဘူတာမရောက်ခင် ၎င်း၏ ခရီးဆောင်လွယ်အိတ် ပျောက်ဆုံးသွားကြောင်း အေလာနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

အေလာနယ်မြေရဲစခန်းမှူး ရဲအုပ် ကျော်ကျော်ဦး ကြီးကြပ်မှုဖြင့် နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်နှင့် အဖွဲ့က စုံစမ်းဆောင်ရွက်ခဲ့ရာတွင် အခင်းဖြစ်ပြီး တစ်နာရီကျော်ခန့်တွင် အေလာဘူတာ၌ ရထားပေါ်တွင် ဈေးရောင်းသည့် ပျဉ်းမနားမြို့နေ ကျော်ရဲအောင်မှာ ဒေါ်လာများ ကိုင်တွယ်နေသည်ကို မြင်တွေ့ရကြောင်း သတင်းရရှိ၍ ပျဉ်းမနားမြို့ ရန်အောင် (၂) နယ်မြေ ၁၆ တွင် နေထိုင်သည့် ကျော်ရဲအောင် (၂၃ နှစ်)၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ကျော်ရဲအောင်အား ဖမ်းဆီးရမိပြီး ၎င်းထံမှ ဆရာတော်ပျောက်ဆုံးနေသည့် အိတ်အတွင်းမှ ငွေများ တွေ့ရှိရပြီး ကျန်ရှိသည့် လွယ်အိတ်နှင့် ပစ္စည်းများကို ဆက်လက်မေးမြန်းရာ ပျဉ်းမနားဘူတာနှင့် ပြည်ဝင်ဘူတာအကြား၌ ရထားပေါ်မှ လွှင့်ပစ်ခဲ့ကြောင်း ထွက်ဆိုသဖြင့် ပျဉ်းမနားဘူတာနှင့် ပြည်ဝင်ဘူတာအကြား ရထားလမ်းတစ်လျှောက်ရှာဖွေခဲ့ရာ ၎င်းလွှင့်ပစ်ခဲ့သည့် ဘုန်းတော်ကြီး၏ ပစ္စည်းများကိုတွေ့ရှိခဲ့ကြောင်း၊



အေလာနယ်မြေရဲစခန်းမှ ကျော်ရဲအောင် (**အပေါ်ပုံ**) ကို ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# ပြည်-ကံမလမ်းပေါ်တွင် ဆိုင်ကယ်စီးလာသူ အမျိုးသမီးနှစ်ဦးအား တူမီးသေနတ်ဖြင့် ပစ်ခတ်သူများကို ဖမ်းဆီးရမိ

**ပန်းတောင်း ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာအနီး ပြည်- ကံမကားလမ်း မိုင်တိုင်အမှတ် ၂၂/၇ နှင့် ၂၃ မိုင်ကြားတွင် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဆိုင်ကယ်စီးလာသူ အမျိုးသမီးနှစ်ဦး တူမီးသေနတ်ဖြင့် ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပန်းတောင်းမြို့နယ် ဒန့်ဒလွန်ကျေးရွာအုပ်စု ကြာအင်းကျေးရွာနေ မပပဝင်း (၁၈ နှစ်)မှ ဆိုင်ကယ်မောင်းနှင်ပြီး ဆိုင်ကယ်နောက်မှ မချစ်ဦးမေ(၁၆ နှစ်) ကြာအင်းကျေးရွာနေသူ လိုက်ပါလာသည့် ဆိုင်ကယ်အမှတ် ၃၆ယ/----- မှာ ကြာအင်းကျေးရွာက ဆင်တဲကျေးရွာသို့ မောင်းနှင်လာစဉ် အမျိုးသားနှစ်ဦး မောင်းနှင်လာသောဆိုင်ကယ်မှ မပပဝင်းတို့ဆိုင်ကယ်ကို ကျော်တက်သွားပြီး ပြည်- ကံမလမ်း မိုင်တိုင်အမှတ် ၂၂/၇ နှင့် ၂၃ ကြားအရောက်တွင် တာလမ်းဘေးတွင်ရပ်၍ စောင့်ဆိုင်းကာ မပပဝင်းတို့ ဆိုင်ကယ်ရောက်ရှိလာချိန်တွင် လမ်းအလယ်သို့တက်လာပြီး အရပ် ငါးပေခန့်ရှိသူက ၎င်းလက်တွင် အသင့်ကိုင်ဆောင်ထားသော အရှည်တစ်တောင်ခန့်ရှိ သေနတ်ဟုယူဆရသော သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ မပပဝင်းတွင် ယာဘက်ရင်အုံဖောက်ဝင်ဒဏ်ရာ နှစ်ချက်(အတွင်းလူနာ/မစိုးရိမ်ရ)ရရှိခဲ့ပြီး ဆိုင်ကယ်မှာ ယင်းနေရာတွင် လဲကျသွားကြောင်း၊ နောက်မှ လိုက်ပါလာသူ မချစ်ဦးမေမှာ ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ရာ ရွာသစ်ကုန်းကျေးရွာ မုဆိုးဘုရားတောရဘုန်းကြီးကျောင်းအနီး လမ်းပေါ်တွင် သီဟစိုး (၁၈ နှစ်) လက်ခုပ်ပင်ကျေးရွာ ပြည်မြို့နေသူနှင့် ဝင်းကိုအောင် (၁၇ နှစ်) ကျီးပင်ကျေးရွာ ပန်းတောင်းမြို့နယ်နေသူတို့အား ဆိုင်ကယ်နှစ်စီးဖြင့် မသင်္ကာဖွယ်တွေ့ရှိ၍ စစ်မေးရာမှ မပပဝင်းတို့အား တူမီးသေနတ်ဖြင့်ပစ်၍ ဆိုင်ကယ်လုယူရန် ကြံစည်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သေနတ်ကို ဖိုးဦးတောင်ဘုရားခြေရင်း ကားရပ်နားကွင်းနောက်ဘက်ရှိ သစ်ပင်များကြားမှ သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ သီဟစိုးနှင့် ဝင်းကိုအောင်တို့အား ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မြင့် (ပန်းတောင်း)**


CATERPILLAR & OLYMPIAN GENSETS

MSP CAT

DE250EO Sound Proof

Year End Sale

10% to 20% Off

DE250EO Open

GEH250-4 Sound Proof

| Only for below model | kVA | |
|---|---|---|
| | Prime | Stand by |
| Caterpillar DE165EO Open Type | 150 | 165 |
| Caterpillar DE250EO Sound Proof | 230 | 250 |
| Caterpillar DE250EO Open Type | 230 | 250 |
| Caterpillar DE300EO Open Type | 275 | 300 |
| Caterpillar DE300EO Sound Proof | 275 | 300 |
| Caterpillar 3406-320 Open Type | 320 | 350 |
| Olympian GEH250-4 Sound Proof | 230 | 250 |
| Olympian GEH300-1 Open Type | 275 | 300 |
| Olympian GEH330-1 Open Type | 300 | 330 |

While Stock Available.

No. 16, Mya Marlar Lane, Industrial Zone, Thaketa Township, Yangon.

Tel : 09-960200783, 09-975543604, 09-251188662



ဝန်ဆောင်မှု San brotherhood

Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက် များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

တပ်ဆင်ပြီးဈေးနှုန်း Copper Pipe 10Ft

1HP 320,000 Ks

၁။ နာမည်ကြီး Brand
၂။ စိတ်ချရသည့်အာမခံ
၃။ အထူးအာမခံ (Compressor)

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

ဇဝန (သဃ်န်းကျွန်း) 09-5148138, 09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City (လှိုင်သာယာ) 01-3681854, 09-5084831
နီဗ္ဗာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုဓမ္မာလမ်း(မ/ဥက္ကလာ) 09-5190383, 09-73251535
အင်းဝအိမ်ရာ (တ/ဒဂုံ) 01-709114, 09-5019316
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73066836
ဆင်မင်းဈေးအနီး (အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218

# ဘရပ်ဆဲလ်၌ ရဲများနှင့် ဆန္ဒပြသူများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားကာ လူ ၄၅၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်း



ဘရပ်ဆဲလ်မြို့ဆင်ခြေဖုံး၌ စနေနေ့က အဝါရောင်ဝတ်ဆန္ဒပြသူများကို ရဲများက ထိန်းသိမ်းရန် စောင့်ကြပ်နေစဉ်။

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၉**

ဘရပ်ဆဲလ်၌ စနေနေ့က အဝါရောင်ဝတ် ဆန္ဒပြသူ ၁၀၀၀ ခန့်နှင့် ရဲတပ်ဖွဲ့အင်အားစုတို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီးနောက် လူ ၄၅၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

စနေနေ့ ညနေပိုင်းတွင် ဘယ်လ်ဂျီယံရဲတပ်ဖွဲ့သည် ဝန်ကြီးချုပ် ချားလ်စ်မစ်ချယ် ရာထူးမှ နုတ်ထွက်ရေးကို တောင်းဆိုနေကြသည့် အဝါရောင်ဝတ် ဆန္ဒပြသူများနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။

လမ်းပေါ်ရှိ အမှတ်အသားပြ ဆိုင်းဘုတ်များ၊ ပုလင်းများနှင့် အခြားပစ္စည်းများကို ရိုက်ချိုးဖျက်ဆီးနေကြသည့် အမျိုးသားတစ်စုကို ရဲများက ငရုတ်ကောင်းရည်ဘူးများဖြင့် ပက်ဖျန်းခဲ့ကြသည်။ ဆန္ဒပြသူများသည် ဥရောပပါလီမန်အဆောက်အအုံတွင် ပိတ်ဆို့ထားသည့် လမ်းပေါ်မှ အရံအတားများကို ချိုးဖျက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြသည်။ ဆန္ဒဖော်ထုတ်သူများသည် ဆောင်ပုဒ်များကို ကိုင်ဆောင်လာကြပြီး မက်ခရွန်နှင့် မစ်ချယ် ရာထူးမှဆင်းဟု ကြွေးကြော်ခဲ့ကြသည်။ ဘယ်လ်ဂျီယံရဲတပ်ဖွဲ့သည် မျက်ရည်ယိုဗုံးများနှင့် ရေပိုက်များကို အစိုးရရုံးများနှင့် ပါလီမန်လွှတ်တော်အနီးရှိ ဆန္ဒပြပြည်သူများထံသို့ တစ်နေ့လုံး ပက်ဖျန်းခဲ့ရသည်။

ဆန္ဒပြသူများသည် ကျောက်ခဲများ၊ မီးရှူးမီးပန်းများနှင့် အခြားအရာဝတ္ထုများကို ရဲများထံသို့ ပစ်ပေါက်ခဲ့ကြသည်ဟု သိရသည်။ ဥရောပကော်မရှင်အဖွဲ့ရုံးနှင့် ဥရောပပါလီမန်ရုံးအပါအဝင် အခြားသော ဥရောပအဖွဲ့အစည်းများရှိရာ အဆိုပါဧရိယာ၌ ကြိုတင်ကာကွယ်မှုများ စီစဉ်ဆောင်ရွက်ခဲ့ရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်းက လောင်စာဆီဈေးနှုန်း ကြီးမြင့်မည့်အစီအစဉ်ကို ဆန့်ကျင်ရာမှ စတင်ဖြစ်ပွားလာသည့် ဆန္ဒဖော်ထုတ်မှုများသည် ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများဆီသို့ ပျံ့နှံ့သွားခဲ့သည်။

**ဆင်ဟွာ**



အမေရိကန် အိမ်ဖြူတော်အကြီးအကဲ ဂျွန်ကယ်လီ

# အိမ်ဖြူတော်အကြီးအကဲ ဂျွန်ကယ်လီ နှစ်ကုန်ပိုင်းတွင် ရာထူးမှထွက်ခွာမည်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန် အိမ်ဖြူတော်အကြီးအကဲ ဂျွန်ကယ်လီသည် ယခုနှစ်ကုန်ဆုံးလျှင် ရာထူးတာဝန်များမှ အနားယူတော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က စနေနေ့တွင် ပြောကြားခဲ့သည်။ ဖီလာဒဲဖီးယားရှိ ကြည်းတပ်နှင့် ရေတပ်ဖွဲ့ ဘောလုံးပွဲသို့မသွားမီ အိမ်ဖြူတော်၌ သတင်းထောက်များအား စကားပြောဆိုခဲ့ရာတွင် ထရမ့်က ကယ်လီအား လူတော်တစ်ယောက်ဟု ပြောဆိုခဲ့သည်။

ကယ်လီသည် ၎င်းနှင့် နှစ်နှစ်နီးပါး အတူလုပ်ကိုင် ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ၎င်း၏ တာဝန်ကျေပွန်မှုကို ထရမ့်က အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။ ကယ်လီ၏နေရာတွင် ဝင်ရောက်လာမည့်သူကို မကြာခင် ထုတ်ဖော်ကြေညာသွားမည်ဖြစ်သည်ဟု ထရမ့်က ပြောခဲ့သည်။

ဒုတိယသမ္မတ မိုက်ပန့်စ်၏ ရုံးအဖွဲ့အကြီးအကဲ နစ်အေယာစ်ကိုလည်း ကယ်လီ၏နေရာတွင် ခန့်အပ်နိုင်ဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ အသက် ၃၆ နှစ်ရှိပြီဖြစ်သည့် အေယာစ်သည် ကြားကာလ၌ တာဝန်ထမ်းဆောင်မည်ဟု သမ္မတသို့ ပြောကြားခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

ဂျွန်ကယ်လီ ရာထူးမှအနားယူချိန်တွင် ခန့်အပ်နိုင်ဖွယ်ရှိသူများစာရင်းတွင် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်တီဇာတို့လည်း ပါဝင်ကြောင်း သိရသည်။

ထရမ့်သည် နိုဝင်ဘာ ၆ ရက် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အစိုးရအဖွဲ့အစည်းအတွင်း အပြောင်းအလဲများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။

**ဆင်ဟွာ**

# ယီမင်စစ်ပွဲကြောင့် ပြည်သူသန်း ၂၀ ကျော် အစာရေစာ မလုံလောက်မှုကို ရင်ဆိုင်နေရ

**ဒူဘိုင်း ဒီဇင်ဘာ ၉**

ယီမင်နိုင်ငံသား သန်း ၂၀ ခန့်တို့သည် အစာရေစာ မလုံလောက်မှုကို ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂအေဂျင်စီက စနေနေ့တွင် ပြောကြားခဲ့သည်။ အစာရေစာငတ်မွတ်ခေါင်းပါးမှု အခြေအနေ ဆိုးရွားလာမှုနောက်ကွယ်တွင် အဓိကကျသည့်အကြောင်းမှာ နိုင်ငံအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂအေဂျင်စီက ဖြည့်စွက်ပြောကြားခဲ့သည်။

ယီမင်၌ လူပေါင်း ၁၅ ဒသမ ၉ သန်းသည် ဆာလောင်မှုဖြင့် နိုးထလာကြရသည်ဟု စားနပ်ရိက္ခာလုံခြုံရေး စစ်တမ်းကောက်ယူမှုအဖွဲ့၏ အချက်အလက်များကို ကိုးကားလျက် ကုလသမဂ္ဂအဖွဲ့က ဖော်ပြခဲ့သည်။

စားနပ်ရိက္ခာလုံခြုံရေး စစ်တမ်းကောက်ယူမှုအဖွဲ့က ယီမင်ပြည်သူ သန်း ၂၀ တို့မှာ အစာရေစာ မလုံလောက်မှုကို ဆိုးဆိုးရွားရွား ကြုံတွေ့နေရပြီး ယင်းလူဦးရေသည် ယီမင်နိုင်ငံရှိ လူဦးရေ၏ ၆၇ ရာခိုင်နှုန်းကို ကိုယ်စားပြုနေကြောင်း ဖော်ပြသည်။

ယီမင်နိုင်ငံသား သန်းပေါင်းများစွာတို့ကို ကယ်ဆယ်ရန်အတွက် ယီမင်ရှိ ဧရိယာအားလုံးဆီသို့ အကူအညီအထောက်အပံ့ အလုံးအရင်းရောက်ရှိရန် လိုအပ်နေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ အကြီးအကဲ ဒေးဗစ်ဘီစလီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဟွာဝေးနည်းပညာလုပ်ငန်းစု အကြီးအကဲမန်ဝမ်ကျို့ကို အမြန်ဆုံးပြန်လွှတ်ပေးရန် တရုတ်နိုင်ငံက သတိပေး

**ပေကျင်း ဒီဇင်ဘာ ၉**

ဟွာဝေးနည်းပညာလုပ်ငန်းစု၏ အကြီးတန်းအမှုဆောင်အရာရှိတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကနေဒါသံရုံးနှင့် အချေအတင်ဖြစ်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယင်းဖမ်းဆီးမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး လီယူချန်သည် တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ် ဂျွန်မက်ကော်လမ်ကို စနေနေ့က ဆင့်ခေါ်ခဲ့သည်။ ဟွာဝေးကုမ္ပဏီတည်ထောင်သူ၏ သမီးဖြစ်သူ မန်ဝမ်ကျို့သည် အမေရိကန်သို့ လွှဲပြောင်းခံရဖွယ်ရှိနေကြောင်း အင်န်အိတ်ချ်ကေ သတင်း၌ ဖော်ပြထားသည်။ ၎င်းကို ဒီဇင်ဘာ ၁ ရက်နေ့က ကနေဒါနိုင်ငံရှိ လေဆိပ်တစ်ခု၌ ဖမ်းဆီးခဲ့သည်။ သို့သော်လည်း မန်ဝမ်ကျို့၏ တောင်းဆိုမှုဖြင့် အဆိုပါသတင်းကို အများပြည်သူအား အသိပေးခြင်း မပြုခဲ့ပေ။

မန်ဝမ်ကျို့အား ဖမ်းဆီးထိန်းသိမ်းရသည့်အကြောင်းကို မသိရှိရသေးသော်လည်း အမေရိကန်ပြည်ထောင်စုက အီရန်အပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ချိုးဖောက်ရာတွင် ပါဝင်ပတ်သက်ခဲ့ဖွယ်ရှိမှုဖြင့် ဟွာဝေးကုမ္ပဏီအား စွဲချက်တင်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဆိုသည်။

မန်အားဖမ်းဆီးမှုသည် တရုတ်နိုင်ငံ၏ အခွင့်အရေးကို ချိုးဖောက်ရာရောက်ကြောင်းနှင့် အလွန်တရာဆိုးရွားသော လုပ်ဆောင်မှုဖြစ်ကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးလီက ပြောကြားခဲ့သည်။ မန်ဝမ်ကျို့အား ကနေဒါနိုင်ငံက အမြန်ဆုံးလွှတ်ပေးရန်နှင့် တရားဥပဒေနှင့်အညီ ၎င်း၏အခွင့်အရေးကို ကာကွယ်ရန် တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။

အကယ်၍ မန်အား မလွှတ်ပေးပါက ကနေဒါနိုင်ငံသည် ဆိုးရွားသည့် နောက်ဆက်တွဲ အကျိုးဆက်များကို ခံစားရလိမ့်မည်ဖြစ်သည်ဟု တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးလီက သတိပေးခဲ့ကြောင်း သိရသည်။

ဟွာဝေး၏ ဘဏ္ဍာရေး အမှုဆောင်အရာရှိချုပ် မန်ဝမ်ကျို့အား ကနေဒါအာဏာပိုင်များက မရေရာသော စွဲဆိုချက်များဖြင့် ထိန်းသိမ်းခဲ့မှုအပေါ် ဟွာဝေးကုမ္ပဏီအနေဖြင့် မန်ဝမ်ကျို့ ကျူးလွန်ခဲ့သည်ဆိုသော မှားယွင်းမှုတစ်စုံတစ်ရာကိုမှ မတွေ့ရှိရသေးကြောင်း၊ အမေရိကန်နှင့် ကနေဒါ တရားရေးရာအနေဖြင့် အချိန်အတိုင်းအတာတစ်ခုအတွင်း ဆုံးဖြတ်ချက်ချနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဟွာဝေးအနေဖြင့် ကုလသမဂ္ဂ၊ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂနိုင်ငံများ၏ ကုန်တင်ပို့ထိန်းချုပ်ခြင်းနှင့် ခွင့်ပြုချက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပါအဝင် ၎င်းလုပ်ငန်း လည်ပတ်ရာနေရာတိုင်း၏ သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း ဟွာဝေးကုမ္ပဏီ၏ သဘောထားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

**အင်န်အိတ်ချ်ကေ၊ ဟွာဝေး**




ဟွာဝေးနည်းပညာလုပ်ငန်းစုအကြီးအကဲ မန်ဝမ်ကျို့

## နိုင်ငံတကာ သတင်းတိုထွာ

### လလေ့လာစူးစမ်းရေး ဂြိုဟ်တုတစ်လုံး တရုတ် အောင်မြင်စွာလွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံသည် လ လေ့လာစူးစမ်းရေး ဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာ လွှတ်တင်ခဲ့ပြီး ယင်းဂြိုဟ်တုသည် လ၏ အလွန်ဝေးကွာသော မျက်နှာပြင် ပေါ်သို့ ရောက်ရှိကာ စူးစမ်းလေ့လာမှုများ လုပ်နိုင်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ထားသည်။

ချန်ဂီ-၄ ဟု အမည်ပေးထားသော ယင်းဂြိုဟ်တုကို သယ်ဆောင်မည့် ဒုံးပျံ တစ်စင်းကို စီချမ်ပြည်နယ် အာကာသ စခန်းမှ ဒီဇင်ဘာ ၈ ရက်က လွှတ်တင်ခဲ့သည်။ ယခုလွှတ်တင်သည့် လမျက်နှာပြင် စူးစမ်းလေ့လာရေး ဂြိုဟ်တုသည် လမျက်နှာပြင်အနေအထားနှင့် ဖွဲ့စည်းပုံတို့ကို လေ့လာသွားမည် ဖြစ်ကြောင်း သိရသည်။

လွှတ်တင်မှုကို ပြုလုပ်ခြင်းမပြုမီ ကြိုတင်အစီအစဉ်အနေဖြင့် တရုတ်နိုင်ငံသည် ဂြိုဟ်ပတ်လမ်းအတွင်း လက်ဆင့်ကမ်းဂြိုဟ်တုတစ်လုံးကို ယခုနှစ် မေလက လွှတ်တင်ခဲ့ပြီး ချန်ဂီ-၄ နှင့် ချိတ်ဆက်မှု ရရှိရန် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လ၏ဝေးကွာသော မျက်နှာပြင်နှင့် ဆက်သွယ်မှုရရှိနိုင်ရန် လွန်စွာခက်ခဲကြောင်း သိရသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းမျက်နှာပြင်သည် ကမ္ဘာမြေမှုကြည့်သော် တခြားတစ်ဖက်တွင် တည်ရှိနေသောကြောင့်ဖြစ်သည်။

မကြာမီ ရက်သတ္တပတ်အတွင်း လ၏ ဝေးကွာသော မျက်နှာပြင် စူးစမ်းရေး ဂြိုဟ်တုသည် လပေါ်သို့ ရောက်ရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဂျပန်အမျိုးသမီးတစ်ဦးကို သူလျှိုလုပ်မှုဖြင့် ရှန်ဟိုင်းတရားရုံးက ထောင်ဒဏ်ချ

**ရှန်ဟိုင်း ဒီဇင်ဘာ ၉**

ရှန်ဟိုင်း တရားရုံးတစ်ရုံးက ဂျပန်အမျိုးသမီးတစ်ဦးကို သူလျှိုလုပ်မှုဖြင့် ထောင်ဒဏ်ခြောက်နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးသည် မူရင်း တရုတ်ဇာတိဖြစ်ပြီး အသက် ၅၇ နှစ်ရှိပြီဖြစ်ကြောင်း သံတမန်အသိုင်းအဝိုင်းကပြောသည်။ ၎င်းကို တရုတ်အာဏာပိုင်များက ၂၀၁၅ ဇွန်လတွင် ဖမ်းဆီးခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် စွဲချက်တင်ခဲ့သည်။ ၎င်း၏ ပြစ်မှုနှင့် ပတ်သက်ပြီး အတိအကျ မသိရသေးကြောင်း သိရသည်။

သို့သော် တရားရုံးက ၎င်းသည် သူလျှိုလုပ်မှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သဖြင့် ထောင်ဒဏ်ခြောက်နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။ ထို့အတူ ၎င်းထံမှ အမေရိကန်ဒေါ်လာ ၇၅၀၀ ခန့်လည်း သိမ်းဆည်းရမိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ချက် အောင်မြင်မှုရရှိ

**ထွန်းသစ်စ**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့လွန်ခဲ့တဲ့လတွေက အရှေ့တောင်အာရှခရီးစဉ်တွေအတွင်းမှာ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ကြဖို့ ဖိတ်ခေါ်ချက်ဟာ အောင်မြင်မှုအခွင့်အလမ်းတွေ များနေတာကို တွေ့ရတယ်လို့ Asian Correspondent သတင်းမှာ ဖော်ပြခဲ့ပါတယ်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၂-၁၁-၂၀၁၈ ရက်က စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

**စိတ်ဝင်စားသူတွေများလာ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရှေ့တောင်အာရှခရီးစဉ်တွေအပြီးမှာတော့ ဒေသတွင်းရဲ့ နောက်ဆုံးစီးပွားရေးနယ်ပယ်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ စိတ်ဝင်စားသူတွေ များလာနေတယ်လို့ သိရပါတယ်။

**မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းမြင့်တက်မည်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာဝန်ယူခဲ့တဲ့ ၂၀၁၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ရှုပ်ထွေးနေသေးတာ၊ ငွေကြေးတန်ဖိုး တည်ငြိမ်မှုမရှိသေးတာ၊ ပဋိပက္ခတွေဖြစ်နေသေးတာ၊ အကျင့်ပျက်ခြစားတာတွေ ရှိနေသေးပေမယ့်လည်း မြန်မာ့စီးပွားရေး တိုးတက်မှုနှုန်းဟာ လာမယ့် ၂၀၁၉ ခုနှစ်မှာ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာမယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။

**ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်**

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှရဲ့ အလားအလာရှိတဲ့ နောက်ဆုံးဈေးကွက် ဖြစ်ပေါ်လာဖို့လည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလိုပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်တဲ့နေရာမှာ နိုင်ငံတကာက လာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာဖို့နဲ့ ဒေသတွင်း၊ နိုင်ငံတကာသဘောတူညီမှုတွေနဲ့ ကိုက်ညီတဲ့ စီးပွားရေးဖြစ်ထွန်းဖို့အတွက် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ နည်းပညာအကူအညီနဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှာ ပြည်ထောင်စုလွှတ်တော်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့တယ်လို့ အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစည်းအဝေး- ၂၀၁၈ မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် အသစ်ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေသစ်မှာ စီးပွားရေးလုပ်ငန်းရှင်များအား တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်ဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူမြန်ဆန်တဲ့ နည်းလမ်းတွေကတစ်ဆင့် စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးတဲ့၊ အရေးကြီးတဲ့အချက်တွေ များစွာပါဝင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအားလုံးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်ရယူရန် မလိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သိမ်းပိုက်ခံရခြင်း မရှိစေရန် အာမခံကြောင်းလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိရာ သိသာထင်ရှားသည့်အပြောင်းအလဲမှာ နှစ် ၁၀၀ ကျော်သက်တမ်းရှိ ကုမ္ပဏီအက်ဥပဒေကို လက်ရှိစီးပွားရေးဝန်းကျင်နှင့် ကိုက်ညီစေရန် မကြာသေးမီက ပြောင်းလဲနိုင်ခဲ့ခြင်းသည် အရေးပါသော ပြုပြင်ပြောင်းလဲမှုတစ်ခုဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် မှတ်ပုံတင်စရာမလိုဘဲ စီးပွားရေးရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့နေရလေ့ရှိသည့် နှောင့်နှေးကြန့်ကြာမှုများကို ကျော်လွှားနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီနှင့် ပြုလုပ်ပြီးကာလများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြတင်းတစ်ပေါက်စနစ် ပေါ်ထွန်းရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် လွယ်ကူရှင်းလင်းပြီး ကြိုတင်မှန်းဆနိုင်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။

**စီးပွားရေးတိုးတက်မှုကို တွေ့ရ**

ယနေ့မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကနဲ့ မတူဘဲ မကြုံစဖူး ကမ္ဘာ့မေခရီစီးပွားရေးစနစ်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ ကြုံတွေ့နိုင်တဲ့အနေအထားမှာ ရှိနေပါတယ်။ အဲဒီလို ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်နေရချိန်မှာ ၂၀၁၈ ခုနှစ်အတွက် အာရှတိုက်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ ၆ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ အဲဒီအခြေအနေဟာ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်ရဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုပါက ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာတယ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဒါတွေကို လေ့လာကြည့်မယ်ဆိုရင် အာရှတိုက်ရဲ့ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်လာတယ်လို့ သုံးသပ်ရမှာဖြစ်သလို ကျွဲကူးရေပါဆိုသလို မြန်မာနိုင်ငံရဲ့ စီးပွားရေး အလားအလာမှာလည်း ကောင်းမွန်လျက်ရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ထို့အပြင် ကမ္ဘာအနှံ့မှာ ကိုယ်ကျိုးစီးပွားကာကွယ်မှုဝါဒများ အရှိန်အဟုန်မြင့်မားလာနေပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှ နှစ်နိုင်ငံချင်းဆက်ဆံရေးကို ပိုမိုအသားပေးလာချိန်၊ အချို့ကဏ္ဍများမှာ တံခါးပိတ်ဝါဒကို ကျင့်သုံးလာပြီး အချို့နိုင်ငံများကြား ငွေကြေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများ ဖြစ်ပေါ်လာနေချိန်မှာ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ ပြန်လည်ရှင်သန်လာတယ်ဆိုတဲ့အကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းမှာ တွေ့ရမှာပဲ ဖြစ်ပါတယ်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

မြန်မာနိုင်ငံရဲ့ ဈေးကွက်ပွင့်လင်းလာရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှရဲ့အလားအလာရှိတဲ့ နောက်ဆုံးဈေးကွက်လို့ ဆိုရမယ့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိသလို မြန်မာနိုင်ငံရဲ့ အဓိကဦးစားပေးကဏ္ဍများဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ တန်ဖိုးမြင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ထုတ် လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်ရေး စက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ လျှပ်စစ်၊ ထောက်ပံ့ပို့ဆောင်ရေး၊ ပညာရေးနဲ့ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ တန်ဖိုးသင့်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများနဲ့ စက်မှုဇုန်တည်ထောင်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖိတ်ခေါ်ခဲ့သလို မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကောင်းကျိုးရလဒ်တွေ ရမယ်လို့လည်း ဆိုပါတယ်။

အခုလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဖိတ်ခေါ်မှုတွေရဲ့ အကျိုးရလဒ်ကတော့ အခုဆိုရင် အံ့မခန်းပါပဲ။ လွန်ခဲ့တဲ့ သီတင်းပတ်က ဟောင်ကောင်ကုမ္ပဏီအတော်များများဟာ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ အခွင့်အလမ်းတွေ ရှာဖွေခဲ့ကြတယ်လို့ သိရပါတယ်။ သူတို့တွေဟာ မြန်မာနိုင်ငံရဲ့ လျှပ်စစ်၊ လမ်း၊ တံတား၊ လေဆိပ်၊ ဆိပ်ခံနဲ့ အင်တာနက်ဆက်သွယ်ရေးကဏ္ဍတွေမှာ ရှာဖွေခဲ့ကြပါတယ်။

**ရှစ်ခုမြောက်အကြီးဆုံး**

အာဆီယံဒေသတွင်းမှာ မြန်မာနိုင်ငံဟာ ဟောင်ကောင်ရဲ့ ရှစ်ခုမြောက်အကြီးဆုံး သွင်းကုန်၊ ပို့ကုန် စီးပွားရေးဈေးကွက်တည်ရှိရာ နေရာတစ်ခုဖြစ်တယ်လို့ ဟောင်ကောင် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုကောင်စီက ပြောပါတယ်။ လွန်ခဲ့တဲ့နှစ်ကတင် မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ သန်း ၂၉၀ ရှိ ကုန်ပစ္စည်းတွေ တင်ပို့ခဲ့သလို အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၉ သန်းရှိမြန်မာ့ထွက်ကုန်တွေကို တင်သွင်းခဲ့ပါတယ်။

မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ နိုင်ငံတွေထဲမှာ တရုတ်၊ စင်ကာပူ၊ ထိုင်းပြီးနောက် ဟောင်ကောင်ဟာ စတုတ္ထအကြီးဆုံး လာရောက်ရင်းနှီးမြှုပ်နှံသူဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ကုန်မှာ များသောအားဖြင့် လယ်ယာထွက်ကုန်များဖြစ်ကြောင်း၊ ထို့အတူ ထုတ်လုပ်မှုမှာလည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း သိရပါတယ်။ ထို့အတူ လုပ်ခနည်းအလုပ်သမား ပေါများမှုနဲ့အတူ စီးပွားရေးအခြေအနေ ကောင်းမွန်လာသလို စက်မှုလုပ်ငန်းနဲ့ဆိုင်တဲ့ အခြေခံအဆောက်အအုံများနဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေ များလာနေတဲ့အတွက် အထည်ချုပ်လုပ်ငန်းများ၊ ဖိနပ်လုပ်ငန်းများကိုလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရပါတယ်။

**အထူးစိတ်ဝင်စား**

ဟောင်ကောင် ကုမ္ပဏီအများစုဟာ အာဆီယံနိုင်ငံများ၏ ဟိုတယ်လုပ်ငန်းများကို အထူးစိတ်ဝင်စားသလို မြန်မာနိုင်ငံဟာ ခရီးသွားလုပ်ငန်းအတွက် တကယ့်ကိုပဲ စိတ်ဝင်စားစရာကောင်းပြီး ဆွဲဆောင်မှုရှိတဲ့ နေရာတစ်ခုဖြစ်တယ်လို့ ဟောင်ကောင် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုကောင်စီ အမှုဆောင်ညွှန်ကြားရေးမှူး စတီဖင်လီယန်က ဆိုပါတယ်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်ရင် မြန်မာနိုင်ငံဟာ အခုဆိုရင် နိုင်ငံတကာရဲ့ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ အခွင့်ကောင်းပဲဆိုတာ သိသာထင်ရှားလှပါတယ်။ ထို့အတူပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဖိတ်ခေါ်ချက်ဟာ တကယ့်ကိုပဲ အောင်မြင်တယ်လို့ ဆိုချင်ပါတယ်။ ။ **ကိုးကား- အေးရှန်းကော်ရက်စပွန်းဒင့်**

**“မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဖိတ်ခေါ်မှုတွေရဲ့ အကျိုးရလဒ်ကတော့ အခုဆိုရင် အံ့မခန်းပါပဲ။ လွန်ခဲ့တဲ့ သီတင်းပတ်က ဟောင်ကောင်ကုမ္ပဏီ အတော်များများဟာ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ အခွင့်အလမ်းတွေ ရှာဖွေခဲ့ကြတယ်လို့ သိရ”**

## လူငယ့်အသံ၊ လူငယ့်အနာဂတ် ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

**ပဲခူး ဒီဇင်ဘာ ၉**

ပဲခူးမြို့ ညောင်အင်းလမ်းဆုံ Famous Hotel တွင် ဒီဇင်ဘာ ၇ ရက်က ကျင်းပသော လူငယ့်အသံ လူငယ့်အနာဂတ်ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အားပေးသည်။

ရှေးဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လူငယ်ထုများက သမိုင်းကို နားလည်ပြီး ပြန်လည်ဆင်ခြင်၍ စည်းလုံးစွာနေထိုင်ကြရန်၊ လူငယ့်အားဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ တိုင်းပြည်၏နောင်တစ်ချိန်တွင် လူငယ့်ကဏ္ဍအရေးပါမှုသည် အထူးအရေးကြီးပြီး လူငယ်များအနေ ဖြင့် ရုပ်ပိုင်းဆိုင်ရာများတိုးတက်ဖွံ့ဖြိုးမှုထက် အမျိုးသားရေးစိတ်ဓာတ်များနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ တိုးတက်နေသည့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာနေပြီး ကြိုးစားဆောင်ရွက်ကြရန်တို့ကို ပြောကြားသည်။

ထို့နောက် halcon အဖွဲ့အစည်း၏ အမှုဆောင်ဒါရိုက်တာ စာရေးဆရာ လင်းညိုသွေးက မိတ်ဆက်စကားပြောကြားပြီး လူငယ့်အသံ၊ လူငယ့်အနာဂတ်ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံလူငယ်များက "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လူငယ်များ၏ အမြင်နှင့်ပါဝင်ဆောင်ရွက်မှုအား ကနဦးလေ့လာဆန်းစစ်ခြင်း" တွေ့ရှိချက်များ တင်ပြကာ အပြန်အလှန်ဆွေးနွေးပြီး တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီအတွင်းရေးမှူး သန်းထိုက်အောင်က အကြံပြုဆွေးနွေးကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးအတွင်းရှိ လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေနည်းဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရေး ပြည်သူ့ကြားနာပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့် သားသတ်ဌာန၏ ဥပဒေနည်းဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရေး ပြည်သူ့ကြားနာပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးရှိ သဘင်ဆောင်ခန်းမ၌ ဒီဇင်ဘာ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က ပြည်သူ့ကြားနာပွဲ ကျင်းပရခြင်း အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်သူ့ကြားနာပွဲကို ဆက်လက်ကျင်းပသည်။




အဆိုပါ ပြည်သူ့ကြားနာပွဲကို ဒီဇင်ဘာ ၇ ရက် မှ ၉ ရက်အထိ ကျင်းပခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီး ၁၄ ခု အနက် ဈေးနှင့် သားသတ်ဌာန၏ ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရေး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးရောင်းချသူများ၊ CSO များ၊ လာရောက်လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကျောက်ဖြူခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဒီဇင်ဘာ ၆ ရက်က ကျောက်ဖြူခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ရန်ကုန်- စစ်တွေ လမ်း၊ အမ်း- စစ်တွေ အပိုင်း မိုင်တိုင် (၂၇/၀-၂၆/၈)တွင် တံတားအထူးအဖွဲ့(၈)မှ တည်ဆောက်နေသည့် ဒါးလက်ချောင်းတံတားအရှည် ပေ ၉၆၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ**(ယာပုံ)** တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်နိုင်ဦးက တံတားတည်ဆောက်နေမှုအခြေအနေနှင့် ပြီးစီးမှုအခြေအနေတို့ကို လိုက်လံရှင်းလင်းပြသသည်။

ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ပြည်နယ်၏ ခရီးသွားမှုနှင့် ကုန်စည်စီးဆင်းရာကို များစွာ အထောက်အကူပြုသည့် တံတားဖြစ်သည့်အတွက် စေတနာထားပြီး ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

အဆိုပါတံတားမှာ အပေါ်ထည် သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်း သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ်ဖြစ်ပြီး အခန်းဖွင့် ပေ ၆၀၊ သံကူကွန်ကရစ် လေးခန်း၊ ပေ ၁၈၀၊ ရေလမ်းကင်းလွတ် အမြင့် ၂၆ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၁၅၀၊ တံတားအကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေနှစ်ဖက်၊ ခွင့်ပြုယာဉ် ၇၅ တန်ဖြစ်ကာ တန်ဖိုးကျပ် ၇၀၇၀ ဒသမ ၀၀ သန်းဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ယခု အခါ ၈၈ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲခရိုင် မအီမြို့ အခြေခံပညာ အထက်တန်းကျောင်းသုံး ထပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် တံတားအထူးအဖွဲ့ (၈) မှ တည်ဆောက်နေသည့် ရွှေတုံးတံတား အရှည် ၁၀၉ ပေ တည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



## အမျိုးသမီးများအပေါ် အကြမ်းမဖက်ရေး ပြဇာတ်များ ကပြ၍ အသိပညာပေး

**မကွေး ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ရင်ခွင့်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ဦးဆောင်စီစဉ်ပြုလုပ်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအဖြစ် မကွေးမြို့ပေါ်တွင် ဒီဇင်ဘာ ၇ ရက်က မော်တော်ယာဉ်ဖြင့် မြို့တွင်းလှည့်လည်ကာ ပြဇာတ်များ ကပြ၍ လူထုအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"နည်းမျိုးစုံနဲ့ အကြမ်းဖက်မှုတွေကို အခုလို ပြဇာတ်လေးတွေပြပြီး ပြည်သူလူထုကို ပညာပေးလုပ်ငန်းတွေ လုပ်ပေးတာဟာ ပြည်သူလူထုက နားလည်လာပြီး အကြမ်းဖက်မှုတွေကို ကာကွယ်မယ့် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်လာမယ်ဆိုရင် ဒီလိုအကြမ်းဖက်မှုတွေကို လျှော့ချနိုင်မှာဖြစ်တဲ့အတွက် အခုလို မော်တော်ယာဉ်နဲ့ ပညာပေးလှည့်လည် ဖျော်ဖြေပေးခဲ့တာပါ" ဟု အသင်းအတွင်းရေးမှူး ဒေါ်စန္ဒာသန်း က ပြောသည်။

မကွေးတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ကြီးမှူးပြီး မကွေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများက ပြဇာတ်များ ကပြ၍ မကွေးမြို့တွင်း လှည့်လည် ဖျော်ဖြေပေးခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်နေပြည်သူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

## တောင်သူများအား နှမ်းစပါးနှင့် ဆောင်းသီးနှံမျိုးစေ့များ ပေးအပ်

**တာချီလိတ် ဒီဇင်ဘာ ၉**

တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲသုံးစွဲနိုင်ရေး၊ တောင်သူများ၏ တစ်ဦးချင်းဝင်ငွေ မြင့်မားပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ တောင်သူများအား နှမ်းစပါးနှင့် ဆောင်းသီးနှံမျိုးစေ့များပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဦးတင်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးချမ်းမြေ့စောတို့က အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က မျိုးစေ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားခဲ့ပြီး ဖြန့်ဖြူးပေးသည့် မျိုးများကို တောင်သူများအနေဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချရန်နှင့် စိုက်ပျိုးအောင်မြင်စေရေးအတွက် ဝန်ထမ်းများမှ ကွင်းထဲအရောက် ကြီးကြပ်ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူ ၆၂ ဦးကို နှမ်းစပါးမျိုး၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း၊ စားဖိုချောင်သီးနှံ အာလူးနှင့် ကြက်သွန်ဖြူမျိုးများအား ပေးအပ်ခဲ့ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနှင့် သက်ဆိုင်သော နည်းပညာပေး သင်တန်းများနှင့် ဇီဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း၊ IMO နည်းပညာပေး လက်ကမ်းစာစောင်များအား တက်ရောက် လာသူများ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

# မိုးညှင်းတွင် ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်ဦးဆွမ်း ဆက်ကပ်ပွဲအခမ်းအနား ပြုလုပ်

**မိုးညှင်း ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့ သာစည်ရပ်ကွက် ထီးလင်းကျောင်းတိုက်တွင် ဒီဇင်ဘာ ၇ ရက်က ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်ဦးဆွမ်းဆက်ကပ်လှူဒါန်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားကို ထီးလင်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဦးအဂ္ဂိရ၊ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်မောင်နှင့် နားခါဒေသစိတ်အုပ်ချုပ်ရေးမှူး ဦးမြင့်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြသည်။



နတ်တော်လဆန်း တစ်ရက်နေ့ နံနက် ၁ နာရီသည် ရှမ်းမျိုးနွယ်စုဝင်များ၏ ရှမ်းနှစ်သစ်ကူး မင်္ဂလာအခါသမယဖြစ်သည့်အလျောက် ဘုရားကန်တော့ခြင်း၊ ဘိုးဘွားမိဘများအား ကန်တော့ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ရိုးရာပွဲတော်ကို ဆင်နွှဲကြမည်ဖြစ်ပြီး အရုဏ်တက်ချိန်တွင် သံဃာတော်များအား ကောက်ဦးဆွမ်းကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရှမ်းမျိုးနွယ်စု ငါးစုမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ကချင်တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၀၇၈**

# ဟုမ္မလင်းမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ အခမဲ့စရိတ်ငြိမ်း ကျန်းမာရေးကုသပေး

**ဟုမ္မလင်း ဒီဇင်ဘာ ၉**

ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်ရှိ သီတဂူစက္ခုဒါနဆေးရုံတော်၌ နဝမအကြိမ်မြောက် ဆေးအလှူတော်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ ညွှန်ကြားမှုအရ စစ်ကိုင်းသီတဂူဆေးရုံမှ ဒုတိယဆေးရုံအုပ် ဒေါက်တာ နေလင်းနှင့်အဖွဲ့သည် ဟုမ္မလင်းမြို့နယ်အတွင်းရှိ အနယ်နယ်အရပ်ရပ်မှ လည်ပင်းကြီးရောဂါ၊ အာခေါင်၊ နှုတ်ခမ်းကွဲ၊ အူကျ၊ ခန္ဓာကိုယ်တွင်း အဖုအကျိတ်များ၊ အမျိုးသမီး ရောဂါများ၊ ကလေးသူငယ်ရောဂါဝေဒနာများ စသည့် ပြင်ပလူနာ အမျိုးသား ၃၉၇ ဦး၊ အမျိုးသမီး ၇၂ ဦး၊ ခွဲစိတ်လူနာ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၁၁၉ ဦးတို့ကို အခမဲ့ စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**လင်းလင်း (ပြန်/ဆက်)**

# လွယ်ဂျယ်မြို့ရှိ လီဆူတိမ်းရှောင်စခန်း၌ အနွေးထည်အကျႌများ ထောက်ပံ့

**ဗန်းမော် ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအားတီယောဟန်သည် လွယ်ဂျယ်မြို့ရှိ လီဆူတိမ်းရှောင်မိသားစုဝင် ကလေးငယ်များအား အနွေးထည်အကျႌ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၇ ရက်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ လီဆူတိမ်းရှောင်စခန်း၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး တိမ်းရှောင်မိသားစုဝင်များ၏ ကလေးငယ်များအား အနွေးထည်များထောက်ပံ့ပေးခဲ့ရာ လီဆူတိမ်းရှောင်စခန်းတာဝန်ခံက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဗန်းမော်၌ အရှည်ပေ ၁၇၀၀ ရှိသည့် ဗန်းမော်-စင့်ကင် တာပိန်မြစ်ကူးဝါးတံတား ဆောက်လုပ်ပြီးစီး

**ဗန်းမော် ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် တာပိန်မြစ်တစ်ဖက်ကမ်းရှိ စင့်ကင်ကျေးရွာသို့ ဆက်သွယ်သွားလာသည့် အရှည်ပေ ၁၇၀၀ ရှိ မြစ်ကူးဝါးတံတားကို ဒီဇင်ဘာ ၆ ရက်မှစတင်၍ ကျေးရွာပြည်သူအင်အားဖြင့် တည်ဆောက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားမှာ မိုးရာသီမြစ်ရေတိုးချိန်တွင် ရေတိုက်စား၍ တံတားပျက်စီးကာ ကူးတို့စက်လှေများဖြင့်သာ သွားလာရပြီး ပွင့်လင်းရာသီ မြစ်ရေကျချိန်တွင် နှစ်စဉ် တံတားပြန်လည်တည်ဆောက်ရကြောင်း သိရသည်။

စင့်ကင်ကျေးရွာတွင် အိမ်ခြေ ၅၆၈ အိမ်၊ လူဦးရေ ၄၀၀၀ ကျော်နေထိုင်လျက်ရှိပြီး အရှည်ပေ ၁၇၀၀ ရှိသည့် အဆိုပါ တာပိန်မြစ်ကူးဝါးတံတား တည်ဆောက်ခြင်းကို စင့်ကင်ကျေးရွာရှိ ကျောင်းသားလူငယ်များနှင့် ကျေးရွာပြည်သူများက သစ်၊ ဝါး၊ ကြိမ်တို့ကို အသုံးပြု၍ ဒီဇင်ဘာ ၆ ရက်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ဒီဇင်ဘာ ၇ ရက်က တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ တာပိန်မြစ်တစ်ဖက်ကမ်းရှိ စင့်ကင်၊ ဟဲလုံ၊ တိန်းသော်၊ ကျွန်းကြီး၊ မိုင်းကာ၊ နောင်းကွမ်၊ မခွမ် စသည့်ကျေးရွာများသို့ အချိန်မရွေး သွားလာနိုင်ပြီဖြစ်သည်။

ယင်းတံတား တည်ဆောက်ရာသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်သင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



# ဖယ်ခုံမြို့၌ ကယန်းတိုင်းရင်းသားများ၏ ၂၇၅၈ ခုနှစ် နှစ်သစ်ကူးပွဲတော်ကျင်းပ



**ဖယ်ခုံ ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၈ ရက် (နတ်တော်လဆန်း ၁ ရက်နေ့) တွင် ကျရောက်သော ကယန်းတိုင်းရင်းသားများ၏ ၂၇၅၈ ခုနှစ် နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၇ ရက် ညနေ ၆ နာရီမှစတင်၍ ဖယ်ခုံမြို့နယ် ကုရင်ကျေးရွာအုပ်စု ကုန်းပေါ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းဒေသ ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယက ဦးခူးယူဂျင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် ရှမ်းဒေသ ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယက ဖယ်ခုံမြို့ တိုးချဲ့ညောင်ပင်သာကျောင်းဆရာတော် ဦးဒေဝိန္ဒတို့က နှစ်သစ်မင်္ဂလာ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကယန်းတိုင်းရင်းသားမိသားစုများ၏ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ကိုထွေး (ဖယ်ခုံ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၆၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၅/၉၉၅ ကျပ် | ၉၉၀/၁၀၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၁၀ ကျပ် | ၁၀၀၅/၁၀၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၄၀ ကျပ် | ၈၇၀/၉၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၀၀ ကျပ် | ၉၄၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၅၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၃ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၈ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၁ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၃ · ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၅၀၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ စင်ကာပူ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

စင်ကာပူ မရောက်တာကြာခဲ့ပြီ။ အကြောင်း မတိုက်ဆိုင်တာမို့ အရင်တစ်ပတ်ကတော့ အစည်းအဝေးတစ်ခုတက်ဖို့သွားခဲ့တာ။ ကြိုတင်ပြီး နှစ်ရက်စောထွက်ခဲ့တယ်။ ဗီဇာလည်းမလိုတော့ လေယာဉ်ပျံလက်မှတ်ဝယ်ပြီး သွားနိုင်ခဲ့တယ်။ ဇနီးကလည်း လိုက်ပါခဲ့တာ။ MNA လေကြောင်းနဲ့ လေယာဉ်ကလည်း နေပြည်တော်ခရီးဆွဲတဲ့လေယာဉ်မို့ တာဝန်ရှိသူတွေနဲ့လည်း ရင်းနှီးတာ။ ဝန်ဆောင်မှုကလည်း ကောင်းတယ်။ လိုလေသေး မရှိဘဲ စင်ကာပူရောက်တော့ တည်းခိုမယ့်ဟိုတယ်ကို အငှား ယာဉ်နဲ့သွားခဲ့တယ်။ အရင်တုန်းက တည်းခိုခဲ့တဲ့နေရာမဟုတ်ဘဲ မြို့လယ်မှာဖြစ်နေတယ်။

**ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ်သတ်မှတ်**

နေ့လယ်စာကို စင်ကာပူမှာ နာမည်ကြီး (Hawker Centre) တစ်ခုမှာ စားဖြစ်တယ်။ လမ်းဘေးဈေးသည်တွေ စုစည်းထားတဲ့နေရာ။ ဒီလမ်းဘေးဈေးဆိုင်တွေက ကမ္ဘာကျော်။ စင်ကာပူနိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနှစ် တစ်ခုအဖြစ် သတ်မှတ်ထားခြင်းခံရတာ။ ဈေးကလည်း သက်သာတယ်။ အစားအသောက်တွေကလည်းကောင်းတယ်။ အရသာရှိတယ်။ ဒါကြောင့်လည်း ကျွန်တော်နှစ်သက်တဲ့ ငါးလိပ်ကျောက် မီးကင်ကို မှာစားခဲ့တယ်။ ပင်လယ်စာပဲစားတဲ့ ကျွန်တော့် အတွက် တမ်းတတဲ့ ဟင်းလျာ။ ထားဝယ်မှာတော့ ငါးလိပ် ကျောက်အခြောက်တွေကို မီးဖုတ်ပြီးစားတယ်။ ငါးပိသုပ်နဲ့ တွဲဖက်လှတာ။ စင်ကာပူရဲ့ စားသောက်ဆိုင် ယဉ်ကျေးမှုဟာ ကမ္ဘာကျော်ဖြစ်နေပြီ။ လမ်းကြိုလမ်းကြားမှာပဲဖြစ်ဖြစ်၊ ဆိုင်ကြီးတွေမှာပဲဖြစ်ဖြစ် အရည်အသွေးတွေက အတူတူ။ သန့်ရှင်းမှုက ပြည့်စုံကာ အစားအသောက်တွေကလည်း လတ်ဆတ်တယ်။ ဈေးနှုန်းကလည်း သက်သာတာ။ အခုဆိုရင် ကမ္ဘာ့အမွေအနှစ်တစ်ခုအနေနဲ့ သတ်မှတ်ခြင်းခံရတယ်။ လမ်းဘေးဆိုင်ဖြစ်တာမို့ အထင်သေးလို့မရဘူး။

**ရန်ကုန်မြို့မှာ ဖော်ဆောင်သင့်**

ကျွန်တော်တို့နိုင်ငံ အထူးသဖြင့် ရန်ကုန်မြို့မှာ ဖော်ဆောင်သင့်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက တရုတ်တန်း ၁၉ လမ်း မဂိုလမ်း စတဲ့နေရာတွေမှာ တရုတ်စာတို့၊ အိန္ဒိယအစားအစာတို့ သွားစားကြတယ်။ အခုအခါမှာတော့ မရောက်ဖြစ်တော့ဘူး။ လွန်ခဲ့တဲ့တစ်နှစ်လောက်က ကမ်းနားလမ်းမှာ ညဈေးဖွင့်ခဲ့တယ်။ နောက်တော့အခြေအနေက မကောင်းလှဘူး။ ဒါနဲ့ပတ်သက်လို့ မကြာခဏ အသစ်အဆန်းတွေလုပ်တယ်။ လုပ်တာကို ကြိုဆိုရပါတယ်။ ဒါပေမယ့် အဆုံးမသတ်ကြဘူး။ အောင်မြင်တဲ့အထိလုပ်ဖို့ စိတ်မရှိကြဘူး။

ညဘက်မှာ ဇနီးသူငယ်ချင်း လင်မယားနဲ့အတူ စင်ကာပူမှာ နာမည်ကြီးတဲ့ ငါးခေါင်းဟင်းရောင်းတဲ့ အိန္ဒိယဆိုင်ကို သွားခဲ့ကြတယ်။ အရင်တုန်းက မြို့ထဲမှာ။ အခုတော့ ဆိုင်က ကျွန်တော်တို့ တည်းတဲ့ဟိုတယ်နဲ့ မနီးမဝေး။ အိန္ဒိယအစားအစာကို အဆင့်အတန်းမြင့်မြင့် ရောင်းချနေတာ။ ကျွန်တော်တို့သွားတဲ့ညက ဒီပါဝလီပွဲနဲ့ကြုံနေတာမို့ လက်ဆောင်တွေရခဲ့တယ်။

**ပထမနိုင်ငံစာရင်းဝင်**

စင်တိုဇာကျွန်း မျက်နှာချင်းဆိုင်မှာ တည်ရှိနေတာ။ မရောက်တာကြာလို့ စင်ကာပူရဲ့ သန့်ရှင်းမှု၊ သပ်ရပ်မှုကို ပိုပြီး သတိထားမိတယ်။ နာရီစက်လိုပဲ အစစအရာရာအဆင်ပြေ ချောမွေ့နေတာ။ အခုလိုဖြစ်နေတာကို ဝေဖန်ကြသူတွေလည်း ရှိကြတယ်။ စည်းကမ်းတင်းကျပ်လွန်းတယ်။ လွတ်လပ်မှုမရှိဘူး။ လူ့အခွင့်အရေးဆုံးရှုံးတယ်။ တစ်ပါတီစနစ်နဲ့ တစ်သက်လုံး အုပ်ချုပ်ခဲ့တယ်။ ပုံစံအမျိုးမျိုးနဲ့ ပြစ်တင်ကြတယ်။ အပြောကတော့ ရှင်းနေတာ။ စင်ကာပူနိုင်ငံဟာ အခုဆို ပထမနိုင်ငံစာရင်းဝင်ဖြစ်နေပြီ။ ကွယ်လွန်သွားတဲ့ ဝန်ကြီးချုပ်ကြီးရေးထားတဲ့ စာအုပ်ရဲ့ခေါင်းစဉ်အတိုင်း တတိယနိုင်ငံမှ ပထမနိုင်ငံဖြစ်ခဲ့ပြီ။ ငယ်ငယ်တုန်းက ကျွန်တော်ကြားဖူးတာ တစ်ခုရှိတယ်။ လီကွမ်ယု ရန်ကုန်မြို့လာတော့ ရန်ကင်းတိုက်ခန်းတွေ လိုက်ကြည့်ပြီး စင်ကာပူမှာ အခုလိုပဲဆောက်လုပ်ဖို့ စီစဉ်ခဲ့တာ။ မြန်မာနိုင်ငံကို အတုခိုးခဲ့တာဖြစ်တယ်။ ကျွန်တော် ပါရဂူဘွဲ့လွန်သုတေသန ဆောင်ရွက်တုန်းက လန်ဒန်မြို့က နာမည်ကြီး ဗြိတိသျှစာကြည့်တိုက်မှာ လေးလလောက် စာအုပ်တွေကြားမှာ နေခဲ့တယ်။ ကျွန်တော့်ရဲ့စာအုပ်အတွက် ကုန်ကြမ်းတွေ စုစည်းတာ။ အချိန်ရတဲ့အခါ ကိုယ်စိတ်ဝင်စားတဲ့ စာအုပ်တွေ၊ မြေပုံတွေ၊ သမိုင်းအထောက်အထားတွေ လေ့လာခဲ့တယ်။ အထူးခြားဆုံးက အင်္ဂလိပ်အုပ်ချုပ်မှုကာလ။ ရန်ကုန်မြို့နဲ့ စင်ကာပူမြို့တည်ထောင်တဲ့မြေပုံတွေ လေ့လာခွင့်ရတယ်။ တစ်ပုံစံတည်း လုပ်ဆောင်ခဲ့တာ။ လမ်းတွေဖောက်ထားပုံလည်း အတူတူပဲ။ ရန်ကုန်မြို့မှာ ကမ်းနားလမ်းဟိုတယ်ရှိသလို စင်ကာပူမှာတော့ Rattles ဆိုတဲ့ဟိုတယ် တည်ဆောက်ခဲ့တယ်။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှာ အရင်ခေတ်က လမ်းနာမည်တွေကို မြန်မာနာမည်တွေအဖြစ် ပြောင်းခဲ့တယ်။ လွတ်လပ်ရေးရပြီးတာမို့ ကျွန်ဘဝရဲ့အငွေ့အသက်တွေ ပျောက်ပျက်ခဲ့တာ။ စင်ကာပူမှာတော့ အရင်တုန်းကလမ်းနာမည်တွေကို အခုထိ အသုံးချနေသေးတာ တွေ့ရတယ်။ နာမည်မပြောင်းလို့ မျိုးချစ်စိတ်နည်းတယ်လို့ ပြောလို့ရသလား။

ညဘက်မှာ ပင်လယ်အော်ဘေးက ပန်းခြံကိုသွားခဲ့တယ်။ မီးထွန်းပွဲအကြီးအကျယ်လုပ်တာ။ ကမ္ဘာလှည့်ခရီးသည်တွေကလည်း အများကြီး။ မီးရောင်စုံထွန်းညှိနေချိန်မှာ ဂီတသံစုံတွေကိုလည်း ဖွင့်လှစ်ထားတယ်။ မရှိတာကို ရှိအောင်ပြသနေတာ။ လူတွေစိတ်ဝင်စားအောင် ဖန်တီးထားတာ။

> **“ငယ်ငယ်တုန်းက ကျွန်တော်ကြားဖူးတာ တစ်ခုရှိတယ်။ လီကွမ်ယု ရန်ကုန်မြို့လာတော့ ရန်ကင်းတိုက်ခန်းတွေလိုက်ကြည့်ပြီး စင်ကာပူမှာ အခုလိုပဲဆောက်လုပ်ဖို့ စီစဉ်ခဲ့တာ။ မြန်မာနိုင်ငံကို အတုခိုးခဲ့တာ ဖြစ်တယ်။ ကျွန်တော် ပါရဂူဘွဲ့လွန်သုတေသန ဆောင်ရွက်တုန်းက လန်ဒန်မြို့က နာမည်ကြီး ဗြိတိသျှစာကြည့်တိုက်မှာ လေးလလောက် စာအုပ်တွေကြားမှာ နေခဲ့”**

နောက်တစ်နေ့မှာတော့ ဆွေးနွေးပွဲကိုတက်ရောက်ခဲ့တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကာလ နာဂစ်မုန်တိုင်းအပြီးမှာ ကြုံဆုံခဲ့ကြသူများ။ ကျွန်တော်က မျက်မှောက်ခေတ်အချိန် ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို တင်ပြခွင့်ရခဲ့တယ်။

**အားကျစရာ ကိစ္စတစ်ခု**

ဟိုတယ်မှာ ကျွန်တော်ကြိုက်တဲ့ နေ့စဉ်သတင်းစာကို တောင်းပြီး ဖတ်ခဲ့တယ်။ သူတို့က တယ်လီဖုန်းကတစ်ဆင့် ဖတ်နေကြတာ။ ကျွန်တော် သတင်းစာသွားတောင်းတာကို အထူးအဆန်းဖြစ်နေတယ်။ ကျွန်တော်စင်ကာပူမှာရှိတုန်း အာဏာရပါတီရဲ့ ညီလာခံကျင်းပနေတာနဲ့ ကြုံတယ်။ အကျိုးအကြောင်းတွေကို သတင်းစာထဲမှာ ဝေဝေဆာဆာဖော်ပြထားတာ။ စိတ်ဝင်စားဖို့ အကောင်းဆုံးက ပါတီခေါင်းဆောင်အသစ်တွေကို စတင်ပြီး တန်းစီထားတာက အခုခေတ်စကားနဲ့ဆို (4G) အဆင့်လေးဆင့်။ ပထမအဆင့်က နိုင်ငံကိုလွတ်လပ်ရေး ရအောင် ဆောင်ရွက်ခဲ့သူတွေ၊ ဒုတိယအဆင့်က လက်ဆင့်ကမ်းတဲ့သူတွေ၊ တတိယအဆင့်က လက်ရှိနိုင်ငံရေးတာဝန်ယူနေကြသူတွေနဲ့ နောက်ဆုံးက အနာဂတ်မှာ တာဝန်ယူကြမယ့်သူတွေ။ အဓိပ္ပာယ်က တန်းစီဇယားဆွဲထားပြီး မင်းပြောင်းမင်းလွဲကို ချောချောမွေ့မွေ့ဖြစ်အောင် စီစဉ်နေတာ။ အားကျစရာပဲ။ စီမံခန့်ခွဲမှုပညာသဘောကတော့ Succession Planning လို့ခေါ်တဲ့ လက်ဆင့်ကမ်းမှုနဲ့ ပတ်သက်လို့ စီမံခြင်းဖြစ်တယ်။ အင်္ဂလန်နိုင်ငံမှာ ဘုရင်မကြီးပြီးရင် သားကြီး။ ပြီးရင် သူ့ရဲ့သား။ နောက်ဆုံးမှာတော့ ဘုရင်မကြီးရဲ့မြစ်။ ဝိဝါဒကွဲပြားမှု မရှိနိုင်ဘူး။ တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်တဲ့ ပုံစံကိုချမှတ်ထားတယ်။ စင်ကာပူရဲ့ ခေါင်းဆောင်အသစ်တွေဟာ လက်ရှိအချိန်မှာ ဝန်ကြီးတာဝန်တွေ ယူထားတဲ့သူတွေ။ အတွေ့အကြုံတွေ စုစည်းနေကြတယ်။ အချိန်တန်ရင် ဝန်ကြီးချုပ်ရာထူးကို တာဝန်ယူနိုင်မယ့်သူတွေ အားကျစရာကိစ္စတစ်ခုပဲ။

သူများနိုင်ငံကို အားကျသလို ကိုယ့်နိုင်ငံမှာလည်း အခုလိုပဲဖြစ်စေချင်လှတာ။ ၁၉၆၀ ပြည့်နှစ်များမှာ အလားအလာ အကောင်းဆုံးနိုင်ငံဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံဟာ နှစ် ၅၀ ကျော်လောက်မှာ စိန်ခေါ်မှုတွေနဲ့ မျိုးစုံကြုံတွေ့ရတယ်။ နိုင်ငံတစ်နိုင်ငံတိုးတက်မှုဟာ ခေါင်းဆောင်တွေရဲ့ အဆုံးအဖြတ်အပေါ်မူတည်ပါတယ်။ မှန်ကန်တဲ့ရွေးချယ်မှုလုပ်နိုင်ခဲ့ရင် ကောင်းတဲ့ရလဒ်တွေရနိုင်ပြီး ရွေးချယ်မှုမှားခဲ့ရင် အခြေအနေတွေက ဆိုးနိုင်တာ။

**အဆင်ပြေတဲ့ ရလဒ်တစ်ခုရခဲ့**

ပညာရေးနဲ့ ပတ်သက်လာရင် စင်ကာပူနိုင်ငံမှာ တရုတ်စကားပြောတဲ့သူတွေ၊ မလေးစကားပြောတဲ့သူတွေနဲ့ အိန္ဒိယပြည်နယ်တစ်ခုဖြစ်တဲ့ တမီလ်ဘာသာစကားပြောတဲ့ လူ့အဖွဲ့အစည်း သုံးရပ်ရှိတယ်။ ဒါကြောင့် ဝန်ကြီးချုပ် လီကွမ်ယုက အားလုံးကို အင်္ဂလိပ်စကားနဲ့ စာကို ရုံးသုံးအဖြစ် သတ်မှတ်ခဲ့တယ်။ ရုံးသုံးစကားက အင်္ဂလိပ်ဖြစ်တာမို့ နိုင်ငံတကာဆက်ဆံရေးမှာ အဆင်ပြေလှတယ်။ ကိုယ့်ရဲ့လူမျိုးရဲ့ဘာသာကိုလည်း သင်ခွင့်ပေးခဲ့တာမို့ အလွန်အဆင်ပြေတဲ့ ရလဒ်တစ်ခု ရခဲ့တယ်။

ကျွန်တော့်အနေနဲ့ကတော့ ကိုယ့်နိုင်ငံကိုကြီးပွားစေချင်တယ်။ ဖွံ့ဖြိုးစေချင်တယ်။ ဒါကြောင့်အစည်းအဝေးမှာ စင်ကာပူနိုင်ငံက အာဆီယံအဖွဲ့ရဲ့အတွင်းရေးမှူးချုပ်ဟောင်းနဲ့ စကားပြောဖြစ်တယ်။ သူတို့နိုင်ငံရဲ့လူကြီးတွေရဲ့ ခံစားခွင့်ကို မေးဖြစ်တယ်။ ဝန်ကြီးချုပ်က တစ်နှစ်မှာ ဒေါ်လာ ၁ သန်းရတယ်တဲ့။ လစာကကြီးလှပေမယ့် ကျန်တာတွေကို တာဝန်ယူရတယ်။ အိမ်ကလည်း ကိုယ့်အိမ်၊ ကားကလည်းကိုယ့်ကား အစိုးရတာဝန်ရှိမှ စီးခွင့်ရတာ။ ကိုယ်ရေးကိုယ်တာကိစ္စအတွက် ကိုယ်တိုင်ကားမောင်းပြီး သွားတယ်တဲ့။ နမူနာကောင်းတစ်ခုပဲ။ လစာကများပေမယ့် ကျန်တဲ့အခွင့်အရေး ဘာမှမခံစားရဘူး။ ဒါကြောင့် အဂတိလိုက်စားမှု ကင်းတယ်။ အခုလို ပြတ်ပြတ်သားသားလုပ်တာကို အားကျမိတယ်။ ကျွန်တော် ညွှန်ချုပ်ဘဝက ကားသုံးစီးရတယ်။ မသုံးတဲ့ခေတ်ဆီတွေ ရောင်းချတာ။ အခုခေတ်မှာ ဘယ်လိုလုပ်ကြသလဲ မသိဘူး။ ပုဂ္ဂလိကကဏ္ဍနဲ့ယှဉ်ရင် အစိုးရဝန်ထမ်းတွေရဲ့ လုပ်ခလစာက နည်းတယ်။ ဒါကြောင့် ကျန်တဲ့အခွင့်အရေးတွေနဲ့ ဖြည့်ဆည်းပေးတာ။ ဒီကိစ္စတွေကို ပြန်ဆန်းစစ်သင့်တယ်လို့ ထင်တယ်။ အရင်က လုပ်ခဲ့လို့ အခုလည်း ဆက်လုပ်တာ သဘာဝမကျလှဘူး။ ။



**ကရင်ပြည်နယ် ဘားအံမြို့၌ ဒီဇင်ဘာ ၈ ရက်က ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းလမ်းလျှောက်ပွဲအပြီး Myanmar Fit Dance ဖြင့် စုပေါင်းကိုယ်လက်လှုပ်ရှားကစားကြစဉ်။**

စောမျိုးမင်းသိမ်း (ပြန်/ဆက်)

# မိုဘိုင်းအက်ပလီကေးရှင်းဖြင့် ရွှေအရောင်းအဝယ်ကို နှစ်ဆန်းပိုင်းတွင် စတင်နိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းက မိုဘိုင်းဖုန်းဖြင့် အင်တာနက်တွင် နေ့စဉ်ရွှေဈေးနှုန်းကို သိရှိနိုင်ပြီး မိုဘိုင်းအက်ပလီကေးရှင်းဖြင့် ဆော့ဝဲလ်ရေးဆွဲကာ တက်ပလက်ဖြင့် ရွှေအရောင်းအဝယ်လုပ်နိုင်သောစနစ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပသော ရွှေပညာသင်တန်းမှ သိရသည်။

“မိုဘိုင်းဖုန်းနဲ့ အင်တာနက်ချိတ်ဆက်ပြီး ရွှေဈေးနှုန်းအတက်၊ အကျကို သိနိုင်ပြီးတော့ အသင်းမှာလည်း မိုဘိုင်းအက်ပလီကေးရှင်းဆိုပြီးတော့ ဆော့ဝဲလ်ရေးဆွဲတာပြီးပါပြီ။ ဇန်နဝါရီလမှာ ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ဒစ်ပို့ဇစ်တင်ပြီးတော့ ဖုန်းနဲ့ မိုဘိုင်းအက်ပလီကေးရှင်းနဲ့ တက်ပလက်နဲ့ ရွှေအရောင်းအဝယ် လုပ်ဆောင်လို့ရတဲ့ စနစ်ကိုသွားမှာပါ။ ရွှေလောက ပိုပြီးဖွံ့ဖြိုးတိုးတက်လာမှာပါ”ဟု တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

မြန်မာပြည်တွင်းရွှေကို လွတ်လပ်စွာ သယ်ယူပို့ဆောင်ခွင့်ရရှိပြီးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ခွင့်ပြုချက်ဖြင့် သယ်ယူပို့ဆောင်ရေးလက်မှတ်နှင့် လေယာဉ်ဖြင့် သယ်ယူ ပို့ဆောင်နိုင်ရန် နိုင်ငံတော်မှ ခွင့်ပြုထားကြောင်း၊ ဒူဘိုင်းနှင့် အင်္ဂလန်မှ ရွှေလာရောက်ဝယ်ယူရာတွင်လည်း ယင်းရွှေကို မြန်မာနိုင်ငံရှိ ဘဏ်တွင် ထိန်းသိမ်းခပေးဆောင်၍ အပ်နှံကာ ရရှိသောလက်မှတ်ကို ၎င်းတို့နိုင်ငံတွင် ငွေပြန်ပေါ်အောင် ပြုလုပ်ပြီး ယင်းပေါ်လာသောငွေဖြင့် မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များဖြစ်သည့် မိုးပျံတံတားတည်ဆောက်မှုတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နှစ်ရှည်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် ရွှေ လုပ်ငန်းသည် အရေးပါလျက်ရှိပြီး ရွှေလုပ်ငန်း တိုးတက်ခြင်းသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ရွှေပညာသင်တန်းကို ပို့ချခဲ့ကာ မြန်မာနိုင်ငံတွင် စစ်ကိုင်း၊မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ရွှေကိုအများဆုံးထုတ်ယူရရှိလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# မြန်မာနိုင်ငံမှာ ၂၀၃၀ ဆိုရင် တကယ့်ကို ကောင်းမွန်တဲ့ လူမှုဖူလုံရေးစနစ်အားလုံး လွှမ်းခြုံတဲ့စနစ်ကို သွားရမှာ ဖြစ်ပါတယ်

အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုး

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုးနှင့် ILO မှ အရာရှိ ဒေါက်တာ သိန်းသန်းဌေးတို့က ဆွေးနွေးခဲ့ကြသည်။**


လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး


ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု


အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်


အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုး


ILO မှ အရာရှိ ဒေါက်တာ သိန်းသန်းဌေး

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး။ ။ ညွှန်ကြားရေးမှူးချုပ် အပါအဝင် လူမှုဖူလုံရေးက တာဝန်ရှိသူတွေက ဆောင်ရွက်မှုအသီးသီးကို ရှင်းလင်းပြောကြားပေးအပြီးမှာ အလုပ်ရှင်၊ အလုပ်သမားနဲ့ အိုင်အယ်လ်အိုရဲ့အမြင်တွေကိုလည်း သိရှိလိုကြမယ်လို့ထင်ပါတယ်။ ဒါကြောင့် အလုပ်ရှင်ကိုယ်စားလှယ်ကပဲ စတင်ဆွေးနွေးပေးပါဦး။**

**အလုပ်ရှင်ကိုယ်စားလှယ်** ။ ။ အလုပ်ရှင်ဘက်ကတော့ ဒီလူမှုဖူလုံရေးအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေက အင်မတန်အားရကျေနပ်မှုရှိပါတယ်။ တာဝန်ရှိသူတွေ ရှင်းပြသလိုပါပဲ။ နိုင်ငံကို စပြီးတည်ထောင်တဲ့ ပုဂ္ဂိုလ်တွေဟာ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်တဲ့ အလုပ်သမားတွေရဲ့ အရေး၊ ကျန်းမာရေးနဲ့ လူမှုဘဝတွေကို စောင့်ရှောက်နိုင်ဖို့ ဒီအဖွဲ့ကို ဖွဲ့စည်းပေးထားတယ်လို့ သိရပါတယ်။ ကျွန်တော်သိသလောက်တော့ ဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ လူ့ဘဝဆိုတာကတော့ ကံကြမ္မာကြိုးတန်းပေါ်ကို လျှောက်နေကြရတာပဲ မဟုတ်လား။

### လူမှုဖူလုံရေးက ထောက်ပံ့ကူညီ

ပုံမှန်အချိန်မှာ ပြဿနာမရှိပေမယ့် တစ်ချိန်ချိန်မှာ အလိမ့်အလဲဖြစ်ခဲ့ရင် အထူးသဖြင့် အလုပ်သမားများ မကျန်းမာမှု၊ ထိခိုက်မှု ဒါမျိုးတွေ ဖြစ်လာမယ်ဆိုရင် ကူညီကယ်ဆယ်ပေးနိုင်မယ့် အနေအထားသည် သူ့ရဲ့အာမခံချက်စနစ်ရှိတဲ့၊ အကျိုး ၁၅ မျိုးရှိတဲ့ လူမှုဖူလုံရေးက ထောက်ပံ့ကူညီပေးပါလိမ့်မယ်။ ဒီလိုလူမှုဖူလုံရေး ကိစ္စရပ်တွေမှာ ကျွန်တော်တို့လို အလုပ်ရှင်တွေရဲ့ တာဝန်ဝတ္တရားတွေ၊ လုပ်ဆောင်ရမယ့်အပိုင်းတွေကလည်း အများကြီးပါဝင်ပါတယ်။ အလုပ်သမားတစ်ဦးချင်းအတွက် အလုပ်ရှင်က ထည့်ဝင်ကြေး ၃ ရာခိုင်နှုန်း ပါဝင်ပါတယ်။

ငွေကြေးဆိုင်ရာ အများမြင်တဲ့ သဘောထားကတော့ လူမှုဖူလုံရေးအဖွဲ့ရဲ့သက်တမ်းကကြာပြီ။ နှစ် ၆၀ ရှိပြီ။ ဒါပေမယ့် ဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်၊ လုပ်ဆောင်ချက်တွေကို ထဲထဲဝင်ဝင် မသိကြတဲ့ အလုပ်ရှင်တွေနဲ့ အလုပ်သမားတွေ အများကြီးရှိပါတယ်။ လူမှုဖူလုံရေးအဖွဲ့ကလည်း သူ့မှာ ငွေကြေးထည့်သွင်းထားတဲ့ အကျုံးဝင်အလုပ်သမားတွေအတွက်ပဲ ဆောင်ရွက်ပေးနိုင်တဲ့ အနေအထားရှိပါတယ်။ ဒီအထဲမှာ ကြားလွတ်ပြီးတော့ ကျန်ခဲ့တဲ့လုပ်သားတော့ လုပ်သားပဲ။ သို့သော် ဥပဒေကြောင်းအရ တရားမဝင်လို့ ကျန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိပါတယ်။ သူတို့တွေ အားလုံးအတွက်လည်း ဆက်ပြီးတော့ ကြိုးစားနေပါတယ်။ အလုပ်သမားအဖွဲ့အစည်းတွေကလည်း ကြိုးစားနေသလို အိုင်အယ်လ်အိုကလည်း တစ်မျိုးသားလုံးကို ခြုံငုံမိတဲ့ လူမှုဖူလုံရေးအဖွဲ့ရဲ့စနစ်ဖြစ်အောင် ကြိုးစားနေကြတယ်။ အားလုံးအသီးသီး ကိုယ့်ကဏ္ဍနဲ့ကိုယ် ကြိုးစားနေကြတာပါ။

**အစီအစဉ်မှူး။ ။ ဆက်လက်ပြီးတော့ အလုပ်ရှင်ဆွေးနွေးမှုအပေါ်နဲ့ ရှေ့က ဆွေးနွေးမှုတွေ အပေါ်မှာရော အလုပ်သမားကိုယ်စားလှယ်က ဆက်လက်ပြီး ဆွေးနွေးပေးစေလိုပါတယ်။**

**အလုပ်သမား** ။ ။ ကျွန်မတို့ ဒီနေ့ဆွေးနွေးတဲ့ အကြောင်းအရာက လူမှုဖူလုံရေးဖြစ်ပါတယ်။ လူမှုဖူလုံရေးကို ချဉ်းကပ်တဲ့အခါမှာ ချဉ်းကပ်မှုနှစ်မျိုးရှိပါတယ်။ တစ်ခုကတော့ Universal လို့ခေါ်တဲ့ အားလုံးအကျုံးဝင်ရမယ်ဆိုတဲ့ ရှုထောင့်ကနေ ချဉ်းကပ်တာရှိသလို Life Cycle ဆိုတဲ့ လူ့ဘဝတစ်သက်တာအတွက် ချဉ်းကပ်တဲ့ ရှုထောင့်ရှိပါတယ်။ ဒီနေ့ဆွေးနွေးတဲ့အခါ အလုပ်သမား Working Age Population ပေါ့၊ အလုပ်လုပ်တဲ့ အသက်အရွယ်အတွက်ကို အလေးပေးပြီး ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ကျွန်မ တင်ပြလိုတာက မြန်မာနိုင်ငံမှာက အလုပ်လုပ်တဲ့ အသက်အရွယ်လို့ပြောရင် အသက် ၁၅ နှစ်ကနေ ၅၉ နှစ်အထိပေါ့။ ကျွန်မတို့ဆီမှာ Labour Force Survey ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ အလုပ်လုပ်နိုင်တဲ့ အသက်အရွယ်ရှိ လူဦးရေ ၃၃ သန်း ရှိပါတယ်။ တကယ်အလုပ်လုပ်ကိုင်နေတာ ၂၂ သန်းရှိတော့ အဲဒီ ၂၂ သန်းမှာ ဘယ်လောက်အထိ လွှမ်းခြုံမှုရှိမလဲဆိုတာ၊ အလုပ်လုပ်ကိုင်နိုင်တဲ့ လူဦးရေ ၃၃ သန်းထဲက ဘယ်လောက်ကို လွှမ်းခြုံမှုရှိပြီလဲဆိုတာကို ကြည့်ရမှာဖြစ်ပါတယ်။ Universal Decoration of Human Right ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ၁၉၄၈ ခုနှစ်ကတည်းက ပေါ်ခဲ့တာပါ။ အဲဒီမှာ လူသားတိုင်း လူမှုဖူလုံရေး ခံစားခွင့်ရှိရမယ်ဆိုတာ ပါဝင်တယ်။ ဒါက အရေးအကြီးဆုံး အချက်ပါ။

### အားလုံးအကျုံးဝင်တဲ့ လူမှုဖူလုံရေးစနစ်

နောက်တစ်ခုက ကျွန်မတို့ ချဉ်းကပ်တဲ့စံနှုန်းတစ်ခုရှိတယ်။ အိုင်အယ်လ်အိုလို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကနေ ၁၉၅၄ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက် အမှတ် ၁၀၂ ဖြစ်ပါတယ်။ အလုပ်လုပ်တဲ့ အသက်အရွယ်ကို အနိမ့်ဆုံး စံနှုန်းလူမှုဖူလုံရေး ဘယ်လောက်အထိ ပေးရမယ်ဆိုတာပါ။ ဒီစံနှုန်းတွေပေါ်လာတာ ၁၉၄၈ နဲ့ ၁၉၅၄ ဆိုတော့ တော်တော်လေး စောပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဒီထက်ပိုကောင်းအောင် အနိမ့်ဆုံးစံနှုန်းအတွက် (Social Protection for All) အားလုံးအကျုံးဝင်တဲ့ လူမှုဖူလုံရေးစနစ်ကိုသွားဖို့ အိုင်အယ်လ်အိုက ချမှတ်ထားခဲ့တာ ရှိပါတယ်။ Sustainable Development Goal မှာလည်း ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပါဝင်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၃၀ ဆိုရင် တကယ့်ကို ကောင်းမွန်တဲ့ လူမှုဖူလုံရေးစနစ်အားလုံး လွှမ်းခြုံတဲ့စနစ်ကို သွားရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ အနေအထားကိုပြန်ကြည့်ရင် အမှန်အတိုင်းပြောရရင် စနစ်ဟောင်းနဲ့ စနစ်သစ်မှာ စနစ်သစ်ကိုတော့ အလုပ်သမားတွေက အများကြီး ကျေနပ်အားရမှုရှိပါတယ်။ ဒါကို ကျွန်မတို့တွေ အသိအမှတ်လည်း ပြုပါတယ်။ လူမှုဖူလုံရေးအဖွဲ့မှာရှိတဲ့ ဒီမူဝါဒရေးရာပိုင်းမှာ တာဝန်ယူထားရတဲ့ ပုဂ္ဂိုလ်တွေ တကယ့်အောက်ခြေမှာ လုပ်နေတဲ့ ရုံးဝန်ထမ်းတွေကအစ တကယ်ကိုအားသွန်ခွန်စိုက် လုပ်ကိုင်နေတယ်ဆိုတာကိုလည်း မြင်တွေ့ရပါတယ်။

ဒါပေမယ့် ကျွန်မတို့ရဲ့ ရည်ရွယ်ချက်က ဘယ်ကိုဆက်သွားရမလဲဆိုရင် တစ်မျိုးသားလုံး အကျုံးဝင်အားလုံး လွှမ်းခြုံနိုင်ရေး ဖြစ်ပါတယ်။ အလုပ်လုပ်တဲ့ အသက်အရွယ်အားလုံး လွှမ်းခြုံနိုင်ရေးအတွက် နှစ်ခုလောက် တင်ပြချင်ပါတယ်။

### နွေးထွေးစွာကြိုဆိုခံချင်

လက်ရှိအကျုံးဝင်တဲ့ အာမခံလုပ်သားတွေ ရှိတယ်။ အားလုံးပေါင်း ၁ ဒသမ ၂ သန်းရှိပါတယ်။ ဒီရှုထောင့်ကနေပြောရရင် အာမခံစနစ်ထဲကို မရောက်တဲ့ ကျွန်မတို့ရဲ့ ညီအစ်ကို မောင်နှမ အလုပ်သမားတွေရှိတယ်။ သူတို့အတွက် ကျွန်မ ဒီနေရာကနေ တင်ပြချင်ပါတယ်။ အဲဒါကတော့ ပထမဆုံး အာမခံလုပ်သားတွေထဲမှာ အကျုံးဝင်ထားတဲ့သူတွေ။ ကျွန်မတို့တွေ လူမှုဖူလုံရေးအဖွဲ့က ကြိုးစားနေတာ၊ ဆောင်ရွက်တာတွေကို တွေ့တယ်။ ဒါပေမယ့် ကျွန်မတို့ အလုပ်သမားတွေဆီကနေ Feedback ပြန်လာသလဲဆိုရင် ဆေးရုံ ဆေးခန်းတွေကိုသွားတဲ့အခါ နွေးထွေးစွာ ကြိုဆိုခံချင်ကြတယ်။ နေထိုင်မကောင်းတဲ့အခါ နွေးထွေးမှုကို လိုလားတယ်။ ပြီးတော့ ယန္တရားအဆင့်ဆင့်မှာ ရှုပ်ထွေးမှုမရှိဘဲ တကယ်ကို ရှင်းရှင်းလင်းလင်းနဲ့ ထိရောက်မြန်ဆန်ပြီး အလုပ်သမားတွေ နားလည်လွယ်တဲ့ ယန္တရားမျိုးဖြစ်စေချင်တယ်။ ဥပမာ-နေမကောင်းဖြစ်တယ်။ ဆေးရုံတက်ရတော့မယ်ဆိုရင် လူမှုဖူလုံရေးဆေးရုံမှာ ကျွန်မတို့တက်ရောက်ကုသနိုင်တယ်။ အချို့ကိစ္စတွေမှာ အထွေထွေရောဂါကုဆေးရုံတွေကို သွားရမယ့် ကိစ္စတွေရှိတယ်။ အဲဒီလို ဆေးရုံအကူးအပြောင်းတွေမှာ လုပ်ငန်းစဉ်တွေဟာ အလွန်ရှုပ်ထွေးမှုရှိလို့ သာမန်အလုပ်သမားမောင်နှမတွေဟာ နားလည်ဖို့ခက်ပါတယ်။ ဒါမျိုးတွေကို ရှင်းလင်းသွားအောင် ထပ်ပြီးတော့ လုပ်သွားဖို့ လိုအပ်ပါတယ်။

### လုပ်ငန်း တွင်ကျယ်ဖို့လို

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ဟာ အလွန်တုံ့ပြန်မှုအားကောင်းတယ်။ အဲဒီမှာရှိတဲ့ သမဂ္ဂခေါင်းဆောင်တွေ၊ အလုပ်သမားတွေက လူမှုဖူလုံရေးရဲ့ အကျိုးခံစားခွင့်တွေကို ကောင်းကောင်း သိနားလည်ကြတယ်။ ဆိုလိုတာက တုံ့ပြန်မှုအားကောင်းတဲ့ မြို့နယ်တွေမှာသွားတဲ့ စနစ်ကမြန်တယ်။ ထိရောက်တယ်။ အချို့နယ်ပိုင်းတွေမှာ အသိပညာပေးလုပ်ငန်းတွေ တွင်ကျယ်ဖို့လိုတယ်။ အလုပ်ရှင်တွေ ကိုယ်တိုင်ကလည်း မသိကြတာရှိတယ်။ လစဉ်ငွေပေးသွင်းနေပေမယ့် သူတို့ဝန်ထုပ်ဝန်ပိုးတွေကို လျော့ကျစေတဲ့ စနစ်ဆိုတာကို မသိကြဘူး။ မသိတော့ မကျင့်သုံးကြဘူး။ ဒါကြောင့် အလုပ်ရှင်ကလည်း ထိခိုက်မှုတွေ ဖြစ်တယ်။ အာမခံကြေးထည့်ဝင်ထားတဲ့ ကာယကံရှင်အလုပ်သမားတွေကလည်း အကျိုးခံစားခွင့်ရှိတာတွေကို မသိကြဘူး။ အဲဒီတော့ နစ်နာမှုရှိတယ်။ ဒီ့ထက်ပိုပြီး ကောင်းမွန်တဲ့စနစ်ဖြစ်ဖို့ ဆက်သွယ်ရေးတွေ၊ ဝန်ဆောင်မှုပေးတဲ့ ဘုတ်အဖွဲ့တွေနဲ့ ဆက်သွယ်နေဖို့ လိုအပ်ပါတယ်။

လက်ရှိသွားနေတာက One way communication ဖြစ်ပါတယ်။ ကျွန်မတို့က သတင်းအချက်အလက်တွေ ပေးနေတယ်။ ဒါပေမယ့် သူတို့ဘက်ခြမ်းက ဘာတွေလိုချင်တယ်။ ဘယ်လိုဝန်ဆောင်မှု ပေးစေချင်တယ်ဆိုတာမျိုး အားနည်းနေသေးတယ်။ တုံ့ပြန်မှုကိုလည်း နားထောင်ပြီးမှသာ ပိုကောင်းအောင် ဘယ်လိုပြင်ဆင်မလဲဆိုတာကို သိလာမယ်။ အဲဒီအခါကျရင်တော့ ဒီစနစ်ကြီးဟာ ပိုမိုကောင်းမွန်ပြီး ရေရှည်အားကောင်းလာမယ်။ ဒါမှလည်း နိုင်ငံသားတွေအားလုံးဘက်ကနေ ပိုပြီးအားကိုးရတဲ့ စနစ်တစ်ခု ဖြစ်လာမယ်။

နောက်တစ်ခုက အကျုံးမဝင်ရသေးတဲ့ မောင်နှမတွေအတွက်ကတော့ Informal Sector ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေမှာ အကျုံးမဝင်တဲ့ လုပ်သားတွေရှိတယ်။ တကယ်တမ်းပြောရရင် အပြည်ပြည်ဆိုင်ရာစံနှုန်းမှာ ဒီလိုကန့်သတ်ထားစရာ အကြောင်းမရှိဘူး။ အားလုံးအကျုံးဝင်နိုင်အောင် စနစ်က ဖော်ဆောင်ရမှာ။ အခုလို အလုပ်ရှင် အတည်တကျမရှိတဲ့ လုပ်သားတွေကို ဘယ်လိုစနစ်ထဲရောက်အောင် လုပ်မလဲဆိုတာ လိုအပ်ပါတယ်။ ဒါကတော့ ကျွန်မတို့ ရှေ့ကျရင် လုပ်သွားရမယ့် လုပ်ငန်းစဉ်တွေထဲက တစ်ခုဖြစ်ပါတယ်။

**ညွှန်ကြားရေးမှူးချုပ်** ။ ။ ခုနက အကျိုးခံစားခွင့်ပေးတဲ့အပိုင်းမှာ ကျွန်တော်တို့ လူမှုဖူလုံရေးကနေ အကျိုးခံစားခွင့်တွေကို အိမ်တိုင်ရာရောက်လိုက်ပေးတဲ့ အစီအစဉ်တွေရှိခဲ့တယ်။ အလုပ်သမားဆေးရုံတွေမှာ သနပ်ခါးတို့၊ ကျောက်ပျဉ်တို့တောင် ထားခဲ့ပေးဖူးတယ်။

### ဝန်ဆောင်မှုတွေလျော့ကျ

အရင်ကလုပ်ခဲ့တာတွေ တဖြည်းဖြည်းပျောက်ကုန်ပြီး လက်ရှိအလုပ်သမားတွေ များလာတဲ့အခါ ဝန်ဆောင်မှုဟာလည်း လျော့ကျလာတယ်။ ဒါကို ပြုပြင်ပြောင်းလဲတာတွေ လုပ်နေပါတယ်။ နောက်တစ်ခုက အလုပ်သမားတစ်ယောက် အလုပ်မှာ ထိခိုက်လို့ သေဆုံးသွားတဲ့အခါ နာရေးစရိတ်ထုတ်ပေးရတယ်။ အဲဒီလို ထုတ်ပေးတဲ့အခါ ဝန်ထမ်းတွေက ရုံးကိုလာမှ ထုတ်ပေးတာမျိုးမဖြစ်စေနဲ့။ နာရေးစရိတ်ကို သေဆုံးပြီး မြေမကျခင်မှာ အတတ်နိုင်ဆုံး အိမ်တိုင်ရာရောက် သွားပေးပါဆိုပြီး ဝန်ထမ်းတွေကိုလည်း မှာကြားထားပါတယ်။ လက်ရှိကျွန်တော်တို့ ကိုယ်တိုင်လည်း အကောင်အထည်ဖော်နေပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုကို ပိုကောင်းလာအောင် ဆက်လက်ကြိုးစားနေပါတယ်။

**အစီအစဉ်မှူး။ ။ အခုဆွေးနွေးခဲ့တဲ့ အပိုင်းမှာ အိုင်အယ်လ်အိုရဲ့ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဘယ်လိုအကြောင်းအရာတွေကို ဆွေးနွေးပေးဦးမလဲ။ သုံးသပ်ပြောကြားပါဦး။**

**ILO ကိုယ်စားလှယ်** ။ ။ အိုင်အယ်လ်အို ဆိုတာက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဖြစ်ပါတယ်။ ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။ အိုင်အယ်လ်အိုက ကုလသမဂ္ဂ မပေါ်ခင်ကတည်းက စတင်ပေါ်ပေါက်လာခဲ့တာပါ။ ၁၉၁၉ ခုနှစ်ကတည်းက အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရဆိုပြီး ပေါင်းစည်းဖွဲ့ထားတာပါ။ ကုလသမဂ္ဂ အဖွဲ့အစည်းတွေ ပေါ်ထွက်လာတဲ့အခါ အိုင်အယ်လ်အိုက နည်းပညာအဖွဲ့အစည်းအဖြစ် အလုပ်ရှင်၊ အလုပ်သမားနဲ့ အစိုးရတွေအကြား သုံးဦးသုံးဖလှယ်နည်းပညာ အကူအညီတွေ ပေးအပ်ပါတယ်။ ဂုဏ်ယူဖို့ကောင်းတာက ကျွန်တော်တို့သည် ၁၉၅၄ ခုနှစ် ဥပဒေမှာလည်း ပါဝင်ခဲ့သလို ၂၀၁၂ ခုနှစ် ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းမှာလည်း ပူးပေါင်းပါဝင်ခဲ့ပါတယ်။ အာမခံစနစ်တွေကို ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း အိုင်အယ်လ်အိုနဲ့ မြန်မာနိုင်ငံဆိုတာ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ကြပြီး အခက်အခဲတွေကိုလည်း အတူတူကျော်ဖြတ်ခဲ့ကြတယ်။ စိန်ခေါ်မှုတွေ ရှိနေတဲ့ အခုအချိန်မှာလည်း အားရစရာတွေကို မြင်တွေ့ရတယ်။ မြန်မာနိုင်ငံဟာ တိုးတက်တဲ့ ကာလတစ်ခုကို အရောက်သွားချင်တယ်။

### ဝန်ဆောင်မှု များများပေးဖို့လို

လူမှုဖူလုံရေးနဲ့ပြောရမယ်ဆိုရင် ရည်ရွယ်ချက်ကိုက တစ်မျိုးသားလုံးကို လွှမ်းခြုံဖို့ ဖြစ်ပါတယ်။ တစ်မျိုးသားလုံးကို လွှမ်းခြုံဖို့ဆိုရင် အိုင်အယ်လ်အိုအနေနဲ့ ဥပဒေကို သုံးသပ်ကြည့်တဲ့အခါ ဥပဒေမှာ အကျုံးမဝင်တဲ့ အပိုင်းတွေလည်း ရှိနေသေးတယ်။ ဥပမာ ပုဒ်မ ၁၁ (က)မှာ အကျုံးဝင်တဲ့ လုပ်ငန်းဌာနတွေပါတယ်။ ၁၁ (ခ)မှာ အကျုံးမဝင်တဲ့ လုပ်ငန်းဌာနတွေပါတယ်။ အလယ်မှာ လွတ်နေတာတွေရှိတယ်။ အဲဒါတွေကို လွှမ်းခြုံနိုင်ဖို့အတွက် အကျုံးဝင်တဲ့အရာတွေကို ချဲ့ထွင်ပေးရမယ်။ ဖြေလျှော့ပေးရမယ်။ ဒါမှ များများဝင်နိုင်မှာ ဖြစ်ပါတယ်။ လူမှုဖူလုံရေး အဖွဲ့အစည်းဟာ လွှမ်းခြုံမှုများလာမယ်။ လက်ရှိမှာ အလုပ်သမား ငါးယောက်နဲ့ အထက်ရှိတဲ့ စက်ရုံတွေက အကျုံးဝင်တယ်ဆိုရင် အာမခံထားရတယ်။ နိုင်ငံတကာမှာတော့ ငါးယောက်ကနေ သုံးယောက်၊ သုံးယောက်ကနေ တစ်ယောက်ဆိုတာမျိုး လျှော့ချတော့ အလုပ်ရှင်တစ်ယောက်၊ အလုပ်သမားတစ်ယောက်နဲ့တင် လုပ်ငန်းဌာနသည် မှတ်ပုံတင်ရရှိပြီး လူမှုဖူလုံရေးရဲ့ လွှမ်းခြုံမှုက ကျယ်ပြန့်လာတယ်။ များများ ကျယ်ပြန့်လာတော့ လူမှုဖူလုံရေးဟာ အာမခံစနစ်တစ်ခုရဲ့ သဘောတရားအရ အာမခံထည့်ဝင်ကြေးငွေများများပေးနေလို့ ရန်ပုံငွေ တောင့်တင်းခိုင်မာပြီး မမျှော်လင့်တဲ့ ဘေးအန္တရာယ်တွေ၊ အခက်အခဲတွေနဲ့ စောစောကပြောခဲ့သလို ကံကြမ္မာ ကြိုးတန်းပေါ်ကနေ ပြုတ်ကျတဲ့အခါ အားလုံးပြန်ပေးအပ်နိုင်တဲ့အထိ ရန်ပုံငွေတောင့်တင်းမယ်။ အားလုံးကို လွှမ်းခြုံသွားနိုင်မယ်။ ဒါကြောင့် ဝန်ဆောင်မှု များများပေးဖို့ လိုအပ်ပါတယ်။ ။

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

*(ဆက်လက်ဖော်ပြပါမည်)*

## ပြန်ကြားရေးဝန်ကြီးဌာန
### ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
### Lot အလိုက်ပြင်ပပုဂ္ဂလိကပုံနှိပ်တိုက်များ/ကုမ္ပဏီများရိုက်နှိပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ Lot အမျိုးအစားအလိုက်ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Lot(1) | (စ) | Lot(6) |
| (ခ) | Lot(2) | (ဆ) | Lot(7) |
| (ဂ) | Lot(3) | (ဇ) | Lot(8) |
| (ဃ) | Lot(4) | (ဈ) | Lot(9) |
| (င) | Lot(5) | | |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၀-၁၂-၂၀၁၈ရက်မှ ၂၈-၁၂-၂၀၁၈ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင်လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁၂-၂၀၁၈ရက်တွင် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ် ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၄။ ဝင်ရောက်ယှဉ်ပြိုင်ရန်တင်ဒါတင်သွင်းသူများအနေဖြင့် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီက ၁၇-၁၀-၂၀၁၈ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှင်းလင်းပြောကြားခြင်းအစီအစဉ်တွင် ရှင်းလင်းဝေငှပေးခဲ့သည့် တင်ဒါဆိုင်ရာ စည်းကမ်းချက်များ၊ လိုက်နာရမည့်အချက်များနှင့်စာချုပ်ချုပ်ဆိုသည့်မူကြမ်းပါ အချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ အသုံးပြုမည့်စက္ကူ
(က) Woodfree(70 gsm) (Brightness ≥ 95 ±1)
(ခ) Art Card (210 gsm) (Brightness ≥ 90 ± 1.5)

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ကျောင်းသုံးပြဋ္ဌာန်းစာအုပ် |
| ပြန်ကြားရေးဝန်ကြီးဌာန | တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန၊ |
| **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် (၁၃၂)၊ အကွက်အမှတ် (၂၆၊ ကန်ရှေ့ရပ်ကွက်)၊ ဦးပိုင်အမှတ် (၈-ခ)၊ မြေကွက်အမှတ် (၆/၂၄၉)၊ မြေဧရိယာ ၀ဒသမ၁၃၀ဧကရှိမြေနှင့် လေးထပ်အဆောက်အအုံ (၄၇'×၇၁')အား ငှားရမ်းမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၁၂-၂၀၁၈ရက်မှ ၉-၁-၂၀၁၉ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၁-၂၀၁၉ရက်ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၁၂၁၂၉၈၊ ၀၈၁- ၂၁၂၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန
## (ဒုတိယအကြိမ်-အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| Lot-1 | ဝယ်ယူလိုသည့်ပစ္စည်း | Paddy Seed Dryer | (3) No |
| | Model | 5 HXG-120 | |
| | Brand Name | YGTY | |
| | Made in China | | |
| | ဝယ်ယူလိုသည့်ပစ္စည်း | Diesed Burmer | (3) No |
| | Model | BT 14 C/W | |
| | Brand Name | BALTUR | |
| | Made in China | | |
| | ဝယ်ယူလိုသည့်ပစ္စည်း | Generator 20 KVA | (3) No |
| | Model | FX 20 GF | |
| | Brand Name | YGTY | |
| | Made in China | | |

၂။ တင်ဒါလျှောက်လွှာ(၁)စုံနှင့် တင်ဒါစည်းကမ်း(၁)စုံလျှင်(၁၀၀၀၀/-)နှုန်းဖြင့် ရောင်းချမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်နောက်ကျ၍ တင်သွင်းလာသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၀၂၃၁၅၆၊ ၀၆၃-၂၀၂၃၁၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်
**တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၃၀-၁၂-၂၀၁၈ရက်
**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၃၁-၁၂-၂၀၁၈ရက်
**တင်ဒါဖွင့်မည့်ရက်** - ၇-၁-၂၀၁၉ရက်

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၀-၁၂-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီမှ ၁၇-၁၂-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်လေလံတင်ဒါများကို ၁၇-၁၂-၂၀၁၈ရက် ၁၄း၀၀နာရီမှ ၁၅း၀၀နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေများအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၀၇ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**နေပြည်တော်သတင်းစာတိုက်**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၏ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၁၃-၁၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - မွန်းလွဲ ၁၄း၀၀နာရီ

ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm)တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ရှမ်းပြည်နယ်အစိုးရအဖွဲ့
### ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
### (ရှမ်းပြည်နယ်-တောင်ပိုင်း)
## ကျပ်သန်း(၁၀၀)အထက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်၊ ကျေးရွာမီးလင်းရေးနှင့် ဓာတ်အားစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများနှင့်လုပ်ငန်းများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်(တနင်္လာနေ့)
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ
(ဃ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်း(တောင်)၊ တောင်ကြီးမြို့
(င) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်း(တောင်)၊ တောင်ကြီးမြို့အစည်းအဝေးခန်းမ

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့် ကုမ္ပဏီမှအထူးအာဏာလွှဲအပ်ပေးထားသူ အနိမ့်ဆုံး Director အဆင့်ရှိသူပါရှိမှသာ တင်ဒါလျှောက်လွှာ ဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၈၁- ၂၁၂၂၂၄၆ နှင့် ၀၈၁-၂၀၅၈၄၈ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## စက်မှုဝန်ကြီးဌာန
### မြန်မာ့ဆေးဝါးလုပ်ငန်း
## Carton Box (၁၂)မျိုးအဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | Carton Box(3ply) | |
| | - (415×225×75)mm | ၈၂၀၀၀ ခု |
| | - (370×290×95)mm | ၈၁၀၀၀ ခု |
| | - (425×275×115)mm | ၁၃၀၀၀ ခု |
| | - (420×270×130)mm | ၆၂၀၀၀ ခု |
| | - (215×190×100)mm | ၈၄၀၀၀ ခု |
| | - (195×195×80)mm | ၁၅၀၀၀ ခု |
| | - (120×54×147)mm | ၂၀၀၀၀၀ ခု |
| | - (390×310×180)mm | ၈၀၀၀ ခု |
| | - (320×320×180)mm | ၅၀၀၀ ခု |
| (၂) | Carton Box(5ply) | |
| | - (390×310×180)mm | ၅၇၀၀၀ ခု |
| | - (405×330×205)mm | ၅၇၀၀ ခု |
| | - (500×290×125)mm | ၇၀၀၀ ခု |

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၇-၁-၂၀၁၉ရက် ညနေ ၄း၀၀နာရီ
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)
၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** **ဖုန်း-၀၆၇-၄၀၈၃၈၈**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်** **ဖုန်း-၀၆၇-၄၀၈၃၅၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### (၁၆)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ အောက်ဖော်ပြပါ ပညာသင်နှစ်များတွင် ဘွဲ့သင်တန်းအောင်မြင်ပြီးသူများကို ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။ သို့ပါ၍ တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့များ လျှောက်ထားနိုင်ကြောင်းကြေညာလိုက်သည်။

**အပ်နှင်းမည့်ဘွဲ့များ-**
(က) ပါရဂူ(ဘောဂဗေဒ)ဘွဲ့ ၂၀၁၇-၂၀၁၈ပညာသင်နှစ်
(ခ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)သင်တန်းအမှတ်စဉ်(၁၃)နှင့် (မန္တလေးတက္ကသိုလ်(MBA)သင်တန်းအမှတ်စဉ်(၆)အပါအဝင်)
(ဂ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA) သင်တန်းအမှတ်စဉ်(၁၂) (၁၃)နှင့် (မန္တလေးတက္ကသိုလ်(MPA) သင်တန်းအမှတ်စဉ်(၁)၊ (၂) အပါအဝင်)
(ဃ) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ၊ စာရင်းအင်းပညာ) ၂၀၁၇-၂၀၁၈ပညာသင်နှစ် ဝါဏိဇ္ဇဗေဒဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်**
**ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်မည့်ရက်** - (၂၄-၁-၂၀၁၉ရက်)နှင့် (၂၅-၁-၂၀၁၉ရက်) နံနက်ပိုင်း
**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - (၂၅-၁-၂၀၁၉ရက် မွန်းလွဲပိုင်း)မှ (၂၇-၁-၂၀၁၉ရက်)ထိ
**ကျင်းပမည့်နေရာ** - မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ။
**တက်ရောက်ဘွဲ့နှင်းသဘင်ကြေး** - ကျပ်-၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး** - ကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)
**ဘွဲ့လျှောက်လွှာလက်ခံမည့်ရက်** - (၃-၁၂-၂၀၁၈ရက်)မှ (၁၅-၁-၂၀၁၉ရက်)ထိ

**မှတ်ချက်**။(၁) ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို မိတ္ထီလာစီးပွားရေးတက္ကသိုလ် (စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)တွင် ကြေညာပေးမည်ဖြစ်ပါသည်။
(၂) သတ်မှတ်ထားသည့် ဘွဲ့နှင်းသဘင်လျှောက်လွှာဖြင့် လျှောက်ထားရမည်။
(၃) ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မတိုင်မီ ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ထားသူများသည် အဝေးရောက်ဘွဲ့သာလျှောက်ထားရမည်။
(၄) တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (2"+1½")ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူတင်ပြလျှောက်ထားရမည်။
(၅) ရပ်ဝေးမှလျှောက်ထားလိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့်ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ်လိပ်မူ၍လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်၊ လ၊ နေရပ်လိပ်စာအပြည့်အစုံတို့ကိုဖော်ပြရမည်။
(၆) မြန်မာ့ယဉ်ကျေးမှုနှင့်မညီညွတ်သည့် သရုပ်ပျက်ဝတ်စားလာသောဘွဲ့ယူမည့်သူများနှင့်ဧည့်သည်များကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားသို့လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

**(အေးဇော်)**
**(ဌာနမှူး-သင်တန်းရေးရာဌာန)**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ကျောက်ဆည်တက္ကသိုလ်
## (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းအစီအစဉ်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောက်ဆည်တက္ကသိုလ်မှ ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့ စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ၏ ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ဘွဲ့နှင်းသဘင် (၁၉-၁-၂၀၁၉)ရက် စနေနေ့ အစီအစဉ်**

| **နံနက် (၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ** | | **မွန်းလွဲ (၁း၀၀)နာရီမှ (၄း၀၀)နာရီအထိ** | |
|---|---|---|---|
| **ဘွဲ့** | **အထူးပြုဘာသာ** | **ဘွဲ့** | **အထူးပြုဘာသာ** |
| မဟာသုတေသနဘွဲ့ | (က) ဓာတုဗေဒ | မဟာသုတေသနဘွဲ့ | (က) အင်္ဂလိပ်စာ |
| မဟာသိပ္ပံ(ဘွဲ့) | (ခ) ရုက္ခဗေဒ | မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) | (ခ) ရူပဗေဒ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | |
| သိပ္ပံဘွဲ့ | | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | |

**ဘွဲ့နှင်းသဘင် (၂၀-၁-၂၀၁၉) တနင်္ဂနွေနေ့ အစီအစဉ်**

| **နံနက် (၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ** | | **မွန်းလွဲ (၁း၀၀)နာရီမှ (၄း၀၀)နာရီအထိ** | |
|---|---|---|---|
| **ဘွဲ့** | **အထူးပြုဘာသာ** | **ဘွဲ့** | **အထူးပြုဘာသာ** |
| မဟာသုတေသနဘွဲ့ | (က) သင်္ချာ | မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) | (က) မြန်မာစာ |
| မဟာသိပ္ပံ(ဘွဲ့) | | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (ခ) ပထဝီဝင် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (ဂ) သမိုင်း |
| သိပ္ပံဘွဲ့ | | | (ဃ) ဒဿနိကဗေဒ |
| | | | (င) သတ္တဗေဒ |
| | | | (စ) ဘူမိဗေဒ |

**အစမ်းလေ့ကျင့်ခြင်း (၁၈-၁-၂၀၁၉) သောကြာနေ့ အစီအစဉ်**

(စနေနေ့ နံနက်ပိုင်း)
(စနေနေ့ မွန်းလွဲပိုင်း) နံနက် (၉း၀၀မှ ၁၁း၀၀)နာရီထိ
(တနင်္ဂနွေနေ့ နံနက်ပိုင်း)
(တနင်္ဂနွေနေ့ မွန်းလွဲပိုင်း) မွန်းလွဲ (၂း၀၀မှ ၄း၀၀)နာရီထိ

ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ (၁၄-၁-၂၀၁၉)မှ (၁၆-၁-၂၀၁၉)ရက်များတွင် ကျောက်ဆည်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ယူနိုင်ပါသည်။

**မှတ်ချက်**။ ။ တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲ အခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၁။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲအခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမပြုပါက သက်ဆိုင်ရာအခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၂။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ိ/-)ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများအတွက် (၁၀၀၀ိ/-)ဖြစ်ပါသည်။ ဘွဲ့လျှောက်လွှာတင်သွင်းသူများသည် (၁½"×၂") ဓာတ်ပုံ (၃)ပုံနှင့်အတူ လျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်ကြေးငွေများကို ကျောက်ဆည်တက္ကသိုလ် ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာဖြင့်ဖြစ်စေ (၅-၁၂-၂၀၁၈)ရက်မှ (၁၄-၁၂-၂၀၁၈)ရက်အထိ ပေးသွင်းနိုင်ပါသည်။

၃။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ အခြားအချက်အလက်များသိရှိလိုပါက ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(စန်းစန်းညွှန့်)**
**မော်ကွန်းထိန်း**
**ကျောက်ဆည်တက္ကသိုလ်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/3177 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၀၁၉ ခုနှစ်) လုပ်ငန်းများအတွက် လေလံခေါ်ယူခြင်း

၁။ ရွှေမော်ဓောစေတီတော် ဝတ္တကမြေအတွင်း ၂၀၁၉ ခုနှစ်အတွက် အောက်ပါလုပ်ငန်းများကို လေလံစနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် လေလံဆွဲဝယ်ယူခွင့် ပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် ၁၂-၁၂-၂၀၁၈ ရက်မှစ၍ ဂေါပကအဖွဲ့ ရုံးတွင် ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။

(က) ခြင်္သေ့ဦးမုခ်ဦးအနီးရှိ သန့်စင်ခန်းနှင့် ရေချိုးခန်းလုပ်ငန်းကောက်ခံခွင့်
(ခ) စက်ဘီး/ဆိုင်ကယ် အပ်နှံခြင်းလုပ်ငန်းကောက်ခံခွင့်
(ဂ) မော်တော်ယာဉ်ရပ်နားခွင့်နှင့် အခွန်ကောက်ခံခွင့်
(ဃ) ယက္ခမယ်တော်နန်း/ဘိုးဘိုးကြီးနန်းမှ အုန်းပွဲငှက်ပျောပွဲနှင့် ပဝါများ ရောင်းချခွင့်၊ စွန့်ယူခွင့်၊
(င) သီးပင်/ပန်းပင် ဆွတ်ယူခွင့်
(စ) ဖယောင်းတာအိုးခြစ်ယူခွင့်

၂။ လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာ၊ အာမခံငွေပေးသွင်းပြီးကြောင်း ပြေစာနှင့်အတူ ၂၃-၁၂-၂၀၁၈ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်သည်။

**လေလံပွဲကျင်းပမည့်ရက်** - ၂၆-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)
**လေလံပွဲကျင်းပမည့်အအချိန်** - နံနက် ၁၀း၀၀ နာရီ
**လေလံပွဲကျင်းပမည့်နေရာ** - ဂေါပကအဖွဲ့ရုံးခန်း

အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူး ဖုန်း-၀၉-၄၂၀၇၀၅၅၇၆ ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ရွှေမော်ဓောစေတီတော်မြတ်ကြီး**



## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၆၈/မမ/CE | တိုင်းအမှတ်(၂)ရွာဆောင် ကျွန်းလှဘူတာတွင် ရဲဝန်ထမ်း(၆)ခန်းတွဲ(၁)လုံးဆောက်လုပ်ခြင်း (၇၂' x ၃၀') အုတ်တိုက်၊သွပ်မိုး၊ကွန်ကရစ်ကြမ်းခင်း(မီးလွှာအပါအဝင်)(ရေမီးမပါ) |
| ၂ | ၆၉/မမ/CE | စစ်ကိုင်းဘူတာ ရပ်စခန်း ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်း(၁၅၀'x ၈') |
| ၃ | ၇၀/မမ/CE | ကံကြီးကုန်းဘူတာတွင် ရပ်စခန်းပလက်ဖောင်းပြုလုပ်ခြင်း(၁၅၀'x ၈') |
| ၄ | ၇၁/မမ/CE | ကျောက်ပန်းဘူတာ ရပ်စခန်းပလက်ဖောင်းပြုလုပ်ခြင်း(၁၅၀'x ၈') |
| ၅ | ၇၂/မမ/CME | မြစ်ငယ်ကုန်းတွင်းဆိပ်(Dry Port)စီမံကိန်းရှိ ရထားရဲဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ၊ (၄)ထပ်၊(၂)လုံး လျှပ်စစ်မီးရရှိရေးအတွက် 11/0.4 KV,200 KVA Transformer ထိုင်ခြင်းနှင့် H.T Line (၃၀၀)ပေ တည်ဆောက်ခြင်းလုပ်ငန်း |
| ၆ | ၇၃/မမ/CME | အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်နယ်မြေများအတွက် ပါဝါလျှပ်စစ်ပစ္စည်း(၁၅)မျိုး ဝယ်ယူရန်၊(High Pressure Pump, Motor,Star Delta Starter Battery Charger, Wall Fan 26") |
| ၇ | ၇၄/မမ/CME | Platform Truck (Aerial Work Platform)(၁)စီး ဝယ်ယူရန်၊ |
| ၈ | ၇၅/မမ/CME (YUG) | သံရည်ကြို၊ တွင်၊ သံဂဟေလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း(၂၉)မျိုး(Pig Iron ,Ferro Manganese ,Copper Ingot ,Ferro Silicon,Insert Tools,MS Round Bar ,MS Plate,MS Angle, MS Pipe,Electrode) ဝယ်ယူရန်၊ |
| ၉ | ၇၆/မမ/CME (ISN) | Pig Iron (100)Ton ဝယ်ယူရန်၊ |
| ၁၀ | ၇၇/မမ/CMO | ဆေးရုံသုံးပစ္စည်း(၃)မျိုး(Dental Chair, Oxygen Gen Hanket,Sterilizer) |

တင်ဒါပိတ်မည့် နေ့/အချိန် - (၈ .၁ . ၂၀၁၉)(အင်္ဂါနေ့ )(၁၄း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၇ .၁၂. ၂၀၁၈) ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994



## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် (5)MVA ဓာတ်အားခွဲရုံ ဆောက်လုပ်ရန်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်း၌ ဆောင်ရွက်မည့် အောက်ဖော်ပြပါလျှပ်စစ်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | Lot(1) | (33)kV Switch Bay (1) set & 33/11kV (5)MVA ဓာတ်အားခွဲရုံ (Material+ Installation)၊ Control Building နှင့် ၂ခန်းတွဲ ၂ထပ်ဝန်းထမ်အိမ်ရာတည်ဆောက်ခြင်း လုပ်ငန်း (Turnkey) |
| ၂ | Lot(2) | 33kV Overhead Line တည်ဆောက်ခြင်းလုပ်ငန်း၊ 11 လိုင်း တည်ဆောက်ခြင်း (SAC Single Circuit)၊ 11/0.4kV/315KVA Transformer(၂)လုံးတပ်ဆင်ခြင်း 400V ဓာတ်အားလိုင်းတည်ဆောက်ခြင်း (ABC Single Circuit)နှင့် အိမ်ရာဝင်းအတွင်း လမ်းမီးများတပ်ဆင်ခြင်း လုပ်ငန်း (Turnkey) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၁၂-၂၀၁၈ ရက်မှစတင်၍ ၁၄-၁-၂၀၁၉ ရက်ထိ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၁-၁-၂၀၁၉ရက်တွင် (၁)ရက်တည်းသာ ရုံးချိန်အတွင်း ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**
**၆၆ လမ်း၊ ၁၆×၁၉ လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၇၅၁၉၄၊ ၀၉-၂၅၉၀၄၇၂၉၈**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## ပညာရေးဘွဲ့ စာပေးစာယူ(၂)နှစ်သင်တန်း (ပထမနှစ်)အတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင်ဖွင့်လှစ်မည့် ပညာရေးဘွဲ့ စာပေးစာယူ(၂)နှစ်သင်တန်း(ပထမနှစ်)အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားခွင့်ရှိသည်-

(၁) **ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လျှောက်ထားခွင့်ရှိသူများ**

(က) အခြေခံပညာဦးစီးဌာနများနှင့် ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိအခြေခံပညာကျောင်းများတွင်အထက်တန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့် အထက်တန်းပြ (သို့မဟုတ်) အလယ်တန်းပြလစာနှုန်းတူသင်ကြားရေးနှင့်သက်ဆိုင်သူများ၊ ပညာရေးကောလိပ်များတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ လျှောက်ထားခွင့်ရှိသည်။

(ခ) ပညာရေးကောလိပ်နည်းပြ၊ အထက်တန်းပြနှင့် လစာနှုန်းထားတူညီသည့် သင်ကြားရေးနှင့်သက်ဆိုင်သော ဒု-ဦးစီးမှူးများ၊ ဒု-ကြီးကြပ်ရေးမှူးနှင့် PGDMA ဘွဲ့ရကွန်ပျူတာလုပ်ဆောင်ရေးမှူးများသည် လက်ရှိရာထူးတွင် ၃၁-၁၂-၂၀၁၈ရက်၌ သင်ကြားရေးလုပ်သက်အနည်းဆုံး (၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) အလယ်တန်းပြ (သို့မဟုတ်) မူလတန်းကျောင်းအုပ်များနှင့် လစာနှုန်းထားတူညီသည့်သင်ကြားရေးနှင့်သက်ဆိုင်သော ဒုလ/ထကြီးကြပ်ရေးမှူး PGDMA ဘွဲ့ရ လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူးများသည် လက်ရှိရာထူးတွင် ၃၁-၁၂-၂၀၁၈ရက်၌ စုစုပေါင်းလုပ်သက်အနည်းဆုံး(၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) ဘွဲ့တစ်ခုခုရရှိပြီး ပညာရေးဘွဲ့(B.Ed) မရရှိသေးသူဖြစ်ရမည်။

(င) အခြားသင်တန်းတစ်ခုခုသို့ တက်ရောက်နေသူမဖြစ်စေရ။

(၂) **လျှောက်လွှာတင်သွင်းခြင်း**

(က) အထက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများသည် ဝင်ခွင့်စာမေးပွဲလျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင်ရယူပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများသို့ ၂၆-၁၂-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်လွှာများတင်သွင်းရမည်။

(ခ) လျှောက်လွှာစတင်လက်ခံမည့်ရက် - ၁၀-၁၂-၂၀၁၈ ရက်

(ဂ) ပညာရေးကောလိပ်များမှ လျှောက်ထားသူများသည် သက်ဆိုင်ရာပညာရေးကောလိပ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ အဆင့်မြင့်ပညာဦးစီးဌာန၏ ခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ ၂၆-၁၂-၂၀၁၈ရက်နောက်ဆုံးထား၍ လျှောက်လွှာများတင်သွင်းရမည်။

(၃) **အထူးပြုဘာသာရပ် ရွေးချယ်လျှောက်ထားခြင်း**

(က) ပညာရေးဘွဲ့(B.Ed) စာပေးစာယူသင်တန်း(၂)နှစ်သင်တန်းသားဖြစ်သဖြင့် ဘာသာရပ်ကျွမ်းကျင်မှု၊ သင်ပြနည်းကျွမ်းကျင်မှုတို့အတွက် အထူးပြုဘာသာရပ်တစ်ခုတည်းကိုသာ ရွေးချယ်ဖြေဆို သင်ယူခွင့်ပြုမည်ဖြစ်သည်။

(ခ) လျှောက်ထားသူ၏ မူလဘွဲ့ရဘာသာရပ်ကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။ မူလဘွဲ့ရဘာသာရပ်နှင့်သင်ယူလိုသည့် အထူးပြုဘာသာရပ်ကိုက်ညီမှုမရှိပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဂ) စိတ်ပညာ၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာစသည့်ဘာသာရပ်များဖြင့် ဘွဲ့ရရှိထားသူသည် အင်္ဂလိပ်စာ၊ မြန်မာစာ၊သင်္ချာ (သို့မဟုတ်) ဝိဇ္ဇာဘာသာရပ်တစ်ခုခုကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။

(ဃ) ဝင်ခွင့်စာမေးပွဲတွင် ဘာသာရပ်အလိုက် တက္ကသိုလ်ဝင်တန်းသင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်၏ တက္ကသိုလ်ပညာသင်ရိုးညွှန်းတမ်းမှ ဘွဲ့ကြိုသင်တန်းပထမနှစ်၊ ဒုတိယနှစ်သင်ရိုးအထိ လေ့လာရန်ဖြစ်ပြီး ဘာသာရပ်ကျွမ်းကျင်မှုကို (၃)နာရီမေးခွန်းဖြင့်ရေးဖြေစစ်ဆေးမည်။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရာတွင် မြန်မာစာဘာသာရပ်မှအပ ကျန်ဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့်ဖြေဆိုရမည်။

(၄) **လုပ်သက်ကြီးစဉ်တန်းစီဇယားဖြင့် တက်ရောက်နိုင်ရန်ဝင်ခွင့်စာမေးပွဲဖြေဆိုလျှောက်ထားခွင့်ရှိသူများ**

(က) ပညာရေးဘွဲ့ (B.Ed) ဘွဲ့မရသေးသော သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် အထက်တန်းပြများ၊ အလယ်တန်းပြများ၊ မူလတန်းကျောင်းအုပ်များဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် အလယ်တန်းပြနှင့်အထက်ရာထူးတွင် ၃၁-၁၂-၂၀၁၈ရက်၌ လုပ်သက်အနည်းဆုံး (၁၀)နှစ်ရှိရမည်။

(ဂ) ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်မှုသာ လုပ်သက်ကြီးစဉ်အုပ်စုအတွက် သင်တန်းသားရွေးချယ်မည့်ဦးရေအချိုးအတိုင်း ပညာရေးဘွဲ့စာပေးစာယူသင်တန်းတက်ရောက်ခွင့်ရမည်။

(၅) **ရွေးချယ်ရေးမူများ**

(က) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ်ဆရာလိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ပေါ်မူတည်၍ ဝင်ခွင့်စာမေးပွဲရမှတ်များ/နည်း တန်းစီဇယားဖြင့် စိစစ်ရွေးချယ်မည်။

(ခ) လုပ်သက်ကြီးစဉ်အုပ်စုမှ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ် ဆရာလိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ပေါ်မူတည်၍ ဝင်ခွင့်စာမေးပွဲရမှတ် များ/နည်း တန်းစီဇယားအရ ဦးရေအချိုးအတိုင်း စိစစ်ရွေးချယ်မည်။

(၆) **စာစစ်ဌာနများ။** အောက်ပါမြို့များတွင်စာစစ်ဌာနများ ဖွင့်လှစ်စစ်ဆေးသွားမည်ဖြစ်သည်-

(က) မြစ်ကြီးနားမြို့ | (ဆ) မကွေးမြို့
(ခ) ဗန်းမော်မြို့ | (ဇ) မန္တလေးမြို့
(ဂ) လွိုင်ကော်မြို့ | (ဈ) တောင်ကြီးမြို့
(ဃ) ဟားခါးမြို့ | (ည) လားရှိုးမြို့
(င) မင်းတပ်မြို့ | (ဋ) ကျိုင်းတုံမြို့
(စ) မုံရွာမြို့ | (ဌ) နေပြည်တော်

(၇) **ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့်အစီအစဉ်**

(က) နေ့ရက် ။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် ။ နံနက် ၉ နာရီမှ ၁၂ နာရီအထိ

(၈) **အသေးစိတ်အချက်အလက်များသိရှိလိုပါက**

ဒေါ်ညွန့်ညွန့်သိန်း၊ ဌာနမှူး(သင်တန်းရေးရာ)၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ဖုန်း-၀၉-၄၂၀၁၂၀၈၉၄ တို့တွင် စုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

### စစ်ကိုင်းပညာရေးတက္ကသိုလ်
### ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
### ပညာရေးဘွဲ့စာပေးစာယူ (၂)နှစ်သင်တန်း (ပထမနှစ်)
### ဝင်ခွင့်လျှောက်လွှာ (ဝင်ခွင့်စာမေးပွဲ/လုပ်သက်ဝင်ခွင့်တန်းစီ)

| | လျှောက်ထားသူ | အဖ | အမိ |
|---|---|---|---|
| အမည် (မြန်မာ) | | | |
| (အင်္ဂလိပ်) | | | |
| လူမျိုး | | | |
| ကိုးကွယ်သည့်ဘာသာ | | | |
| နိုင်ငံသားမှတ်ပုံတင်အမှတ် | | | |
| မွေးသက္ကရာဇ် | | | |
| လက်ရှိရာထူးနှင့်ဌာန/ကျောင်း | | | |
| လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ် | | | |

| ပညာအရည်အချင်း | ဘွဲ့အမျိုးအစား | အဓိကဘာသာ | အောင်မြင်သည့်တက္ကသိုလ် | အောင်မြင်သည့်ခုနှစ် |
|---|---|---|---|---|
| မူလဘွဲ့ | | | | |
| ဘွဲ့လွန် | | | | |
| ဖြေဆိုလိုသောဘာသာရပ် | | | | |

ပညာရေးအမှုထမ်းသက်တမ်း ဖော်ပြချက်ဇယား (၃၁-၁၂-၂၀၁၈)ရက်နေ့အထိ တွက်ချက်ရန်ဖြစ်သည်။

| စဉ် | ရာထူး | ကျောင်းရုံး | မှ | | | ထိ | | | ကာလ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရက် | လ | နှစ် | ရက် | လ | နှစ် | ရက် | လ | နှစ် | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| ပညာရေးလုပ်သက်စုစုပေါင်း | | | | | | | | | | | | |

ရွေးချယ်တက်ရောက်ခွင့်ရ၍ ပညာရေးဘွဲ့ရရှိပြီး ရာထူးတိုးမြှင့်ခြင်းခံရပါက မည်သည့်ဒေသသို့မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်။
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူအမည်............................

ဌာနဆိုင်ရာ ထောက်ခံချက်

ဦး/ဒေါ်.................. ၏ ပညာအရည်အချင်း အသက်နှင့် အမှုထမ်းသက်များကို ရုံးရှိအမှုထမ်းစာအုပ်ဖြင့် ကိုယ်တိုင်စစ်ဆေးကြည့်ရှုပြီးနောက် မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်။

ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံလက်မှတ် ..............................
ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံအမည် ................................

ထပ်ဆင့်ထောက်ခံပါသည်။

မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲလက်မှတ် ........................
မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲအမည် ............................

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ပြည်သူ့ဆေးရုံကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်စာအတွက် လူနာများအား ဆေးဝါးကုသပေးရန် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်း Consumables များ၊ ဓာတ်ခွဲခန်းသုံးဆေးနှင့် ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၁၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၂-၂၀၁၈ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ထားဝယ်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၀၅၉-၂၂၁၆၉၊ ၀၅၉-၂၁၃၄၈သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
### အဆောက်အဦဦးစီးဌာန
### အဆောက်အဦအထူးအဖွဲ့(၈)
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၈)မှ တာဝန်ယူဆောင်ရွက်မည့် ကချင်ပြည်နယ်အတွင်းဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၁၀-၁၂-၂၀၁၈ရက် |
| ၂။ | **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦဦးစီးဌာန ယန္တရားဝင်း၊ ရပ်ကွက်ရုံးအနီး၊ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့။ |
| ၃။ | **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** | - | ၉-၁-၂၀၁၉ရက် ညနေ ၄း၃၀နာရီ |
| ၄။ | **တင်ဒါဖွင့်မည့် ရက်နှင့်အချိန်** | - | ဆက်သွယ်အကြောင်းကြားပါမည် |
| ၅။ | **တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦဦးစီးဌာန ယန္တရားဝင်း၊ ရပ်ကွက်ရုံးအနီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့။ |

၆။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၀-၁၂-၂၀၁၈ ရက်မှစတင်၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### သမဝါယမဦးစီးဌာန
### သမဝါယမတက္ကသိုလ်(သန်လျင်)
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **လုပ်ငန်းအမျိုးအစား** | - | ဆရာမများဆောင်(၈)ခန်းတွဲ(၂)ထပ် ပေ(၁၄၀× ၄၀×၂၅)[(ရေသန့်၊ လျှပ်စစ်(အတွင်း၊ အပြင်)]၊ သံပန်း၊ မိလ္လာလုပ်ငန်းများနှင့် Chain Link သံဆန်ခါ ခြံစည်းရိုးကာရန်ခြင်းလုပ်ငန်း အပါအဝင် (၆၁၈'×၇') ဂိတ်တံခါး(၂)ပေါက် အပါအဝင် လုပ်ငန်း |
| (ခ) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၀-၁၂-၂၀၁၈ရက် (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်** | - | ၉-၁-၂၀၁၉ရက် ညနေ ၁၆း၀၀နာရီတိတိ |
| (ဃ) | **တင်ဒါလျှောက်လွှာ ထုတ်ယူရမည့်နေရာ** | - | သမဝါယမတက္ကသိုလ်(သန်လျင်)၊ သန်လျင်မြို့နယ်။ |
| (င) | **တင်ဒါဖွင့်မည့်ရက်** | - | ကြေညာပါမည်။ |

၂။ သတ်မှတ်ချိန်ထက်နောက်ကျသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သမဝါယမတက္ကသိုလ်(သန်လျင်)၊ ဖုန်း-၀၅၆-၂၁၅၄၁၊ ၀၅၆-၂၃၂၅၅များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျိုက်မရောမြို့နယ်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇

| | | |
|---|---|---|
| ၁။ ဦးဟာရှီမွတ် | **နှင့်** | ၁။ ဒေါ်ဟာရှီနီ |
| ၂။ ဦးရမ်ဇံ | | ၂။ ဦးအီဆတ် |
| **တရားလိုများ** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ မုဆိုးကျွန်းကျေးရွာနေ (ဘ) ဦးမော်ဇော်လား၏သား ဦးအီဆတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုများ ဦးဟာရှီမွတ်နှင့် ဦးရမ်ဇံတို့က အခမဲ့ခွင့်ပြုချက်နှင့်ထားသူအား နှင်ထုတ်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ၂၀ရက်(၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၁၃ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်အမည်ပါသူများ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိမြတ်ချယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျိုက်မရောမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပုသိမ်တက္ကသိုလ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား (ခန်းမတွင်း) ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းနှင့် ၂၀၁၉ခုနှစ်အတွက် ပုသိမ်တက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံများကို ၁၀-၁၂-၂၀၁၈ရက်(တနင်္လာနေ့)မှစ၍ ရုံးဖွင့်ရက်ရုံးချိန်အတွင်း တစ်စုံလျှင် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)ဖြင့် ပုသိမ်တက္ကသိုလ်ငွေကိုင်ဌာနတွင် ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းပြသ၍ဝယ်ယူပြီး ၂၄-၁၂-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀နာရီနောက်ဆုံးထားလျက် လုပ်ငန်းတစ်ခုချင်းအလိုက် ဈေးနှုန်းလွှာတစ်စောင်စီကို လုပ်ငန်းဆောင်ရွက်လိုသူကိုယ်တိုင် ပုသိမ်တက္ကသိုလ်ပင်မဆောင် (ဘွဲ့နှင်းသဘင်အဆောက်အအုံ) ဌာနမှူး (စီမံ/ဘဏ္ဍာ)ရုံးခန်း၌ လာရောက်တင်သွင်းရမည်။

၃။ တင်ဒါခေါ်ယူရေးအဖွဲ့မှ ဈေးနှုန်းလွှာများကို စိစစ်၍ ၂၈-၁၂-၂၀၁၈ရက် (သောကြာနေ့)တွင် ရွေးချယ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိလိုပါက ဌာနမှူး(စီမံ/ဘဏ္ဍာ)ဖုန်း -၀၉-၅၀၆၉၈၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံလုပ်ငန်းတင်ဒါခေါ်ယူရေးအဖွဲ့**
**ပုသိမ်တက္ကသိုလ်**

## မိခင်အမည်မှန်

ကျောက်ဖြူမြို့နယ်၊ အထက ဇင်ချောင်း နဝမတန်း(D)မှ မောင်ကိုကျော်နိုင်၏ မိခင်အမည်မှန်မှာ ဒေါ်မစောသာ ဖြစ်ကြောင်း။

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အလက(၇) အဌမတန်း (A)မှ မောင်မင်းထွဋ်ခေါင်နှင့် ဆဌမတန်း(A)မှ မမြူနှင်းဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၁၄/မမန(နိုင်)၁၀၀၂၂၈ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## ရောင်းမည်၊ ငှားမည်၊ ဝယ်မည်

၁။ ပြည်လမ်းမ မြေ (ဝဒသမ၃ဧက) (ရောင်း)
၂။ ရွှေတောင်ကြား မြေ(ဝဒသမ၄၅ဧက) (ရောင်း)
၃။ လှိုင်လမ်းကျယ် မြေ (ဝဒသမ၈ဧက) (ရောင်း)
၄။ အင်းလျားလမ်း မြေ (ဝဒသမ၂ဧက) (ရောင်း)
၅။ ရွှေဟသ်ာကွန်ဒို (2200.sq.ft.) ပစ္စည်းစုံ (ငှား)

**S.K.M. Tel 09-400-500-684, 09-444-555-684**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### ရမည်းသင်းမြို့နယ်တရားရုံးတော်၌
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၈၂နှင့် ဆက်နွယ်သည့်
### ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၆၃

| | | |
|---|---|---|
| ဦးကျော်သိန်း(ခ)ဦးမောင်တင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းခင်) | **နှင့်** | ၁။ ဦးထိန်ဝင်း(ဘ)ဦးစိန်မောင် ၂။ ဒေါ်အေးသိန်း(ဘ)ဦးစိန်မောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊တောင်ကြီးမြို့နယ် ကျောက်မိုင်းတွင်းနယ်၌ နေထိုင်သူ (ယခုနေရပ်လိပ်စာမသိသူ) အမှတ်(၁)တရားရှုံး ဦးထိန်ဝင်း သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၈၂တွင် အနိုင်ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဖြစ်သော ဦးကျော်သိန်း(ခ)ဦးမောင်တင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းခင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့တည်းမဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်(၁၃၈၀ပြည့်နှစ် နတ်တော်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဤရုံးတော်မှ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မုန်ဒွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရမည်းသင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဘိုကလေးမြို့နယ်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၄၁

| | | |
|---|---|---|
| ဦးသက်ဖြိုးဝေ | **နှင့်** | ဦးကိုကိုအောင် |
| **တရားလို** | | **တရားပြိုင်** |

မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ပဒုမ္မာ (၁)လမ်း၊ အမှတ် (၅၅၉) ရပ်နေ ဦးကိုကိုအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်အရ ငွေ ၆၀၀၀၀၀၀ိ/- (ကျပ်သိန်းခြောက်ဆယ်တိတိ)ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (၁၃၈၀ပြည့်နှစ် နတ်တော်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးမိုးနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဘိုကလေးမြို့နယ်တရားရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 24(T)/YESC/ 18-19 (1 Year) | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၊ ၂၄နာရီ (ထိန်း/ပြင်၊တည်ဆောက်၊(၂၄)နာရီပြင်/ထိန်း)ဌာနခွဲတွင်အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် | ၈.၁.၂၀၁၉ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၁၀.၁၂.၂၀၁၈) မှ (၂.၁.၂၀၁၉)ထိ
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၂၆၃၉ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွန်း ၉/ခအဇ(ပြု)၀၀၀၃၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## စိတ်ဝင်စားသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီများ၊ ကန်ထရိုက်တာများသို့ ဖိတ်ခေါ်ခြင်း

KMA Group of Companies Limited မှ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများဖြစ်သည့် လှည်းကူး၊ မလစ်၊ လဟာယက်၊ ပဲခူး၊ တောင်ငူ၊ တောင်ကြီး၊ စစ်တွေ၊ ကော့သောင်းနေရာဒေသများတွင် မြေယာပြုလုပ်ခြင်း၊ လမ်း/တံတားနှင့် အဆောက်အအုံဆောက်လုပ်ခြင်း၊ M & E လုပ်ငန်း၊ Landscape လုပ်ငန်းစသည့် လုပ်ငန်းများအား လုပ်ကိုင်ခွင့်ရမည့်အခွင့်အလမ်းများစွာရှိရာ ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပကုမ္ပဏီများ၊ ကန်ထရိုက်တာများအနေဖြင့် KMA Group of Companies Limited သို့ ကြော်ငြာပါသည့်ရက်မှစ၍ လာရောက်ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်၊ သမဝါယမလုပ်ငန်းဗဟိုဌာန၊ ဒုတိယထပ်-KMA Construction Co.,Ltd. တွင် ရုံးချိန်အတွင်း လာရောက်လေ့လာစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**KMA Group of Companies Limited**

## အများပြည်သူသိရှိစေရန် ကြေညာချက်

မော်လမြိုင်ကျွန်းမြို့၊ ငွေနှန်းထက် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အမှတ် (၀၀၁၉/၂၀၁၂)ဖြင့် လိုင်စင်ရယူ၍ လုပ်ငန်းလုပ်ကိုင်ခဲ့ရာ မန်နေဂျင်းဒါရိုက်တာသည် ကျန်းမာရေးမကောင်းမွန်ပါသောကြောင့် လုပ်ငန်းပိတ်သိမ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။ ငွေရေးကြေးရေးအဖွဲ့ဝင်များ ပေးရန် ရရန်များကို ကုမ္ပဏီတည်ရှိရာ အမှတ်(၄၅) မဟာဗန္ဓုလလမ်း၊ အမှတ်(၆)ရပ်ကွက် မော်လမြိုင်ကျွန်းမြို့ထံသို့ ကြော်ငြာပါရှိသည့်ရက်မှ ၁၀ရက်အတွင်း နောက်ဆုံးထားဆက်သွယ်ကြပါရန် ကြေညာအပ်ပါသည်။

**(ဦးတင်ထွန်း)**
**မန်နေဂျင်းဒါရိုက်တာ**
**ငွေနှန်းထက်ကုမ္ပဏီလီမိတက်**

## PENSHOPPE မှ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၅၃/၅၄)တွင် တည်ထောင်ဖွင့်လှစ်ထားသော EARTH TRADING COMPANY LIMITED သည် PENSHOPPE ၏ Class3၊ Class 25 ထုတ်ကုန်များကို JUNCTION CITY (ဒုတိယထပ်)၊ MYANMAR PLAZA (ပထမထပ်)၊ CITY MALL (ပထမထပ်)နှင့် JUNCTION SQUARE PARKSON ကုန်တိုက်တို့တွင် ဆိုင်ပေါင်းလေးဆိုင်ဖွင့်လှစ်ရောင်းချပြီး Online မှဝယ်ယူလိုသူများအတွက် PENSHOPPE Officicial Facebook Page နှင့် Shop.Com.mm တို့မှတစ်ဆင့် တစ်ဦးတည်းရောင်းချလျက် ရှိပါသည်။ အခြားမည်သည့်မြို့၊ ဈေး၊ ကုန်တိုက်၊ အရောင်းဆိုင်နှင့် ONLINE SHOPPING အဖြစ်ရောင်းချခြင်း လုံးဝမရှိပါ။ ထိုသို့ရောင်းချသူရှိပါက ထိုရောင်းချခြင်းသည် PENSHOPPE အမှတ်တံဆိပ် ထုတ်ကုန်များကို တုပပြုလုပ်ထားသော ကုန်ပစ္စည်းအတုများကို ရောင်းချခြင်းဖြစ်ပါသည်။

PENSHOPPE ထုတ်ကုန်များ နိုင်ငံစုံတွင် တစ်ပြိုင်တည်းဖြန့်ဖြူးရောင်းချနေသည်ကို ပစ္စည်းဝယ်သူများသိရှိစေရန် မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် ကျော်ကြားသော အနုပညာရှင်များနှင့် ရိုက်ကူးထားသော ရုပ်ရှင်၊ ရုပ်သေ၊ ဓာတ်ပုံ၊ ပိုစတာ၊ ဆိုင်းဘုတ်များသည် PENSHOPPE နှင့် EARTH TRADING COMPANY LIMITED တို့မှသာလျှင် ပိုင်ဆိုင်အသုံးပြုခွင့်ရှိသော အနုပညာပစ္စည်းများဖြစ်သည့်အတွက် အခြားမည်သူတစ်ဦးတစ်ယောက်မျှ သုံးစွဲခွင့်မရှိပါ။

PENSHOPPE ကုန်အမှတ်တံဆိပ်ကို တရားမဝင်အသုံးပြုခြင်း၊ ဆင်တူယိုးမှား အတုအပ ပြုလုပ်ထားသည့် ပစ္စည်းများကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှပြည်ပသို့ တင်ပို့ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရန်လက်ဝယ်ထားခြင်း၊ PENSHOPPE အမှတ်တံဆိပ်ဖြန့်ဖြူးရာတွင် အသုံးပြုရန် ဖန်တီးရိုက်ကူးထားသည့်အနုပညာပစ္စည်းများကို တရားမဝင်သုံးစွဲခြင်းများတွေ့ရှိပါက ထိုသူတို့အပေါ် တည်ဆဲဥပဒေအရထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**EARTH TRADING COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုဦး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၄၆)**
**အမှတ်-၈၈၊ ၉၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၉၀၉၄၂**

## မိခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ သိမ်ကုန်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) သတ္တမတန်းမှ မောင်ထက်နိုင်ဝင်း၏မိခင် အမည်မှန်မှာ ဒေါ်ဆန်းကေသီ ၉/ရမသ (နိုင်)၁၆၀၁၀၇ ဖြစ်ပါကြောင်း။

**ဒေါ်ဆန်းကေသီ**

## အမည်မှန်

တနိုင်းမြို့၊ ဆင်မ်ဆော့ ရပ်ကွက်၊ အိမ်အမှတ်(၂)နေ ဒေါ်ဝကောင်ကော့ဂျာလဲန် ၁/တနန(နိုင်) ၀၀၆၈၀၆၏ အမည်မှန်မှာ ဒေါ်ဂျာလင်း ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ် (၈၂)နေ (ဘ)ဦးဝမ်ဇင်ချန်း၏ သမီး မကေသီဦး (ခ)မဖျင်ယန်း ၁/မကန(ဧည့်) ၀၀၁၅၈၆သည် တစ်ဦးတည်းဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဖိုစိုက်ကော်(ခ) ဆိုင်မွန်း ၁/ဝမန(နိုင်)၀၅၇၆၅၂၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၆၈၂၁၄၄**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ မယ်ဆွမ်မြောက် ရပ်ကွက်နေ မနန်းခမ်းအွမ်း၏ဖခင် အမည်မှန်မှာ ဦးစောဂျိမ်းဘွမ်း(ခ) ဦးဂျိမ်း(စ်)ဘွန်း ၇/မလန(နိုင်) ၀၃၁၀၆၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ မယ်ဆွမ်မြောက် ရပ်ကွက်နေ မနန်းခမ်းနွန်း၏ဖခင် အမည်မှန်မှာ ဦးစောဂျိမ်းဘွမ်း(ခ) ဦးဂျိမ်း(စ်)ဘွန်း ၇/မလန(နိုင်) ၀၃၁၀၆၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဆိုင်ထောင်း ၁၃/တခလ (နိုင်)၀၆၆၄၄၃၏ PassPort No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၇၉၂၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မျိုးလှိုင်ဝင်း ၈/နမန (နိုင်)၂၀၈၆၉၁၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းသို့အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၄၄၅၀၀၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးမင်းအောင် ၈/မလန (နိုင်)၀၈၂၆၉၃၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၃၆၃၆၇၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းလွင် ၈/မလန (နိုင်)၀၈၂၆၉၅၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၉၁၇၄၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရန်နိုင်ဦး ၈/မလန (နိုင်)၀၉၅၄၃၂၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၄၁၀၀၇၀၄**

# မြန်မာအသင်း ယှဉ်ပြိုင်သည့် ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ စတင်ကျင်းပသည်။

**ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် နီးစပ်**

ပထမနေ့တွင် အမျိုးသားပြိုင်ပွဲနှစ်ပွဲ၊ အမျိုးသမီးပြိုင်ပွဲတစ်ပွဲ ထည့်သွင်းကျင်းပပြီး မြန်မာအမျိုးသားအသင်းမှာ အနိုင်ရကာ အမျိုးသမီးအသင်းမှာ ရှုံးပွဲ ကြုံတွေ့ခဲ့သည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကိုသုံးပွဲပြတ်၊ ဖိလစ်ပိုင်အသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသားအသင်းသည် ပထမပွဲတွင် ရလဒ်ကောင်းခဲ့ပြီး အင်ဒိုနီးရှားကို အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် နီးစပ်သွားသည်။

**ကစားသမားသစ်များဖြင့် ဖွဲ့စည်း**

မြန်မာအသင်းသည် အင်ဒိုနီးရှား အသင်းကို ၂၅-၁၈ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၉ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသားအသင်းကိုနည်းပြချုပ်အဖြစ် ဦးလှွမ်းမိုးက ကိုင်တွယ်နေပြီး လက်ရွေးစင်ကစားသမားများဖြစ်သည့် ခွဲခြားမောင်၊ ရထိုက်ဝေနှင့် ဒိုမေးနီကိုတို့က ဦးဆောင်ကာ ကစားသမားသစ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် စင်ကာပူအသင်းကို သုံးပွဲပြတ်ရှုံးနိမ့်ခဲ့သည်။

စင်ကာပူအသင်းသည် မြန်မာကို ၂၅-၁၅ မှတ်၊ ၂၅-၁၅ မှတ်၊ ၂၅-၂၃ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❒



# အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ အားကစားအဖွဲ့များ ကြိုဆိုပွဲနှင့် အလံတင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ အားကစားအဖွဲ့များ ကြိုဆိုပွဲနှင့်အလံတင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အားကစားရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တက္ကသိုလ်အားကစားသမားများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ အာဆီယံတက္ကသိုလ်များ အားကစားကောင်စီအလံနှင့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားအလံတို့ကို လွှင့်ထူကြပြီး ပြိုင်ပွဲဝင်နိုင်ငံများ၏အလံများကို အစဉ်လိုက် ဆက်လက်လွှင့်ထူကြသည်။

ထို့နောက် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသိန်းဝင်းနှင့် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားကောင်စီ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Muhamad Mohd Hanif တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ တက္ကသိုလ်များအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက ပြိုင်ပွဲဝင်နိုင်ငံများ၏ အသင်းခေါင်းဆောင်များကို (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲ၏ လာဘ်ကောင် ရောဝတီလင်းပိုင်အရုပ်များကို အမှတ်တရပေးအပ်သည်။ **(မျိုးသူဟိန်း)**



ဝူရှူးပြိုင်ပွဲ၌ ရွှေတံဆိပ်ရခဲ့သည့် အေးသစ္စာမြင့် ယှဉ်ပြိုင်နေစဉ်။

# အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ ရွှေတံဆိပ်တစ်ခု စတင်ဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ စတင်ကျင်းပရာ မြန်မာဝူရှူးအဖွဲ့က ရွှေတံဆိပ်တစ်ခု စတင်ဆွတ်ခူးရရှိသည်။

ယင်းပြိုင်ပွဲတွင် ထောက်လု (သရုပ်ပြ) နှင့် ဆန်းဆို (အတိုက်) ပြိုင်ပွဲ ထည့်သွင်းကျင်းပလျက်ရှိပြီး ပထမနေ့တွင် ထောက်လုအမျိုးအစား၌ ပြိုင်ပွဲငါးမျိုး ကျင်းပသည်။ မြန်မာဝူရှူးအဖွဲ့အတွက် ပထမဆုံးရွှေတံဆိပ်ဆုကို အေးသစ္စာမြင့်က အမျိုးသမီးနန်းချွမ် ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ပြီး ၉ ဒသမ ၆၁ မှတ်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မလေးရှားကစားသမားက ၉ ဒသမ ၆၀ မှတ်ဖြင့် ငွေတံဆိပ်ရခဲ့ပြီး အေးသစ္စာမြင့်က ဒသမ ၁ မှတ်အသာဖြင့် ရွှေဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာကစားသမားများဖြစ်သည့် စန္ဒီဦး၊ နှင်းသီရိမောင်၊ ဆောင်းနှင်းဖြူ၊ ဇော်ထက်အောင်တို့မှာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။ နာမည်ကြီး ဝူရှူးအားကစားမယ် စန္ဒီဦးသည် အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် အဆင့် (၄) နေရာဖြင့် ကျေနပ်ခဲ့ရပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ အမျိုးသားထိုက်ချီချွမ်ပြိုင်ပွဲတွင် ငြိမ်းချမ်းကိုကိုက ၉ ဒသမ ၆၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ခန့်မင်းထက်က ၉ ဒသမ ၆၁ မှတ်ဖြင့် ဒုတိယ၊ စင်ကာပူကစားသမား က ၉ ဒသမ ၅၆ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေကာ ငါးဦးဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ◆

